ကြေးမုံ
The Mirror
Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (9-8-2015) (၈၂၈၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူနိုင်ငံအမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဩဂုတ် ၉**

၂၀၁၅ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံထူထောင်သည့် နှစ်(၅၀)ပြည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန် ကင်ယမ်းနှင့် ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့သည်။

**(သတင်းစဉ်)**

## မိုးရွာသွန်းမှုများ


| | |
|---|---|
| လောင်းလုံး | ၃ ဒသမ ၈၂ လက်မ |
| ကော့သောင်း | ၃ ဒသမ ၇၈ လက်မ |
| ဘီးလင်း | ၃ ဒသမ ၃၅ လက်မ |
| လပွတ္တာ | ၃ ဒသမ ၀၃ လက်မ |
| ရေး | ၂ ဒသမ ၇၆ လက်မ |
| ထားဝယ် | ၂ ဒသမ ၃၂ လက်မ |
| ပေါင် | ၂ ဒသမ ၂၈ လက်မ |
| ညောင်ဦး | ၁ ဒသမ ၈၆ လက်မ |

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအားထောက်ပံ့မည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အသင့်ထုပ်ပိုးထားရှိမှုအား ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၃



# သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် တပ်မတော်မှ ပါဝင်ကူညီဆောင်ရွက်



ရေဘေးသင့်ပြည်သူများအတွက် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးနေသည့် တပ်မတော်သားများ။ (ဓာတ်ပုံ-မြဝတီ)

မြန်မာနိုင်ငံတွင် ဇူလိုင်လလယ်ခန့်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ မြစ်ချောင်းများရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်အနေဖြင့် လူနှင့်တိရစ္ဆာန်များ၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်း၊ မြို့ရွာများကို မြစ်၊ ချောင်း ရေကြီးမှုမှ ကာကွယ်ခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများကို သယ်ယူပို့ဆောင်ပေးခြင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုမှ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်း၊ အစိုးရအဖွဲ့၊ တပ်မတော်နှင့် စေတနာရှင်ပြည်သူများမှ လှူဒါန်းသောပစ္စည်းများကို မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ လေယာဉ်/ရဟတ်ယာဉ်/သင်္ဘောများဖြင့်လည်းကောင်း သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဩဂုတ် ၂ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ မင်းပြားမြို့များသို့ လည်းကောင်း၊ ဩဂုတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အဖျောက်မြို့သို့ လည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူ၊ ဟင်္သာတနှင့် ဇလွန်မြို့များသို့လည်းကောင်း သွားရောက်၍ ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ပြီး ရေဘေးအန္တရာယ်ကြုံတွေ့လျက်ရှိသော

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ☆




ကြေးမုံစာတည်းရှုထောင့် ၉-၈-၂၀၁၅၊ တနင်္ဂနွေနေ့

# မေတ္တာတရားပွားများလျှင် ချမ်းသာ

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်ကန်၊ မြောင်းများ ရေလျှံတက်ပြီး မြို့ရွာများ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပေရာ အနိမ့်ပိုင်းမြို့ရွာများ ရေဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကို မြင်တွေ့ရသည်။

ထိုသို့ကြုံတွေ့ရာတွင် ရေဘေးဒဏ်ကို ဆိုးဆိုးရွားရွားခံစားရသော မြို့ရွာနေပြည်သူများအနေဖြင့် ဒုက္ခအခက်အခဲများကို တစ်ပွေ့တစ်ပိုက်ရင်နှင့်စွာခံစားနေကြရပေသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် မကျန်းမာသောသူများအနေဖြင့် မည်မျှဒုက္ခကြီးစွာရောက်နေကြမည်ကို ကိုယ်ချင်းစာစိတ်ဖြင့် စာနာကြည့်မည်ဆိုပါက အထူးသိသာနိုင်ပါသည်။

ထိုသို့ ရေဘေးဒဏ်သင့်နေသောအချိန်ကာလဝယ် အသိဉာဏ်ရှိသော လူသားများမှာ မိမိတို့၏ အသက်ဘေးမှလွတ်မြောက်ရေးနှင့် မိမိတို့ဘဝရပ်တည်ရှင်သန်ရေးအတွက် မိမိတို့ကိုယ်တိုင် ရုန်းကန်လှုပ်ရှားနိုင်မှုနှင့် ကယ်ဆယ်စောင့်ရှောက်ပေးသူများ၏ အကူအညီများကြောင့် ဘေးဒုက္ခနှင့် အလုံးစုံမကြုံတွေ့နိုင်သော်လည်း အထက်ဖော်ပြပါ အားနည်းသောသူများမှာ ဒုက္ခများကို ပို၍ကြုံတွေ့ခံစားရနိုင်ပါသည်။

အထူးသဖြင့် အိမ်မွေး တိရစ္ဆာန်များမှာ ကမ္ဘာမီးလောင် သားကောင်းချနင်းဆိုသကဲ့သို့ ကယ်ရာမဲ့၊ တွယ်ရာမဲ့ဘဝတွင် ဒုက္ခဆင်းရဲများနှင့် ကြုံတွေ့နေရမည်မှာ အမှန်ဖြစ်သည်။ အိမ်တွင်မမွေးသည့် ပတ်ဝန်းကျင်နှင့် တောတောင်များမှ သတ္တဝါများဆိုလျှင် ၎င်းတို့၏ဘဝများ မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို မျှော်မှန်းတွေးဆကြည့်လျှင် သိမြင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဘေးဒုက္ခရောက်နေကြသူ သက်ရှိလူသတ္တဝါအားလုံးတို့အား ဘေးဒုက္ခမကျရောက်သူ သက်ရှိလူသတ္တဝါအားလုံးတို့က ကယ်တင်စောင့်ရှောက်ပေးနိုင်သည့်နည်းလမ်းမှာ နှစ်မျိုးသာရှိသည်။ တစ်နည်းမှာ ကူညီထောက်ပံ့စောင့်ရှောက်ခြင်းနှင့် နောက်တစ်နည်းမှာ မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း ၁၁ နည်းမှ ရှစ်နည်းကို ရွတ်ဆိုပွားများကြရန်ဖြစ်ပါသည်။ ယင်းနည်းရှစ်နည်းမှာ-

(၁) လုံးစုံများစွာ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၂) ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၃) မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၄) ဝေးနေ နီးနေ နှစ်ထွေများစွာ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၅) ဘဝဇာတ်ဆုံး မဆုံးများစွာ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၆) ရှည် တို အလတ် သုံးရပ်ခန္ဓာ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၇) ကြီး ငယ် အလတ် သုံးရပ်ခန္ဓာ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၈) ဆူ ကြုံ အလတ် သုံးရပ်ခန္ဓာ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ ဟူ၍ဖြစ်ပါသည်။

မေတ္တာအကျိုးမှာ ကြီးမားလှပါသည်။ မေတ္တာအကျိုး ၁၁ မျိုးကို ရရှိခံစားနိုင်ပါသည်။ ဤလောက၌ အစွမ်းအထက်ဆုံးနှင့် အင်အားအကြီးမားဆုံးတရားသည် မေတ္တာတရားသာလျှင်ဖြစ်၍ ဖော်ပြပါ မေတ္တာသုတ်တော်ကို လူတိုင်းလူတိုင်း နေ့စဉ်ပွားများရွတ်ဆိုခြင်းဖြင့် ဘေးရန်ခပ်သိမ်းကင်းငြိမ်းသွားမည်ဖြစ်ပါသည်။ ။



## သတင်းမီဒီယာကောင်စီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၈**

သတင်းမီဒီယာကောင်စီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ယုဇနတာဝါရှိ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) အစည်းအဝေးခန်းမ၌ကျင်းပသည်။**(အပေါ်ပုံ)**

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်တက်ရောက်လာကြသူများက သတင်းမီဒီယာကောင်စီတွင် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ မူဝါဒများ၊ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှာပယ်ဖျက်မှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## စာပေမြင့်မှ လူမျိုးတင့်မည်

## ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်း

**နေပြည်တော် ဩဂုတ် ၈**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၈ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၃ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ရှစ်ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၈ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၈၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၅၈ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀၇၁ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၂ ဦး စုစုပေါင်း ၃၈၂၂ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၇၄ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၃၈ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စင်ကာပူနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၉**

၂၀၁၅ ခုနှစ် ဩဂုတ် ၉ ရက်တွင်ကျရောက်သော စင်ကာပူသမ္မတနိုင်ငံထူထောင်သည့် နှစ်(၅၀)ပြည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေရှန်မူဂန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## အထွေထွေရောဂါကု ဆရာဝန်များအတွက် သင်တန်းပို့ချမည်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး ယူနစ်(CME)မှ အထွေထွေရောဂါကုဆရာဝန်များ အတွက် Emergency Management for GPs (2015) သင်တန်းကို ဩဂုတ် ၂၂ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ကြွရောက်ကြရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် ဩဂုတ် ၁၇၊ ၁၈ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအားထောက်ပံ့မည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အသင့်ထုပ်ပိုးထားရှိမှုအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော်ရှိ တောင်သူပညာပေး ဧက(၅၀၀) စံပြစိုက်ခင်း သိုလှောင်ရုံများ၌ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်သမ္မတက ထောက်ပံ့မည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထုပ်ပိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရေဘေးသင့်ပြည်သူများသို့ ဖြန့်ခွဲပေးပို့မည့် အသင့်ထုပ်ပိုးပြီး ပစ္စည်းများမှာ နေရောင်ခြည်စွမ်းအင်သုံးမီးလုံးများ၊ ဆန်အိတ်များ၊ တာပေါ်လင်အစများ၊ ပီနံအိတ်များ၊ မိုးကာအင်္ကျီများ၊ မြေခင်းအစများ၊ အမျိုးသားဝတ်အင်္ကျီများ၊ လုပ်ငန်းသုံးနှင့် အိမ်သုံးဓားများ၊ အခင်းဖျာများ၊ ခြုံစောင်များ၊ သွားတိုက်တံ၊ သွားတိုက်ဆေးနှင့် ဆပ်ပြာများ၊ ပလတ်စတစ်ရေဘူးခွံများဖြစ်ပြီး ပြန်လည်ထူထောင်ရေးဆိုင်ရာပစ္စည်းများကို ဆက်လက်စုစည်းပြီး စဉ်ဆက်မပြတ် ပေးပို့ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပေးပို့သည့် စာနာထောက်ထားကြောင်းသဝဏ်လွှာများ လက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်လမှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်များကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးခဲ့ရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပွတ်တင်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇို အာဘေးတို့မှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပေးပို့သည့် စာနာထောက်ထားကြောင်းသဝဏ်လွှာများ လက်ခံရရှိခဲ့သည်။

ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့မှ ပေးပို့သည့် စာနာထောက်ထားကြောင်းသဝဏ်လွှာများလက်ခံရရှိခဲ့ပြီး ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြင်သစ်နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှလည်း ဝမ်းနည်းကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံအသီးသီးမှ အစိုးရများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို ဆက်လက်ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရေဘေးသင့် ပြည်သူများသို့ ဖြန့်ဝေပေးမည့် ပြန်လည် ထူထောင်ရေး ဆိုင်ရာ ပစ္စည်းများကို တွေ့ရစဉ်။**
(သတင်းစဉ်)



# ကင်းထောက်မောင်မယ်များ သဘာဝဘေးအန္တရာယ်တွေ့ကြုံနေရသော မိဘပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများစုဆောင်း

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ကင်းထောက်အဖွဲ့ ဖွဲ့စည်းပြီးဖြစ်သော ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းအသီးသီးမှ ကင်းထောက် မောင်မယ်များနှင့် တက္ကသိုလ်ကင်းထောက်မောင်မယ်များသည် မိမိတို့ကျောင်းများအလိုက် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပူးပေါင်းကာ လူမှုရေးလှုပ်ရှားဆောင်ရွက်မှုတစ်ခုအဖြစ် သဘာဝဘေးအန္တရာယ်တွေ့ကြုံနေရသော မိဘပြည်သူများအတွက် ကျောင်းများအလိုက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ စုဆောင်းမှုကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများတွင် ဆောင်ရွက်လျက်ရှိသည်။

အလားတူ မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အခြေခံပညာကျောင်းများတွင် ဖွဲ့စည်းထားသော ကင်းထောက်မောင်မယ်များကလည်း မိမိတို့အစီအစဉ်ဖြင့် သဘာဝဘေးအန္တရာယ် တွေ့ကြုံနေရသော မိဘပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ကင်းထောက်လှုပ်ရှားမှုအဖြစ် စုဆောင်းလှူဒါန်းဆောင်ရွက်ကြရန် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်က နှိုးဆော်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများမှ ကင်းထောက်မောင်မယ်များနှင့် တက္ကသိုလ်ကင်းထောက်မောင်မယ်များက စုဆောင်းရရှိသည့် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ရန်ကုန်မြို့ အထက(၄)အလုံ ခန်းမ၌ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်။

ထို့ပြင် ကင်းထောက်ကြီးများနှင့် လှူဒါန်းလိုသော အလှူရှင်များက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံး အမှတ်(၂၄၀/စီ) စက်ဆန်းရပ် အထက်ပုဇွန်တောင်လမ်း ရန်ကုန်မြို့ရှိ ဖုန်း-၀၉၂၆၃၃၁၀၉၀၆၊ ၀၉၂၆၃၃၁၀၉၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဩဂုတ် ၁၂ ရက်တွင် ကျင်းပမည့်လှူဒါန်းပွဲတွင်လည်း ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကိုလတ်-သတင်းစဉ်)**

## ကလေးမြို့နယ်တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကလေး ဩဂုတ် ၈။** ကလေးမြို့တွင် ရေများကျဆင်းသွားပြီဖြစ်၍ ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးရုံသုံးပစ္စည်းများ ပြန်လည်နေရာချခြင်းလုပ်ငန်းများကို ယနေ့တွင် ဆည်မြောင်းဦးစီးဌာနမှ လူအင်အား ၅၅ ဦး၊ ရေကား တစ်စီး၊ မြေသယ်ယာဉ် တစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး ရေပိုက်လိုင်းပြင်ဆင်ခြင်းလုပ်ငန်းများ၊ မီးလိုင်းများ တပ်ဆင်ပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကလေးမြို့ အထက(၁)ကျောင်းဝင်းအတွင်းရှိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဘက်ဟိုးယာဉ်နှစ်စီးဖြင့်လည်းကောင်း၊ ဗိုလ်ချုပ်လမ်းပေါ်တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းကို မြေကော်ယာဉ် နှစ်စီး၊ မြေသယ်ယာဉ် သုံးစီးဖြင့်လည်းကောင်း၊ ပင်လုံလမ်းပေါ်တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းကို မြေကော်ယာဉ် တစ်စီး၊ မြေသယ်ယာဉ် သုံးစီးတို့ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်

**နေပြည်တော် ဩဂုတ် ၈**

ဇွန်၊ ဇူလိုင်လများအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းများကို ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထိုသို့လှူဒါန်းရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ဇနီး ဒေါ်စုညွန့်ဦး ဘဏ္ဍာရေးဝန်ကြီးဌာန မိသားစုက ငွေကျပ် ၉၂ ဒသမ ၅၄၃ သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများက ငွေကျပ် ၃၃ ဒသမ ၃၈၈ သိန်း၊ ရတနာပုံတယ်လီပို့ နေပြည်တော်ရုံးခွဲက ငွေကျပ် သိန်း ၅၀၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အေးသုခမြို့ဦးကျောင်းဆရာတော် ဦးပညာစက္ကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ငွေကျပ်၂၆ သိန်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ အစ္စလာမ်ဘာသာဝင်များက ငွေကျပ် ၃၂ သိန်း၊ ဦးဇာနည်မင်းမောင်-ဒေါ်သီရိသိန်းမြင့် မိသားစုက ငွေကျပ်တစ်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများက (ပထမအကြိမ်) ငွေကျပ် ၄ ဒသမ ၇၇၆ သိန်း၊ ဗိုလ်လောင်းအမှတ်စဉ်(၈၆) ကျောင်းဆင်းအရာရှိများက ငွေကျပ်တစ်သိန်း၊ ဇေယျာသီရိမြို့နယ် စည်ပင်ကြီးအုပ်စု ကျောင်းကမ်းကြီးကျေးရွာ ရွာသူရွာသားများက ငွေကျပ်တစ်သိန်း၊ ဦးညွန့်တင်-ဒေါ်နန်းရွှေမြင့် မိသားစုက ငွေကျပ်သုံးသိန်း၊ ဒေါ်အေးအေး(ဒေါ်ငွေငွေ) ပျဉ်းမနားမြို့က ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်စန်းလှနွယ် (သမီး) မအိအိခိုင် ပျဉ်းမနားမြို့က ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့အချိန်ထိ ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေရရှိမှု စုစုပေါင်းမှာ ငွေကျပ် ၄၈၇၉ ဒသမ ၉၁၃၅ သိန်း၊ အမေရိကန်ဒေါ်လာ ၆၅၅၀၊ ထိုင်းဘတ် ၄၀၂၀၀၊ မလေးရှားရင်းဂစ် ၂၀၀၀ ရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဟသ်ာတမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများထံ သောက်သုံးရေများနှင့် စားသောက်ဖွယ်ရာများ အဆက်မပြတ် လှူဒါန်းလျက်ရှိ

**ဟသ်ာတ ဩဂုတ် ၈**

ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေလွှမ်းမိုးခံရသောဟသ်ာတမြို့နယ် အတွင်းရှိကျေးရွာများနှင့် ရေဘေးသင့်ပြောင်းရွှေ့မိသားစုများအတွက် အရေးပေါ်လိုအပ်လျက်ရှိသော သောက်သုံးရေသန့်များနှင့် စားသောက်ကုန်ထောက်ပံ့ပစ္စည်းများကို အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းရာ ဟသ်ာတမြို့ ဦးပါရဲဘုရား ဆိပ်ကမ်းမှတစ်ဆင့် စက်လှေများဖြင့် သယ်ယူ၍ ရေဘေးသင့်မိသားစုများထံသို့ ခရိုင်နှင့်မြို့နယ် ရေဘေးကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီများဖြင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းလျက်ရှိသည်။

ဧရာဝတီမြစ်ရေမှာလည်း ဟသ်ာတမြို့တွင် ၄၈ ဒသမ ၁၅ လက်မအထိ မြင့်တက်ခဲ့ရာမှ ယနေ့ နံနက် ၁၁ နာရီအချိန်တိုင်းထွာချက်အရ ၄၇ ဒသမ ၉၀ လက်မ သို့ ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဩဂုတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် သုံးပေမှ လေး ပေခန့် လက်ရှိရေမှတ်များ၏အထက်မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ဆိပ်သာမြို့၊ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ခုနစ်ပေခန့် လက် ရှိရေမှတ်များအောက်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်သည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခန့်နှင့် မော်လိုက်မြို့၊ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေး ပေခန့် လက်ရှိရေမှတ်များ၏အထက်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ထောက်ပံ့ရေးပစ္စည်းများ အဆက်မပြတ်ရောက်ရှိ

**စစ်တွေ ဩဂုတ် ၈**

ရခိုင်ပြည်နယ်သည် ရေဘေးသင့်တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုအနက် ရေဘေးဒဏ်ပိုမိုခံစားရသည့် ဒေသတစ်ခုဖြစ်သည်။ ရေဘေးသင့်ဒေသများသို့ နိုင်ငံတော်အစိုးရကလည်း ဘက်ပေါင်းစုံမှ ကယ်ဆယ်ကူညီထောက်ပံ့ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေသည်ကို ကြားသိတွေ့မြင်ရသလို ပြည်သူများကလည်း လူသားချင်းစာနာထောက်ထားသောစိတ်ဖြင့် ဝိုင်းဝန်းလှူဒါန်း ပံ့ပိုးပေးနေသည်မှာ အားလုံးအသိဖြစ်သည်။



ဦးသန့်ဇင်အောင်
လေယာဉ်မှူး

ယနေ့ ဩဂုတ် ၈ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မှ စစ်တွေသို့ မြန်မာ့အမျိုးသား လေကြောင်းလိုင်း UB-205 ဖြင့် ထွက်ခွာရာ စစ်တွေလေဆိပ်သို့ ညနေ ၄ နာရီခန့်တွင် ရောက်ရှိသည်။ ပါလာသည့်ခရီးဆောင်အိတ်ဆွဲပြီး အဆင်းတွင် လေယာဉ်ဆီသို့ ချဉ်းကပ်လာသည့်တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများကိုတွေ့၍ လေ့လာစဉ် လေယာဉ်ပေါ်၌ပါရှိသော ပစ္စည်းများကို လေယာဉ်တံခါးဖွင့်သည်နှင့် ဝိုင်းဝန်းကာ တစ်တပ်တစ်အား သယ်ချကြသည်ကို တွေ့မြင်ရသဖြင့် ကွင်းပြင်သို့မထွက်တော့ဘဲ ကင်မရာနှင့် အသံဖမ်းစက်ထုတ်၍ သတင်းသမားပီပီ မေးမြန်းမိတော့သည်။

စတင်၍မေးမြန်းမိသူ မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူး ဦးသန့်ဇင်အောင်က "ကျွန်တော် လေယာဉ်နဲ့ ထောက်ပံ့ရေးပစ္စည်းတွေ လာပို့တာ အခုအကြိမ်နဲ့ဆို စစ်တွေကို နှစ်ကြိမ်ရှိပါပြီ။ ပထမအကြိမ် ပို့တုန်းကလည်း တန်ချိန်လေးတန်ခွဲလောက်ပါတယ်။ ဒီနေ့လည်း ပစ္စည်းစုံလေး တန်ခွဲလောက်ပါတယ်။ အခုလို ကူညီခွင့်ရတဲ့အတွက် အများကြီး စိတ်ချမ်းသာတယ်။ ကျွန်တော်တို့ လေယာဉ်မှူးတွေက ကောင်းကင်ကသွားနေရတော့ ရေတွေဘယ်လောက်များတယ်ဆိုတာ ကျွန်တော်တို့ပိုသိတာပေါ့။ အခုလို ရေဘေးသင့်ပြည်သူတွေအတွက် တာဝန်ပေးရင် ပေးသလို ဆက်ပြီး ကူညီပေးသွားမှာပါ"ဟု ရင်တွင်းစကား ပြောပြသွားသည်။

ဒုတိယ တွေ့ဆုံမေးမြန်းမိသူ တပ်မတော်မှ အရာရှိတစ်ဦးကလည်း "ကျွန်တော်တို့ တပ်မတော်သားတွေက ပထမဆုံး သန့်ရှင်းရေးတွေကို ပြည်သူတွေနဲ့အတူ ဝိုင်းကူလုပ်ပေးကြပါတယ်။ သန့်ရှင်းရေးကိစ္စပြီးသွားတော့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေလှူဒါန်းလာတဲ့ပစ္စည်းတွေ လေယာဉ်ရောက်လာတိုင်း ရဲတပ်ဖွဲ့ဝင်တွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့အတူ ဝိုင်းကူပြီး သယ်ချပေးနေပါတယ်။ လေယာဉ် တစ်စင်းဆိုက်တိုင်း အချိန်မလစ်ဟင်းအောင် အမြန်ဆုံးသယ်ချပေးပါတယ်။ ကျွန်တော်တို့နဲ့အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ စေတနာ့ဝန်ထမ်းအဖွဲ့တွေက လုပ်အားလိုအပ်တဲ့နေရာတွေမှာ ဖြည့်ဆည်းကူညီသွားမှာပါ"ဟု ရှင်းပြသွားသည်။

စစ်တွေမြို့သို့ ရောက်ရှိချိန်တွင် လေယာဉ်ကွင်းထဲ၌ ပရဟိတအလှူရှင်တစ်ဖွဲ့ဖြစ်သော လေးကျွန်းသူအဖွဲ့ကိုတွေ့၍ လေ့လာကြည့်မိရာ ယင်းအဖွဲ့သည် ဩဂုတ် ၉ ရက်တွင် ပေါက်တော၊ မင်းပြားမြို့နယ်များဘက်သို့ ရေယာဉ်များဖြင့်သွားရောက်ကာ ဆန်၊ ရေသန့်ဘူး၊ ရေသန့်ဆေးဘူး၊ ပုဆိုး၊ အမျိုးသမီးဝတ်မျိုးစုံ၊ ပန်းကန်၊ ဆေးဝါး၊ လျှပ်စစ်ပစ္စည်းများနှင့် အသုံးအဆောင် အစားအသောက်တို့ကိုသွားရောက်လှူဒါန်းမည်ဟု သိရသဖြင့် ဝမ်းသာဂုဏ်ပြုစကားဖြင့် နှုတ်ဆက်ခဲ့သည်။

**ငွေအောင်(ကြေးမုံ)**

# ရေဘေးရန်ပုံငွေအတွက် တေးရေးဆရာများ၏ Myanmar PRO အဖွဲ့က အထူးဂီတဖျော်ဖြေရောင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

တေးရေးဆရာများ စုပေါင်းဖွဲ့စည်းထားသော Myanmar PRO အဖွဲ့၏ စီစဉ်မှုဖြင့် နာမည်ကျော် တေးထုတ်လုပ်သူများ၊ ဂီတအနုပညာရှင်များက ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ရေဘေးရန်ပုံငွေအတွက် အထူးဂီတဈေးရောင်းပွဲတော် ကျင်းပကာ ရရှိသော အကျိုးအမြတ်များကို ရေဘေးသင့်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အိပ်မက်ဆုံရာ ရာသက်ပန် Winner ဆုရှင် တေးသံရှင် အောင်ထက်က "ကျွန်တော်တို့ သွေးချင်းများ ဖြစ်တာကြောင့် တတ်နိုင်တဲ့အပိုင်းက အစွမ်းကုန် ကူညီနေမှာပါ၊ စိတ်အားမငယ်ကြပါနဲ့လို့ပဲ ပြောချင်ပါတယ်"ဟုပြောသည်။

အဆိုပါ အထူးဂီတဈေးရောင်းပွဲတော်ကို အခမဲ့ကြည့်ရှုနိုင်ပြီး ရေဘေးရန်ပုံငွေအဖြစ် မည်သူမဆို လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုတော် ဝိုင်းလေးက " ပရိသတ်တွေနဲ့ အနုပညာရှင်တွေ တစ်သားတည်းစုပေါင်းပြီး ရေဘေးသင့်ပြည်သူတွေအတွက် လှူဒါန်းတာပါ။ ကိုယ်ပင်ပန်းတာထက် ဒုက္ခရောက်သူတွေ ပိုပြီး ခံစားရတာတွေ့ရတော့ ပရဟိတလုပ်ငန်းတွေ ဆက်လက်လုပ်သွားဖို့ရှိပါတယ်"ဟုပြောသည်။

တေးရေးဆရာ ရွှေဂျော်ဂျော်ကလည်း " အခုပွဲမှာ အကြီးတန်း တေးသံရှင်တွေဖြစ်တဲ့ ဇော်ဝင်းထွဋ်၊ မေဆွိ ၊ တူးတူးတို့တွေက အစအလယ်ခေတ်အနုပညာရှင်တွေရော၊ ဒီနေ့ခေတ် နီနီခင်ဇော်၊ စိုင်းစိုင်းခမ်းလှိုင်တို့ရော နောက်ဆုံး Rap ဂီတလူငယ်တချို့ပါ ပါဝင်ဖို့စီစဉ်ထားတယ်။ ပထမဆုံးအနေနဲ့ တေးရေးဆရာအဖွဲ့က ကျင်းပဖြစ်တာပါ၊ အထူးဂီတ ဈေးရောင်းပွဲဆိုတော့နာမည်ကျော်တေးထုတ်လုပ်ရေးနဲ့ တေးသံသွင်းဆိုင်တွေက အမှတ်တရတေးAlbum စီဒီချပ်တွေကို စုစည်း ရောင်းချသွားပြီး ရေဘေးရန်ပုံငွေလှူဒါန်းသွားမယ်။ အနုပညာရှင်တွေကိုလည်း ပရိသတ်နဲ့ ဓာတ်ပုံတွဲရိုက်နိုင်အောင်၊ နောက်ပြီး ပန်းချီ ဆရာတွေက ပုံတူရေးဆွဲပေးတာတွေကိုပါ လုပ်ပြီး ရန်ပုံငွေရှာဖို့ စီစဉ်ထားတယ်၊ တကယ်လိုအပ်နေတဲ့ ဒေသတွေကို လှူဒါန်းသွားမှာပါ။ မန္တလေးမှာလည်းစီစဉ်နေတယ်၊ လှူဒါန်းငွေနဲ့ စရိတ်စက မျှတမှုရှိအောင် ချိန်ပြီးသွားမယ်၊ အဓိက ပြောချင်တာက အလှူခံတဲ့သူရဲ့ လိုအပ်နေတဲ့ ပစ္စည်း၊ အရေအတွက်နဲ့ လှူမယ့်သူရဲ့ ပစ္စည်းအမျိုးအစားတွေ သယ်ယူပို့ဆောင်ပေးတဲ့သူတွေ အားလုံးသေသေချာချာ ကွင်းဆက်မိအောင် ချိတ်ဆက်ထားဖို့လိုပါတယ်။ မလိုအပ်တဲ့ နေရာတွေမှာ ပုံနေတာမျိုး မရှိစေဘဲ ထိရောက်တဲ့ အလှူဖြစ်ဖို့၊ စိတ်ပါတုန်းခဏပဲ လုပ်ရမှာမျိုး မဟုတ်ဘဲ လပေါင်းများစွာ ပြန်လည်ထူထောင်ရေးအတွက်ပါ စဉ်းစားပြီး လုပ်ဆောင်ရမယ်လို့ထင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း တိုးချဲ့လုပ်ဆောင်သွားဖို့ ကျွန်တော်တို့ တေးရေးဆရာတွေ စုပေါင်းတိုင်ပင်နေပါတယ်"ဟုဆိုသည်။

အဆိုပါ တေးရေးဆရာအဖွဲ့ကို လွန်ခဲ့သည့် သုံးလခန့်က ဖွဲ့စည်းခဲ့ပြီးတေးထုတ်လုပ်သူများ၊ အဆိုတော်များ၊ အတီးသမားများ၊ စက်မှုပိုင်းဆိုင်ရာအတတ်ပညာရှင်များလည်း ပါဝင်ကြောင်း သိရသည်။ **(ဝင်းဝင်းမော်-မြတ်စန္ဒီ)**

# ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကလေးမြို့ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (မြဝတီ)

**နေပြည်တော် ဩဂုတ် ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကလေးမြို့သို့ရောက်ရှိပြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စမ်းမြို့ရပ်ကွက်ရှိ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းနှင့် တာဟန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိရေကျသွားပြီဖြစ်၍ မိမိတို့၏နေအိမ်များ၌ပြန်လည်နေထိုင်နိုင်ရန်အတွက် ရေကြီးစဉ်တင်ရှိနေသည့် နုန်းများကို မြေထိုးစက်၊ မြေကော်စက်၊ မြေညှိစက် စသည့် စက်ယန္တရားကြီးများနှင့် အခြားလိုအပ်သည့် ရေစုပ်စက်၊ မီးစက်များပို့ဆောင်၍ ဝိုင်းဝန်းရှင်းလင်း ဖယ်ရှား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိကယ်ဆယ်ရေးစခန်းများတွင်လည်း မိမိတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်၍ ရသည့်အချိန်အထိ တာဝန်ရှိသူများက နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ခွင့်မပြုတော့ဟု ပြောဆိုနေမှုများမှာ မမှန်ကန်ကြောင်း၊ ယခုရေဘေးကိစ္စရပ်များနှင့် ပတ်သက်၍ အချို့သတင်းဌာနများသည် လူမှုကွန်ရက်ကို အသုံးပြု၍ မမှန်မကန်ချဲ့ကားပြောဆိုမှု များစွာရှိကြောင်း၊ မိမိရပ်ရွာသို့ ပြန်လည်ရောက်ရှိပါက ကျန်းမာရေးအတွက် ဂရုစိုက်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ တပ်မတော်၊ ပြည်သူ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း ပြည်ပ အကူအညီများဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေသော စေတနာ့ဝန်ထမ်းဆရာဝန်အဖွဲ့နှင့် တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများအား စခန်းအလိုက်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများ၌ ရေလွှမ်းမိုးခံခဲ့ရပြီး ရေပြန်လည်ကျသွားချိန် နုန်းများတင်ကျန်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

ထို့နောက် ဇင်းကလင်းကျေးရွာနှင့် ချင်းဆိုင်ကျေးရွာကြားတွင် ဇီးချောင်းမှ ချောင်းရေလျှံကာ ရေတိုက်စားသဖြင့် ကလေး-ဂန့်ဂေါ ကားလမ်းပျက်စီးနေမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှု၍ ဆက်သွယ်ရေး မပြတ်တောက်စေရန် လတ်တလော သံပေါင်ဘေလီတံတားကို အမြန်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သံပေါင်များကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးနိုင်ရေး၊ ကားလမ်းကြောင်းတစ်လျှောက် တင်ကျန်ရစ်သော သစ်ပင်၊ သစ်ကိုင်းကြီးများနှင့် နုန်းများ ရှင်းလင်းရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တပ်မတော်ရိက္ခာစပါးသိုလှောင်ရုံများတွင် ရိက္ခာစပါးများ ရွှေ့ပြောင်းနေမှုကိုကြည့်ရှုစစ်ဆေး၍ ရေစိုစပါးများ အလေအလွင့်နည်းပါးစေရေးနှင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း စနစ်ကျန မှန်ကန်မှုရှိစေရေး ဘုတ်အဖွဲ့ဖွဲ့စည်းဆောင်ရွက်သွားရန်တို့အား မှာကြားခဲ့သည်။

ကလေးမြို့နယ်အတွင်း ဇူလိုင် ၂၂ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြစ်သာမြစ်ရေမှာ စိုးရိမ်ရေမှတ် အထက် ၇၇၂ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး မြစ်ရေလျှံမှုကြောင့် ကလေးမြို့ပေါ် ရပ်ကွက် ၉ ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၆၂ ရွာသို့ ရေဝင်ရောက်ခဲ့ကာ ရေများပြန်လည်ကျဆင်းသွားချိန်တွင် နုန်းမြေများစွာ တင်ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိရသည်။ ယနေ့အထိ ကလေးမြို့နယ်အတွင်း ရေဘေးသင့်အိမ်ထောင်စု ၁၅၄၇၆ စု၊ လူဦးရေ ၆၉၄၃၆ ဦးတို့အား ကယ်ဆယ်ရေးစခန်း ၂၂ ခု ဖွင့်လှစ်ပြီး စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

# ရေဘေးသင့်ပြည်သူများအတွက် စားဝတ်နေရေးနှင့်ကယ်ဆယ်ရေး ဆောင်ရွက်



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဟားခါးမြို့ ရေဘေးသင့် ပြည်သူများအတွက် ဆန်များပေးအပ်စဉ်။ (မြဝတီ)

**နေပြည်တော် ဩဂုတ် ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိကြပြီး ပြည်နယ်အစိုးရရုံးသာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တွေ့ဆုံ၍ ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများမှာ ထင်မှတ်ထားသည်ထက် ပိုမိုများပြားသည်ကို တွေ့မြင်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် အသက်ဘေးအန္တရာယ် မရှိအောင် ရွှေ့ပြောင်းပေးရခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် စားဝတ်နေရေးနှင့်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ တပ်မတော်အနေဖြင့် စားရေးအတွက်အဓိကလိုအပ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲတို့အား လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် အတတ်နိုင်ဆုံး ထောက်ပံ့ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့မှ ဘိလပ်မြေအိတ်တန် ၁၀၀၀ အပါအဝင်၊ အမိုးသွပ် အချပ် ၅၀၀၀၊ သံချောင်းလုံးနှင့် အိမ်ရိုက်သံတို့ကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ကားလမ်းများ ပိတ်ဆို့နေမှုများကို ပြုပြင်ဖယ်ရှားရှင်းလင်းရာတွင်လည်း တပ်မတော်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်းတောင်ပြိုကျမှုအခြေအနေကို ဘူမိဗေဒပညာရှင်များဖြင့် စစ်ဆေးဆောင်ရွက်ရာတွင်လည်း ပြည်သူများနားလည်အောင် ရှင်းလင်းပြောကြားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်ကြွမ်ဘိခန်းမ၌ သဘာဝဘေးဒဏ်သင့် ပြည်သူများအား တွေ့ဆုံရာတွင် လက်ရှိကားလမ်းအခက်အခဲရှိချိန် ဆန်၊ ဆီ၊ ဆား၊ ပဲတို့အား လေကြောင်းမှ သယ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ကားလမ်းများပျက်စီးမှုများကိုလည်း ဝိုင်းဝန်းကူညီပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ရေရှည်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှက ဆန်နှင့်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ ဆက်လက်ပြီး ရန်းတောင်ပြိုကျမှုကြောင့် ဟားခါးမြို့ဟောင်း မြေပြိုကျမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် ဟားခါး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ်(၂/၂)နှင့် (၂/၃) ကြားတွင် လမ်းပြိုကျနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး တပ်ဧရိယာအတွင်းမှ ရှောင်ကွင်းလမ်းဖောက်လုပ်ရန်အတွက် လမ်းအူကြောင်း ရှာဖွေရေးညှိနှိုင်းဆွေးနွေးကြသည်။

ဎင်းနောက် စစ်ဗျူဟာအဖွဲ့(အခြေချ) (ဟားခါး)ရှိ တပ်နယ်ခန်းမတွင် ဟားခါးတပ်နယ်မှ အရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ စစ်ဗျူဟာမှူးကလက်ခံသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)အစည်းအဝေးခန်းမတွင် ကလေးတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိများကို တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်ပေးနေသည့် တပ်မတော်သားများအတွက်ထောက်ပံ့ငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# သဘာဝရေဘေးကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသားများအား ကျောင်းသုံးပစ္စည်းများပေးအပ်

**ရန်ကုန် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ သဘာဝရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီသည် ယနေ့မွန်းလွဲပိုင်းကသွားရောက်တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာ၊ ကျောင်းသုံးပစ္စည်းများနှင့် ထောက်ပံ့ကြေးများကို တွေ့ဆုံပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် သဲအင်းဂူရိပ်သာရှိ ရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၇)ရပ်ကွက် ရွှေဟင်္သာတောရရာပြည့်မွေ့ဗိမာန်ရှိကယ်ဆယ်ရေးစခန်းများတွင် ရေဘေးရှောင်ခိုလှုံလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာ၊ ကျောင်းသုံးပစ္စည်းများ၊ ထောက်ပံ့ကြေးများအား ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ထောက်ပံ့သည်။

သဘာဝရေဘေးအန္တရာယ် ဒဏ်ခံခဲ့ရသည့် ညောင်တုန်းမြို့နယ်မှ ကျောင်းသား ကျောင်းသူများအတွက် ဗလာ စာအုပ် ဒါဇင် ၃၄၀၊ ကျောင်းဝတ်စုံ ၁၆၀ နှင့် စာရေးကိရိယာပစ္စည်းများအပါအဝင် ထောက်ပံ့မှုများပေးအပ်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းလုံးရှိ သဘာဝရေဘေးအန္တရာယ် ဒဏ်ခံခဲ့ရသည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများပေးပို့ထောက်ပံ့ခြင်း၊ ကျောင်းများ ပြန်ဖွင့်သည့်အခါ ကျောင်းပြန်လည်တက်ရောက်နိုင်ရေးအတွက် ထောက်ပံ့ကြေးများပေးအပ်ခြင်းနှင့် ပျက်စီးဆုံးရှုံးခဲ့သည့်ကျောင်းများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပညာရေး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် မော်တော်ယာဉ်များအား ခဲဖြင့်ပစ်ပေါက်သူများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၈**

ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် (၁၉၁/၅) နှင့် (၁၉၁/၆) အကြားတွင် ဩဂုတ် ၅ ရက် ည ၁၀ နာရီခန့်က ရန်ကုန်မှနေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 9C/--- Elite ခရီးသည်တင်မှန်လုံယာဉ်၊ 5F/--- ပါဂျဲရိုးငွေမင်ရောင်ယာဉ်၊ 2I/--- အာဖက်အဖြူရောင်ယာဉ်တို့အား ခဲဖြင့် ပစ်ပေါက်ခံရသဖြင့် ခဲဖြင့်ပစ်ပေါက်သူများအား အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များက ၄၅ မိနစ်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူရှစ်ဦးအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# 4 TV နွေးထွေးသောကမ်းလက်များမိသားစုက ရေဘေးသင့်ဒေသများအတွက် လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့

**ရန်ကုန် ဩဂုတ် ၈**

4 TV နွေးထွေးသောကမ်းလက်များမိသားစု၏ ကနဦး မတည်လှူဒါန်းငွေကျပ်သိန်းတစ်ထောင်နှင့် Forever Group ၏ မိတ်ဖက်အလှူရှင်များ၊ အခြားစေတနာရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ရေဘေးသင့်ဒေသများသို့ ဆက်လက်ကူညီထောက်ပံ့ရန် Forever Group မှ တာဝန်ရှိသူများနှင့် ဝန်ထမ်း ၁၀၀၀ ကျော်တို့သည် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း Myanmar Event Park ၌ ထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျထုပ်ပိုး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ယနေ့နံနက် ၁၀ နာရီတွင် Myanmar Event Park ၌ ထောက်ပံ့ရေးပစ္စည်းများ စီစဉ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

4 TV နွေးထွေးသောကမ်းလက်များ မိသားစုအစီအစဉ်မှ အိမ်ထောင်စုဝင် ငါးဦး အသုံးပြုနိုင်ရန် ဆေးဝါးနှင့်အသုံးဝင်မည့်ပစ္စည်း အမျိုးပေါင်း ၃၀ ကျော်ပါဝင်သည့်ပလတ်စတစ်ပုံးကြီး ၇၀၀၀ နှင့် အိမ်ထောင်စုဝင်သုံးဦး အသုံးပြုရန် အဆိုပါပစ္စည်းများပါဝင်သည့် ပလတ်စတစ်ပုံးသေး ၁၆၀၀၀ ကိုရေဘေးသင့်ဒေသများသို့ပေးပို့ထောက်ပံ့လျက်ရှိသည်။

အဆိုပါပုံးများတွင် နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်အတွင်းရေဘေးသင့်ပြည်သူများအတွက် နေ့စဉ်သုံးလိုအပ်သည့်ပစ္စည်းများပါဝင်စေရေး လမ်းညွှန်ချက်နှင့်အညီ ဆန်၊ ငါးခြောက်ကျော်၊ မာမားခေါက်ဆွဲ၊ ယုဇနလက်ဖက်၊ ဘီစကွတ်အထုပ်ကြီး၊ PEP နို့မှုန့်၊ ကွေကာ၊ ရေသန့်၊ ခါတ်ဆား၊ သီးစုံခါတ်ဆား၊ ရေသန့်ဆေးပြား၊ ဆရာခိုဆေးဘူး၊ ဖယောင်းတိုင်၊ မီးခြစ်၊ ရေစစ်၊ နိုင်လွန်ကြိုး၊ပလတ်စတစ်ကြိုး၊ ဓား၊ စတီးပန်းကန်၊ ဇွန်း၊ ရေခွက်၊ ဇလုံအကြီး၊ ဓာတ်မီး၊ ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်၊ စောင်၊ ပုဆိုး၊ ပီနံအိတ်နှင့်အပ်တို့ ပါဝင်ကြောင်း သိရသည်။**(အပေါ်ပုံ)**

ယင်းပစ္စည်းများကို ဩဂုတ် ၅ ရက်မှ ၇ ရက်အထိရေဘေးသင့်ဒေသများဖြစ်သည့်ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့သို့ ပုံးကြီးပေါင်း ၁၉၇၀၊ ပုံးသေးပေါင်း ၅၇၁၀ စုစုပေါင်း ၇၆၈၀ ကို 4 TV နွေးထွေးသောကမ်းလက်များ မိသားစုအဖွဲ့သားများက သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသအသီးသီးသို့ ထပ်မံပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကလေးနှင့် တမူးဒေသ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် အဝတ်အထည်၊ စားသောက်စရာများလှူဒါန်း

**မုံရွာ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် ကလေးနှင့် တမူးဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် အဝတ်အထည်များ၊ စားသောက်စရာများ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်သန်းဝင်း၊ ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်၊ ဗဟိုအလုပ်အမှုဆောင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝေဝေခိုင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်သိန်း ၁၀၀၊ အဝတ်အထည်စုံ ပီနံအိတ်ကြီး လေးအိတ်၊ ရေဘေးသင့်ကျေးရွာများရှိ ကိုယ်ဝန်ဆောင်မိခင်များ အသုံးပြုရန်အတွက် အသုံးအဆောင်ပစ္စည်းများအထုပ် ၁၅၀၊ ချောင်းဦးမြို့နယ် မဟာဗောဓိတောရ ရေဘေးချောင်စခန်းရှိ ရေဘေးသင့်ပြည်သူ ၇၂၇ ဦးအတွက် ထမင်းဘူးများ၊ ကြက်ဥနှင့်ကွေကာအုပ်ထုပ်များကို လည်းကောင်း၊ ဆားလင်းကြီးမြို့နယ် ဖောင်တော်နှင့်ပေါင်းဝကျေးရွာရှိ ရေဘေးသင့် ပြည်သူ ၁၀၇၉ ဦးအတွက် ဆန် ၁၀ အိတ်၊ ဆီ ၃၅ ပုလင်းပါတစ်ဖာ၊ ရေသန့်ဘူးကြီး ၁၀၀၊ ရေသန့်ဘူးသေး ကတ် ၃၀၊ မာမား ဖာ ၃၀၊ အချိုရည် ငါးဖာ၊ ကြာဆံ တစ်အိတ်၊ ဆပ်ပြာခဲ နှစ်အိတ်၊ ဆပ်ပြာမှုန့် နှစ်အိတ်၊ အဝတ်အထည် နှစ်အိတ်၊ စောင် တစ်အိတ်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြရာ တာဝန်ရှိသူများက လက်ခံခဲ့ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

# ရေဘေးသင့်ဒေသများသို့ အစားအသောက်၊ ဆေးဝါး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းဖြင့်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့မှုအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်စီမံမှုဖြင့် အစားအသောက်၊ ဆေးဝါးနှင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ယနေ့တွင် လေယာဉ် ၁၅ ခေါက်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ပို့ဆောင်ရာတွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ စစ်တွေလေဆိပ်သို့ ရွှေမြန်မာလေကြောင်း၊ အဲမန္တလေးလေကြောင်း၊ မြန်မာ့အမျိုးသားလေကြောင်းတို့ဖြင့် ခြောက်ခေါက်၊ ကလေးလေဆိပ်သို့ တပ်မတော်လေကြောင်း၊ မြန်မာ့အမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ ရွှေမြန်မာလေကြောင်းတို့ဖြင့် ကိုးခေါက် စုစုပေါင်း ၁၅ ခေါက် ပို့ဆောင်ပေးခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



**✱ ထိပ်ဆုံးမှ**

အသုံးမချနိုင်ခဲ့၍ ဂိုးမရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုက်စစ်ကို ထိန်းချုပ်ရန် ကြိုးပမ်းနေသည့် နေပြည်တော်ခံစစ်ပိုင်းမှာ မိနစ် ၃၀ ကျော်တွင် ဂိုးစပေးခဲ့ရပြီး ၃၄ မိနစ်တွင် ဆီဇာက ပထမဂိုး၊ ၄၃ မိနစ်တွင် ကျော်ကိုကိုက ဒုတိယဂိုးတို့ကို သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းကပင် ဆက်လက်ဖိကစားခဲ့ပြီး ၅၄ မိနစ်တွင် တတိယဂိုးရရှိခဲ့သည်။ ယင်းဂိုးမှာ နေပြည်တော်နောက်ခံလူ ဖြိုးမောင်မောင်ဆွေ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်ကာ နေပြည်တော်အတွက် ချေပဂိုးကို ၈၁ မိနစ်တွင် ကီတာက သွင်းယူခဲ့သည်။

**(သုဝဏ္ဏကွင်း)**
ဧရာဝတီ - တစ်ဂိုး
(သီဟဇော်)
ရခိုင် - ဂိုးမရှိ

**ယနေ့ပွဲ**

**(တောင်ကြီးကွင်း)**
ကမ္ဘောဇ - ချင်း

**(အောင်ဆန်းကွင်း)**
မကွေး-ဟံသာဝတီ

**(သုဝဏ္ဏကွင်း)**
မနောမြေ-ဇွဲကပင်

**သတင်းနှင့် ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

# ရခိုင်ပြည်နယ် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် လယ်ယာသုံးစက်ကိရိယာများပေးပို့

**ရန်ကုန် ဩဂုတ် ၈**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုနှင့် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော လယ်မြေများအား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ဒေါင်ဖန်းလက်တွန်းထွန်စက် အစီး ၁၀၀ အား ရန်ကုန်မြို့ ပင်မပစ္စည်းသိုလှောင်ရုံမှ စစ်တွေမြို့သို့ အမြန်ဆုံးပေးပို့နိုင်ရေးအတွက် ဩဂုတ် ၇ ရက်က စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ထွန်ယက်ရေးလုပ်ငန်းများကို ထွန်စက်ကြီးအစီး ၄၀၊ လက်တွန်းထွန်စက် ၂၂၁ စီးဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယင်းနေ့ကထပ်မံပေးပို့သော အစီး ၁၀၀ အား မြောက်ဦးမြို့နယ်သို့ အစီး ၃၀၊ ကျောက်တော်မြို့နယ်သို့ ၂၅ စီး၊ မင်းပြားမြို့နယ်သို့ အစီး ၂၀၊ ပုဏ္ဏားကျွန်းမြို့နယ်သို့ ၁၀ စီးနှင့် ဘူးသီးတောင်မြို့နယ်သို့ ၁၅ စီးခွဲဝေ၍ တောင်သူများနှင့် လက်တွဲကာ ထိခိုက်ပျက်စီးသော လယ်မြေများ အချိန်မီ ပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

**သစ်တောနဲ့သစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**

# ဟသ္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့များ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟသ္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေခွဲခန့်စီ ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ညောင်တုန်းမြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခု ဖွင့်လှစ်ထား

# စေတနာရှင်များ တိုက်ရိုက်သွားရောက်လှူဒါန်းလိုလျှင် စက်လှေ၊ လမ်းပြတို့ကို စီစဉ်ပေးလျက်ရှိ



ဦးသန့်ဇင်ဝင်း(မီးသတ်ဦးစီးမှူး)

*ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြို့နယ်အတွင်း၌ ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။ ညောင်တုန်းမြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် ရေဘေးရှောင်ပြည်သူများအတွက် ညောင်တုန်းမြို့၌ ကယ်ဆယ်ရေးစခန်း ၁၁ ခုဖွင့်လှစ်ထားကာ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးတို့ကို စောင့်ရှောက်ထားသည်။ ထို့ပြင် ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း ရေဘေးကယ်ဆယ်ရေးစခန်း ခြောက်ခုကိုလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။*

*ညောင်တုန်းမြို့နယ်အတွင်း၌ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၀၈ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၇၀ ခန့်မှာ ရေနစ်မြုပ်မှုဒဏ်ခံနေရပြီး ညောင်တုန်းမြို့ပေါ် ၁၀ ရပ်ကွက်သည် ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်သေးသော်လည်း တာကျိုးပေါက်ခဲ့သည်ရှိသော် ကြိုတင် ပြင်ဆင်မှုအနေဖြင့် ရေဘေးရှောင်နေရကြောင်း တွေ့မြင်ခဲ့ရသည်။ ညောင်တုန်းမြို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကူညီဆောင်ရွက်နေမှု၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီး၊ ပြည်သူလူထု၊ လူမှုရေးအဖွဲ့အစည်း၊ တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ နိုင်ငံရေးပါတီအသီးသီး၊ စေတနာရှင်များက စုပေါင်း၍ ညီညီညွတ်ညွတ် လုပ်ဆောင်နေမှုများကို သတင်းသွားရောက်ယူခဲ့ပါသည်။*

ညောင်တုန်းမြို့နယ်အတွင်း၌ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ပေါင်းစပ်ဖွဲ့စည်း၍ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး ကွပ်ကဲရေးရုံးဖွင့်လှစ်ထားရာ ၂၄ နာရီ အချိန်ပြည့်လုပ်ဆောင်ပေးလျက် ရှိကာ ယင်းကွပ်ကဲရေးရုံးအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည် -



ရေဘေးသင့်ပြည်သူများအား လှူဒါန်းမည့် ကယ်ဆယ်ရေးပစ္စည်းများ။

**ဦးသန့်ဇော်ဦး**

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ ညောင်တုန်းမြို့နယ်**

"ကျွန်တော်တို့ ရေကြီးရေလျှံမှုမဖြစ်ခင် နှစ်ရက်အလို အရေးကြီးချိန်ကတည်းက မြို့ပေါ် ၁၀ ရပ်ကွက်မှာရှိတဲ့ကုန်းမြင့်နေရာတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေမှာ ကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ဖို့ ကြိုတင်နေရာတွေ လေ့လာပြင်ဆင်ထားပြီးပါပြီ။ ဧရာဝတီမြစ်ရေမြင့်တက်ကာ ရေကြီးရေလျှံမှုဖြစ်လာနိုင်တာကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ကြိုတင်အကြောင်းကြားပြီး ရေကြီးလာပါက ပြောင်းရွှေ့ပေးဖို့ မှာကြားထားပါတယ်။ အခုအချိန်အထိ ညောင်တုန်းမြို့နယ်မှာ အသက်အန္တရာယ်ဆုံးရှုံးမှုမရှိပါဘူး။ တချို့



ဧရာဝတီမြစ်ရေမဝင်ရောက်နိုင်ရန် ရေကာတာတမံဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



လုပ်အားပေးပြည်သူများ ခေတ္တနားနေချိန် ထမင်းသုံးဆောင်နေသည်ကို တွေ့ရစဉ်။

နေရာတွေက နှစ်စဉ် ရေအဝင်၊ အထွက်ရှိပေမယ့် ဒီနှစ်လောက်ရေကြီးရေလျှံမှုမဖြစ်တဲ့အတွက် နီးစပ်ရာ အိမ်မြင့်တဲ့ဆွေမျိုးတွေအိမ်သွားနေကြတယ်။ တချို့က ကိုယ့်အိမ်မှာ အဆင့်ထပ်တင်ပြီး နေကြတယ်။ တချို့ကတော့ ကယ်ဆယ်ရေးစခန်းကို လာရောက်နေထိုင်ကြပါတယ်။ အဓိကအခက်အခဲက သူတို့လုပ်စားနေတဲ့ လယ်တွေ၊ ကွမ်းခြံတွေ ရေနစ်မြုပ်သွားတယ်။ အလုပ်မလုပ်နိုင်တဲ့အတွက် စားရေးအခက်အခဲတွေရှိလာတယ်။ ဒါတွေကို နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ တပ်မတော်နဲ့ စေတနာရှင်ပြည်သူတွေက ထောက်ပံ့ပေးလျက်ရှိပြီး နေ့စဉ်ရေဘေးသင့်ပြည်သူတွေနဲ့ ရေဘေးရှောင်ပြည်သူများကို ခွဲဝေပေးပါတယ်။ ရေဘေးသင့်နဲ့ရေဘေးရှောင်ပြည်သူတွေထဲမှာ နေ့စဉ် ထမင်းမစားရသူမရှိပါဘူး။ ဒီလိုပြောရတာကလည်း ဖေ့စ်ဘွတ်မှာ တချို့က အကူအညီအထောက်အပံ့မရလို့ စားရေးသောက်ရေးအခက်အခဲဖြစ်နေတယ်လို့ တွေ့နေလို့ပါ။ ကျွန်တော့်မြို့နယ်မှာ စားရေးသောက်ရေး အခက်အခဲဖြစ်ပေါ်နေရင်လည်း ကွပ်ကဲရေးရုံးကို ချက်ချင်းအကြောင်းကြားပါ။ အချိန်မဆိုင်းဘဲ ချက်ချင်းသွားရောက်ပို့ပေး၊ ကူညီပေးပါတယ်။ စေတနာရှင်တွေကလည်း ရေဘေးသင့်နဲ့ရေဘေးရှောင်ပြည်သူတွေအတွက် တိုက်ရိုက်သွားရောက်လှူဒါန်းလိုပါကလည်း ကွပ်ကဲရေးရုံးသို့ လာရောက်အကြောင်းကြားပါက ဘယ်ရွာကတော့ လှူဒါန်းမှုနည်းတယ်၊ များတယ်ကို စစ်ပြီး ဘယ်ရွာကို သွားရောက်လှူဒါန်းရင်တော့ကောင်းမယ်။ ဘယ်ရွာကတော့ လှူဒါန်းမှုများနေပြီ၊ ဘယ်ရွာကတော့ လှူဒါန်းမှုနည်းသေးတယ်ဆိုပြီး စိစစ်ပေးတဲ့သဘောပါ။ သွားရောက်လှူဒါန်းရင်လည်း စက်လှေတို့၊ လမ်းပြတို့ထည့်ပေးပါတယ်။ အခက်အခဲမရှိအောင်လို့ပါ။ ဒါမှမဟုတ် ကွပ်ကဲရေးရုံးကတစ်ဆင့် သင့်တော်တဲ့နေရာကို လှူဒါန်းပေးပါဆိုရင်လည်း အညီအမျှခွဲဝေကာ မနက်လှူညနေရောက်အောင် လုပ်ဆောင်ပေးပါတယ်။ ကျန်းမာရေးအတွက်တော့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဦးဆောင်ကာ တပ်မတော်သား ဆရာဝန် ဆရာမတွေနဲ့ စေတနာရှင်ဆရာဝန် ဆရာမတွေပူးပေါင်းပြီး ကယ်ဆယ်ရေးစခန်းအနှံ့ နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်တတ်တဲ့ ရောဂါတွေလည်း မရှိသေးပါဘူး။ မဖြစ်ပေါ်အောင်လည်း ထိန်းသိမ်းစောင့်ရှောက်ပေးသွားမှာပါလို့ ဆရာဝန်ကြီးကပြောပါတယ်။ နောက်ဆုံးပြောချင်တာကတော့ မြို့ရဲ့စည်းလုံးညီညွတ်မှုရှိခြင်း၊ အဖွဲ့အစည်းပေါင်းစုံကူညီပေးခြင်း၊ တပ်မတော်သားတွေက ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံရေးပါတီ အသီးသီးတွေက ပံ့ပိုးလုပ်ဆောင်လျက်ရှိခြင်း၊ စေတနာရှင်ပြည်သူတွေရဲ့ နေ့စဉ်မပြတ်လှူဒါန်းပေးခြင်းတို့ကြောင့် ဒီအခက်အခဲတွေကိုကျော်လွှားနိုင်မှာပါ"ဟု ပြောကြားသည်။

**ဦးသန့်ဇင်ဝင်း**

**မြို့နယ်မီးသတ်ဦးစီးမှူး၊ ညောင်တုန်းမြို့**

"ဩဂုတ် ၂ရက်မှ စတင်ကာ ရေဘေးကာကွယ်ရေးလုပ်ငန်းတွေကို စတင်ခဲ့ပါတယ်။ ရေတက်မလာခင်ကတည်းက အသက်ဆုံးရှုံးမှုအန္တရာယ်မဖြစ်အောင် ကြိုတင်ပြောင်းရွှေ့ပေးထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ကြိုတင်ကာကွယ်ရေးအပိုင်းနဲ့ ရှာဖွေကယ်ဆယ်ရေးအပိုင်းတို့ကို ပြုလုပ်ပေးထားပါတယ်။ ကြိုတင်ကာကွယ်ရေးအပိုင်းမှာတော့ ကားတွေပေါ်မှာ အသံချဲ့စက်တွေတပ်ဆင်ထားတယ်။ ရေကြီးလာရင်အရေးပေါ် နှိုးဆော်ဖို့အတွက် ညောင်တုန်းမြို့ပတ်တာကျိုးပေါက်ခဲ့ရင်လည်း မီးသတ်ကားများ ဥသြဆွဲခြင်း၊ မီးသတ်သတိပေးခေါင်းလောင်းတွေတီးပေးခြင်းတို့ကို လုပ်ပေးနိုင်ဖို့ ရေကင်းများ ၂၄နာရီလုံးထားရှိပေးပြီး ရေကြီးမှုကို စဉ်ဆက်မပြတ်စောင့်ကြည့်ပေးနေပါတယ်။ နောက်တာကျိုးပေါက်မှုကို လက်ဦးမှုရရှိအောင် ရေယိုပေါက်၊ ရေစိမ့်ပေါက်တွေ အမြဲစစ်ရပါတယ်။ နောက်တစ်ပိုင်းက ရှာဖွေကယ်ဆယ်ရေးအဖွဲ့စုဖွဲ့ထားတယ်။ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အစီအမံကြိုတင်ရေးဆွဲထားတယ်။ ကယ်ဆယ်ရေးစခန်းတွေ မရောက်နိုင်တဲ့လူတွေကို လိုက်လံရှာဖွေပို့ဆောင်ပေးတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် တိုက်ရိုက်သွားရောက်လှူဒါန်းလိုတဲ့ အလှူရှင်တွေအတွက် မီးသတ်တပ်ဖွဲ့အနေနဲ့ စက်လှေ၊ အသက်ကယ်အင်္ကျီ၊ အသက်ကယ် ဗောကွင်း၊ အသက်ကယ်ကြိုးအပြင် ရှာဖွေကယ်ဆယ်ရေးဝန်ထမ်းတွေပါထည့်ပေးပါတယ်။ လှူဒါန်းသူတွေ အန္တရာယ်ကင်းစေဖို့ပါ"ဟု ပြောကြားသည်။

**ဦးဝင်းကြည်**

**ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

"ကော်မတီအနေနဲ့ ရေဘေးကြုံလာပြီဆိုရင် ထောက်ပံ့ရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကော်မတီရန်ပုံငွေတွေထဲက လိုအပ်တာတွေဝယ်ယူပြီး ရေဘေးသင့်ပြည်သူတွေဆီ အမြန်ဆုံးရောက်အောင်ပို့ဆောင်ပေးပါတယ်။ ကွပ်ကဲရေးရုံးအဖွဲ့နဲ့ စဉ်ဆက်မပြတ် လိုအပ်တာတွေကို ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ ကိုယ့်မြို့ကိုယ့်သဘာဝဘေးအန္တရာယ်မှ ကြံ့ကြံ့ခံအောင် အစွမ်းကုန်ကြိုးစားကာကွယ်သွားမှာပါ" ဟု ပြောကြားသည်။

**ဦးဝင်းမြင့်**

**ဒုတိယဦးစီးမှူး၊ တိုင်းကြက်ခြေနီတပ်ဖွဲ့**

"သဘာဝဘေးအန္တရာယ်မကျရောက်မီကတည်းက အဆင်သင့်ပြင်ဆင်ထားပါတယ်။ ကြက်ခြေနီတပ်ဖွဲ့အနေနဲ့ ညောင်တုန်းမြို့နယ်မှာရှိတဲ့ တပ်ဖွဲ့ ၃၅ ဦး အဆင်သင့်ရှိပါတယ်။ သူတို့တွေအားလုံးကရှေးဦးသူနာပြု သင်တန်းဆင်းပြီးသားတွေပါ။ လိုအပ်ရင် ကူညီဖို့တခြားမြို့နယ်မှာ တပ်ဖွဲ့ဝင်တွေအဆင်သင့်ရှိနေပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပွားရင် အဓိကတော့ ရေနစ်ခြင်းနဲ့ မြွေအန္တရာယ်တွေပါ။ ရေနစ်တာတို့၊ မြွေကိုက်ခံရတာတို့ကို ရှေးဦးသူနာပြုကုသပေးပြီး အချိန်မီ ဆေးရုံသို့ ပို့ဆောင်ပေးဖို့ပါ။ အခုချိန်ထိတော့ ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့ ကြက်ခြေနီတပ်ဖွဲ့ရဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် ဆေးဝါးနဲ့ လူအင်အားက အဆင်သင့်ပြင်ဆင်ထားပြီး အများပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်မှုကို ပြုလုပ်ပေးသွားမှာပါ"ဟု ပြောကြားသည်။

ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်သည် ၂၂ ဒသမ ၅ ပေရှိပြီး စိုးရိမ်ရေမှတ်ထက်ကျော်လွန်၍ ၂၅ ဒသမ ၆ ပေထိ ရောက်ရှိနေသည်။ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ညောင်တုန်းမြို့သည် မြစ်ရေ၏ အောက် သုံးပေတွင် ရောက်ရှိနေပြီး မြို့ပတ်တာကျိုးပေါက်မှုမရှိအောင် အထူးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ညောင်တုန်းမြို့နယ်တွင် ရေဘေးသင့်နှင့်ရေဘေးရှောင်ပြည်သူ အိမ်ထောင်စုတစ်သောင်းကျော်နှင့် လူဦးရေလေးသောင်းကျော် သဘာဝဘေးအန္တရာယ်ခံစားနေရကြောင်း သိရသည်။

တွေ့ဆုံမေးမြန်း - ကိုသက်(ဗိုလ်တထောင်)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

❖ **ကျောဖုံးမှ**

၂၀၁၄-၂၀၁၅ မှာ တိုးချဲ့ဝယ်ထားတာရှိပါတယ်။ နောက်ပြီး မြန်မာပြည်မှာ ပထမဦးဆုံးလုပ်နေတဲ့ဟာပါ။ Cyclotron ဆိုတာ Radioisotope ထုတ်ပြီးတော့မှ ရောဂါရှာဖွေတာပါ။ Cyclotron ထုတ်တဲ့စက်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဝယ်ခဲ့တာပါ။ PET / CT (အဏုမြူရောင်ခြည်သုံး ရောဂါရှာဖွေရေးစက်) တွေလည်း ဝယ်ယူခဲ့ပါတယ်။

**မေး။ ဆေးရုံကြီးအနေနဲ့ ခုတင်(၁၅၀၀)ဆံ့ဆိုပေမယ့် လူနာနဲ့ခုတင် မျှတမှု ရှိပါသလား။**

ဖြေ။ အမြဲတမ်းလူနာ ၁၆၀၀ လောက်ရှိပါတယ်။ သတ်မှတ်တဲ့ ခုတင်အရေအတွက်နဲ့ဆိုရင် မလောက်ဘူးပေါ့။ ခုတင်နဲ့ လူနာမဆံ့တဲ့အခါကျတော့ အလယ်မှာ ထိုးရတာတို့၊ဘေးအစွန် ဝရန်တာမှာ ထားရတာတို့ဖြစ်လာတယ်။ ဒါပေမယ့် ယခုအချိန်မှာ ဒီဆေးရုံကြီးကို ခုတင်(၂၀၀၀) အဖြစ် တိုးမြှင့်ဖို့ ကျန်းမာရေးဝန်ကြီးဌာနကစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အခု အစိုးရအဖွဲ့ကို တင်ထားတာ နောက်ဆုံးအဆင့်ဖြစ်နေပါပြီ။ မကြာခင်မှာ ပြန်ကျလာမယ်လို့ သိရပါတယ်။ မကြာခင်အချိန်ကာလအတွင်းမှာ ဆေးရုံကြီးကခုတင် (၂၀၀၀)ဆံ့ ဖြစ်မှာပါ။ အဲဒီမှာ လိုအပ်တဲ့ ဝန်ထမ်းတွေ အပြည့်အစုံပါလာမယ်။ နောက် သူနာပြုအရေအတွက်တွေလည်း ပြည့်စုံအောင် ပါလာမှာဖြစ်တဲ့အတွက် ဒီထက်ပိုပြီးတော့ ပြီးပြည့်စုံတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနိုင်မှာဖြစ်ပါတယ်။

**မေး။ လက်ရှိဆေးရုံကြီးမှာ ဆရာဝန်အင်အား ဘယ်လောက်ရှိပါသလဲ။ လူနာနဲ့ ဆရာဝန်အချိုးမျှတပါရဲ့လား။**

ဖြေ။ လက်ရှိခုတင်(၁၅၀၀)ဆံ့ ဆေးရုံအနေနဲ့ဆိုရင် အထူးကုဆရာဝန်ရော လက်ထောက်ဆရာဝန်တွေ အပါအဝင် ခွင့်ပြုအင်အားက ၂၇၈ ယောက်ရှိရာမှာအခု ခန့်အပ်



ထားတာက ၂၁၆ ယောက်ရှိပါတယ်။ နောက် သူနာပြုဆိုရင် ခွင့်ပြုတာက ၄၁၈ ယောက်ရှိပြီးတော့ ကျွန်တော်တို့ ခန့်ထားတာက ၄၀၂ ယောက်ပဲရှိပါတယ်။ ခုနကလူနာ ခုတင်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆီမှာ လူနာ (၁၅၀၀) ဆံ့ ဆေးရုံဆိုပေမယ့် ခုတင်ပေါင်း ၁၅၆၃ ခုတင် သုံးစွဲနိုင်ပါတယ်။ ဆရာဝန်နဲ့ လူနာအချိုးဆိုရင် ဆရာဝန်တစ်ယောက်က လူနာခြောက်ယောက်လောက် တာဝန်ယူရတယ်။ သူနာပြုတစ်ယောက်ဆိုရင် လူနာလေးယောက်ပါ။ ဆရာဝန်နဲ့သူနာပြုအချိုးက ၁း၂ ရှိတာတွေ့ရတယ်။ ကျွန်တော်တို့ ကုသရေးဦးစီးဌာနကလည်း ဒီဆေးရုံကြီးက Wardများတယ်။သူနာပြုဆရာမတွေ ပိုလိုတယ်။ ဒါကြောင့် အနောက်ပိုင်းဆေးရုံကြီးအင်အား၊ အရှေ့ပိုင်းဆေးရုံကြီးအင်အား၊ သန်လျင်ဆေးရုံကြီးအင်အားနဲ့ ဒီမှာတွဲဖက်ပြီးတော့ချထားပေးတာ ဆရာမ ၂၀/၂၅ ယောက် လောက်ရှိပါတယ်။ အဲဒီတော့ ဆရာမ မပြည့်စုံမှုကိုလည်း ဒီလိုနည်းနဲ့ ဖြေရှင်းပေးနေပါတယ်။

**မေး။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် ဆေးဝါးလိုအပ်ချက်နဲ့ ပတ်သက်ပြီး ဘယ်ကုမ္ပဏီတွေကရရှိပါသလဲ။ တင်ဒါခေါ်တာလား။ ဒီအပိုင်းလေးကို ရှင်းပြပေးပါ။**

ဖြေ။ အဓိကအားဖြင့် မြန်မာနိုင်ငံအစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာန(FDA)အသိအမှတ်ပြုပြီးတော့ မှတ်ပုံတင်နံပါတ်ရတဲ့ ဆေးတွေကိုပဲ အဓိကထားပြီး ဝယ်တာဖြစ်ပါတယ်။ ဝယ်တော့လည်း အိတ်ဖွင့်တင်ဒါစနစ်နဲ့ဝယ်ရပါတယ်။ဒီဆေးရဲ့ အာနိသင်ကတော့ သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးတွေရဲ့ သုံးလာတဲ့ အတွေ့အကြုံပေါ်မှာမူတည်ပြီးတော့ သူတို့ရဲ့ ထောက်ခံချက်လိုပါတယ်။ သူတို့ထောက်ခံတဲ့ ဆေးဝါးလည်းဖြစ်ရမယ်။ ဈေးနှုန်းလည်း သင့်တင့်မျှတရမယ်။ နောက် ကုမ္ပဏီကလည်းခိုင်မာရမယ်။ မခိုင်မာတဲ့ ကုမ္ပဏီကျတော့လည်း အချိန်မီမပေးသွင်းနိုင်တာတို့၊ ငွေရေးကြေးရေး အခက်အခဲတွေနဲ့ ရပ်ဆိုင်းသွားမှာဖြစ်တဲ့အတွက် ကုမ္ပဏီရဲ့ခိုင်မာမှုကို ထည့်သွင်းပြီးတော့ ရွေးချယ်တာ ဖြစ်ပါတယ်။ တစ်နှစ်တစ်နှစ်ကို နိုင်ငံတော်အစိုးရကနေ ဆေးဝယ်ဖို့ဆိုပြီး ဘတ်ဂျက် ချထားပေးတာရှိပါတယ်။ အဲဒီဘတ်ဂျက်ပေါ်မှာမူတည်ပြီး ဆေးဝယ်ရတာဖြစ်ပါတယ်။ ဘတ်ဂျက်က ခြောက်လတစ်ခါ ချတာမျိုးလည်းရှိတော့ ဆေးဝယ်ယူဖို့က တစ်နှစ်ကို တစ်ခါ သို့မဟုတ် နှစ်ခါတော့ဝယ်ရတယ်။ ကျွန်တော်တို့ တစ်နှစ်တစ်နှစ်ကိုချုပ်ဆိုရတာ ဆေးကုမ္ပဏီ ၇၀၊ ၈၀ လောက်ရှိပါတယ်။

**မေး။ တင်ဒါအောင်တဲ့ ဆေးကုမ္ပဏီတွေအနေနဲ့ သက်တမ်းလွန်ဆေးမျိုးတွေမဖြစ်အောင် ဘယ်လို ကတိကဝတ်တွေနဲ့ စာချုပ်ချုပ်ဆိုရပါသလဲ။**

ဖြေ။ ကျွန်တော်တို့ သာမန်အားဖြင့်တော့ သက်တမ်းနှစ်နှစ်၊ သက်တမ်းလွန်ဖို့ နှစ်နှစ်ကျန်သေးတယ်ဆိုတဲ့ ဆေးကိုပဲ အဓိကဝယ်ပါတယ်။ တချို့ဆေးတွေက သူ့သက်တမ်းကိုက နှစ်နှစ်ပဲပေးထားတဲ့ဆေးတွေလည်းရှိတယ်။ ဒါမျိုးကျတော့ လျှော့ပြီးတော့ တစ်နှစ်ခွဲနဲ့ဝယ်ရတဲ့အခါမျိုးတွေလည်းရှိတယ်။ တချို့ဆေးတွေကျတော့ ဒီမှာတင်ဒါအောင်မှ နိုင်ငံခြားကို မှာရတဲ့အခါမျိုးလည်းရှိတယ်။ ကျွန်တော်တို့ကုန်နိုင်တဲ့အပေါ်မှာမူတည်ပြီးတော့ သက်တမ်းလွန်မလွန် ချင့်ချိန်ရတာရှိပါတယ်။ အမှန်တော့ သက်တမ်းလွန်မယ်ဆိုရင် ဆေးရုံတွေကနေပြီးတော့ အချင်းချင်း ညှိနှိုင်းပြီး အသုံးများတဲ့ဆေးရုံကို ပို့ပေးရတာရှိပါတယ်။

ဒီဆေးရုံကြီးမှာ အပတ်စဉ် ညှိနှိုင်းအစည်းအဝေးလုပ်တယ်။ အဲဒီမှာသူတို့ ဆေးရုံကနေပြီးတော့ ဘယ်ဆေးကဖြင့် သက်တမ်းက ဒီလောက်ရှိပါတယ်။ သူတို့မှာ အရေအတွက်များနေတဲ့အတွက် သူတို့ဆေးရုံအနေနဲ့သုံးလို့ မကုန်တော့ပါဘူး။ အဲဒီတော့ဘယ်ဆေးရုံတွေ အလိုရှိပါသလဲ။ ကျွန်တော်တို့ ရန်ကုန်ဗဟိုအဆင့် ဆေးရုံကြီးတွေကတော့ နှစ်ပတ်တစ်ခါ အစည်းအဝေးလုပ်တဲ့အတွက် ဒီအချက်က ပြေလည်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကျတော့လည်း ကုသရေးဦးစီးဌာနမှူး အချင်းချင်း ချိတ်ဆက်ပြီးတော့ သူတို့ဆီမှာ ဘာဆေးတွေကတော့ ပိုလျှံနေတယ်။ အဲဒါကိုအသုံးပြုပေးနိုင်မလား။ ရန်ကုန်ဆေးရုံကြီးလိုမျိုးကတော့ ပြန်ပေးရတာနည်းတယ်။ ကျွန်တော်တို့က ယူသုံးပေးရတာများပါတယ်။

**မေး။ လူနာတွေကိုစရိတ်မျှပေးဆိုပေမယ့် လုံးဝမတတ်နိုင်တဲ့သူတွေကို ဘယ်လိုစီစဉ်ထားရှိပါသလဲ။**

ဖြေ။ လုံးဝဘာမှမဝယ်ရဘူး၊ လုံးဝအခမဲ့ဆိုတာ ကမ္ဘာမှာ မရှိသေးပါဘူး။ သင့်တင့်လျောက်ပတ်တဲ့ မရှိမဖြစ်ဆေးဝါးကိုတော့ အဓိကထားပေးတယ်။တကယ်လို့ လိုအပ်တဲ့ဆေးဝါးကို အဲဒီလူနာက သုံးဖို့လိုလာတယ်ဆိုရင်တော့ သူကဝယ်ကိုဝယ်ရမှာဖြစ်ပါတယ်။လုံးဝမတတ်နိုင်တဲ့သူကတော့ ဆေးပဒေသာပင် ရန်ပုံငွေဆိုတာရှိပါတယ်။ အဲဒီက နေစိုက်ထုတ်ပြီးတော့ ဝယ်ပေးတာမျိုးလည်းရှိပါတယ်။

**မေး။ အရင်ကဒီဆေးရုံကြီးအနေနဲ့ ထမင်းကျွေးမွေးတဲ့ အစီအစဉ်တွေရှိတယ်။ အခုရောအဲဒီအစီအစဉ်ပြန်လုပ်ဖို့ ရှိပါသလား။**

ဖြေ။ ဆေးရုံမှာစမ်းသပ်ပြီးတော့လုပ်ဖို့ရှိပါတယ်။ တကယ်မတတ်နိုင်တဲ့ လူနာတွေ၊ တကယ်အစားအသောက်ကျွေးဖို့လိုတဲ့လူနာတွေအတွက် စီစဉ်ဆောင်ရွက်ထားတာရှိပါတယ်။ အဲဒါ ကျွန်တော်တို့ တင်ဒါပေးမှာပါ။ အကြမ်းအားဖြင့်တော့ တစ်နေ့ကိုသုံးကြိမ်ကျွေးမှာပါ။ လူနာ ၂၀၀ ကိုစမ်းသပ်ကျွေးဖို့ အစီအစဉ်ရှိပါတယ်။ အောင်မြင်ရင် ဒီထက်ပိုပြီးတော့ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိလည်းကျွေးနေတာရှိပါတယ်။ဒါပေမယ့် နည်းတယ်။ လုံးဝကိုမတတ်နိုင်ဘူး၊ Ward ထဲကနေ အကြောင်းကြားရင် စားဖိုဆောင်ကနေချက်ပြုတ်ကျွေးတယ်။ ဒါလည်း အစိုးရဘတ်ဂျက်ထဲက ကျွေးတာပေါ့။ လက်ရှိကတော့ တစ်လကို လူနာ ၃၀ နဲ့ ၄၀ကြား ကျွေးနေပါတယ်။ အောက်တိုဘာဆိုရင်တော့ လူနာ ၂၀၀ ကျွေးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။

**မေး။ တချို့ဆေးရုံကြီးနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေရှိပါ**



**တယ်။ ဂိတ်ပေါက်ဝတွေမှာ ပိုက်ဆံတောင်းတာတို့၊ အလှူငွေတောင်းခံတာတို့၊ ဒါတွေနဲ့ ပတ်သက်ပြီးဘယ်လို ကြပ်မတ်လုပ်ဆောင်နေပါသလဲ။**

ဖြေ။ ခုနပြောခဲ့တဲ့အတိုင်းပဲ။ ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်ရေးရာကို ပြောင်းလဲရမယ်ဆိုတာအဲဒီအချက်လည်းပါတယ်။ဘာမဆိုရမှ လုပ်ချင်တာမျိုး မဟုတ်ဘဲနဲ့ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ်ဖြစ်အောင် စိတ်ဓာတ်ရေးရာ ပြောင်းလဲမှုတွေလုပ်နေပါတယ်။ တစ်ခါတလေမလွှဲမရှောင်သာလို့ အရေးယူလိုက်ရတဲ့ဟာမျိုးတွေလည်း သာဓကရှိပါတယ်။ သူတို့အနေနဲ့ နောက်မလုပ်ရဲအောင်ပါ။ ခုတော့ တတ်နိုင်သမျှ စိတ်ဓာတ်ရေးရာလည်း မြှင့်တင်ပေးတယ်။ သူတို့ရဲ့ တခြားသက်သာချောင်ချိရေးတွေကိုလည်း ကြည့်ရှု ဆောင်ရွက်ပေးတယ်။ ဒီနှစ်ထဲမှာဆိုရင် သုံးလေးယောက်လောက် အရေးယူလိုက်ရတာရှိတယ်။ အလုပ်ထုတ်ပယ်တဲ့အထိ အရေးယူခဲ့ပါတယ်။

**မေး။ အခုဆိုရင် ပုဂ္ဂလိကဆေးရုံကြီးတွေလည်း အပြိုင်အဆိုင်ပေါ်လာပြီဆိုတော့ ဆေးရုံကြီးအနေနဲ့ ဘယ်လို အဆင့်မြှင့်တင်မှုတွေ လုပ်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ ခုနပြောတဲ့ စက်ကိရိယာတွေဖြည့်ဆည်းတယ်။ ဒီစက်တွေကို ကိုင်တွယ်တတ်အောင်လို့ ပြည်တွင်းပြည်ပ အလွှာအသီးသီးကို နိုင်ငံခြားကို ပညာတော်သင်စေလွှတ်ထားတာတွေရှိတယ်။ နောက်တစ်ခုက ရန်ကုန်ဆေးရုံကြီးကို အားလုံးက ဝိုင်းပြီးတော့လာကြတဲ့အတွက် ဒီမှာပဲ တအား စုပြုံနေတယ်။ အဲဒီတော့ ရန်ကုန်ဆေးရုံကြီးရဲ့ ပြင်ပတွေမှာ ဆေးရုံတွေကို တိုးချဲ့ပြီးတော့ အဆင့်မြှင့်ဖို့ စီစဉ်ဆောင်ရွက်နေတယ်။ ဥပမာ- သန်လျင်ဆိုရင် အရင်တုန်းကခုတင် ၁၅၀ပေါ့။ အခု ခုတင် ၂၀၀ အဆင့်မြှင့်လိုက်ပြီးတော့ သူ့အတွက်လိုအပ်တဲ့ဝန်ထမ်းတွေကို ခန့်ပေးလိုက်ခြင်းအားဖြင့် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းဘက်က လူနာတွေက ရန်ကုန်ကို လာတာနည်းသွားတယ်။ အခုဆိုရင် ကျွန်တော်တို့ အင်းစိန်ကိုလည်း အဆင့်မြှင့်မယ်။ နောက်သဃ်န်းကျွန်းအဆင့်မြှင့်မယ်။ နောက် လှိုင်သာယာကျတော့ ဧရာဝတီတိုင်းဒေသကြီးဘက်ကလာတဲ့သူတွေ အကုန်လုံးကို ထိန်းထားနိုင်ဖို့ ကျွန်တော်တို့ ထန်းတပင် ဒါမှမဟုတ် လှိုင်သာယာလမ်းပေါ်မှာ ဆေးရုံကြီးတစ်ရုံ အဆင့်မြှင့်တင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိတယ်။ နောက်မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးဘက်က လာတဲ့သူတွေအတွက်လည်း ထောက်ကြန့်ဘက်မှာ တရုတ်နိုင်ငံရဲ့အကူအညီနဲ့ ဆေးရုံကြီးတစ်ရုံဆောက်ဖို့ စီစဉ်ဆောင်ရွက်နေတယ်။

အလားတူပဲ မင်းရဲကျော်စွာကားဝင်းကိုလည်း ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ ခုတင် ၃၅၀ ဆံ့ ဆေးရုံတစ်ရုံဆောက်မယ်။ အဲဒီလိုအစွန်အဖျားမှာ ဆေးရုံကြီးတွေတိုးလာတာနဲ့ အမျှ ဒီရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ဝန်ထုပ်ဝန်ပိုး လျော့ကျလာမယ်။ အဝေးမှာရှိတဲ့ဆေးရုံတွေကို အဆင့်မြှင့်တင်ခြင်းအားဖြင့် ဆေးရုံကြီးရဲ့ဝန်ထုပ်ဝန်ပိုးလျော့ကျသွားအောင် စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါတွေကို လက်ရှိအစိုးရလက်ထက်မှာ ပဲစီစဉ်ဆောင်ရွက်မှာပါ။ ထောက်ကြန့်မှာဆောက်မယ့်ဟာဆိုရင် မြေက ပညာရေးဝန်ကြီးဌာနပိုင်ဖြစ်နေလို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ စီစဉ်ဆောင်ရွက်နေတယ်။ ကျွန်တော်တို့ တက္ကသိုလ်ဆေးရုံဆိုလည်း အဆင့်မြှင့်ထားတာပဲ။ သူကလည်း ပညာရေးဝန်ကြီးဌာနပိုင်မြေဖြစ်နေတယ်။ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေဖြစ်အောင် ညှိနှိုင်းပြီးတော့ လုပ်ဆောင်နေပါတယ်။ နောက်ပြီးရန်ကုန်ဆေးရုံကြီးနောင်အနာဂတ်မှာ ဖြစ်လာမယ့် စီမံချက်တွေပါ။

စီမံချက်ဆိုပေမယ့်အခုကတည်းကစပြီး အကောင်အထည်ဖော်နေပါပြီ။ ဒီနှစ် ကုသရေးဦးစီးဌာနက တင်ဒါခေါ် တဲ့ ထဲမှာပါပါတယ်။ ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းထဲမှာ လူနာဆောင် ၁၂ ထပ်ဆောင် အသစ်တစ်ခုဆောက်လုပ်မှာဖြစ်ပါတယ်။ နောက်ဝန်ထမ်းတွေ သက်သာချောင်ချိရေးပါ။ ဆရာဝန်တွေအတွက်လည်း အရာရှိအိမ်ရာတစ်လုံး ဆေးရုံကြီးနဲ့မျက်နှာချင်းဆိုင်ဘက်ခြမ်းမှာ ဆောက်ဖို့လျာထားပါတယ်။ ၁၀ ထပ်မြင့် အဆောက်အအုံပါ။အောက်ထပ်မှာကားပါကင်ပါပြီးတော့ အပေါ်ထပ်မှာလေးခန်းတွဲကိုးထပ်ပါ။ မိသားစု ၃၆ ဦး နေထိုင် နိုင်မှာဖြစ်ပါတယ်။ ဒလမှာလည်း အငယ်တန်းဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာဆောက်ဖို့ရှိပါတယ်။ ဝန်ထမ်းအိမ်ရာနှစ်လုံးမှာ ဝန်ထမ်းမိသားစု ၄၀ လောက် နေနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ဆေးရုံကြီးအနေနဲ့ အရေးပေါ် ဌာနမှာ အရေးပေါ် လူနာတင်ယာဉ်တွေထားရှိမှုနဲ့ ပတ်သက်ပြီး ဘယ်လိုစီမံထားရှိပါသလဲ။**

ဖြေ။ အရေးပေါ်စနစ်ကတော့ တော်တော်လေးလုံလောက်ပါတယ်။ စုစုပေါင်း ကား ၁၀ စီးလောက်ကအသင့်ရှိပါတယ်။ အဲဒီမှာ ခြောက်စီးက လုံးဝအသစ်ဖြစ်ပါတယ်။ ကျန်တဲ့ လေးစီးကလည်း အဟောင်းဆိုပေမယ့် ဆီးဂိမ်းတုန်းက သုံးထားတဲ့ကားက ၁၀စီးလောက်ကို အသုံးပြုနိုင်ပါတယ်။

**မေး။ တစ်နေ့ကိုအရေးပေါ်လူနာဝင်ရောက်မှု ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ တစ်နေ့ကိုအရေးပေါ်လူနာ ပျမ်းမျှအားဖြင့် ၃၀၀၊ ၄၀၀ လောက်ရှိပါတယ်။ အကုန်လုံးတော့လည်းဆေးရုံမတင်ရဘူးပေါ့၊ အဲဒီမှာ စောင့်ကြည့်တဲ့ဌာနလည်းရှိတယ်။ အဲဒီမှာတင်စောင့်ကြည့်ပြီးတော့လိုရင်ဆေးရုံ တင်တယ်။ မလိုရင်ပြန်ချိန်းတယ်။ အဲဒါမျိုးတွေလည်းရှိပါတယ်။

**မေး။ ဆေးရုံကြီးရဲ့သန့်ရှင်းမှု၊ သန့်စင်ခန်းကအစပေါ့၊ ဘယ်လိုမျိုး လုပ်ဆောင်ထားပါသလဲ။**

ဖြေ။ အလုပ်သမားတွေရှိပါတယ်။ အလုပ်သမားတွေကို သူ့ဂျူတီနဲ့သူသတ်မှတ်ပြီးတော့ သန့်စင်ခန်း သန့်ရှင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်တာလည်း ရှိပါတယ်။ OPT လိုဟာမျိုးကျတော့ အခပေးစနစ်နဲ့သွားတဲ့ သန့်စင်ခန်းတွေလည်းရှိပါတယ်။

**မေး။ လက်ရှိမေးခဲ့တာတွေနဲ့ပတ်သက်ပြီးဆေးရုံအုပ်ကြီးအနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဖြေ။ ခုနပြောတဲ့ထဲမှာလည်းပါပါတယ်။ ဒီမှာတက်တဲ့ လူနာတွေက များလာတယ်။ ဒီမှာရှိတဲ့ဝန်ထမ်းအရေအတွက်ကလူနာနဲ့စာရင်နည်းတယ်။ နည်းတဲ့အတွက် ခုတင် ၂၀၀၀ ဖြစ်လာရင်တော့ ပိုပြီးတော့ ပြီးပြည့်စုံတဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါတယ်။ အခုတော့ လိုအပ်ချက်ရှိနိုင်ပါတယ်။

နောက်ဆေးရုံကြီးမှာ အဆောက်အအုံတွေက တိုးချဲ့ပြီးတော့ အများကြီးဆောက်လာတယ်။ အဲဒီတော့ ဆောက်ရတဲ့အဆောက်အအုံတွေကအထပ်မြင့်အဆောက်အအုံပဲဆောက်ဖို့ရှိတော့တယ်။ အဲဒီလိုနေရာမလပ်ဆောက်လာရတဲ့အတွက် ကားတွေရပ်ဖို့ အခက်အခဲရှိလာတယ်။ နောက်ပြီးဓာတ်ခွဲခန်းနဲ့ ကလေးတွေ စာသင်တဲ့အခန်းကို VIDEO CONFERENCING တပ်ဖို့လည်းအစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ လုပ်ချင်တဲ့ထဲမှာ NETWORK တစ်ခုလည်းပါတယ်။

အခုဟာက DIGITAL X –RAY တပ်ထားပေမယ်လို့ ဖလင်နဲ့ ထုတ်နေရတုန်းပဲ။ တကယ်လို့ NETWORK သာ ချိတ်ဆက်ထားမယ်ဆိုရင် DIGITAL X – RAY ရိုက်လည်း သူ့သက်ဆိုင်ရာဌာနကို NETWORK နဲ့ ပို့လိုက်နိုင်တယ်ဆိုရင် ကုန်ကျစရိတ်တွေ အများကြီး သက်သာသွားမယ်။ လူအားငွေအားအကုန်သက်သာသွားမယ်။ အဲဒီNETWORK လေးတပ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

နောက်တစ်ခုက လူနာတစ်ယောက်ဆိုရင် လူနာစောင့်က လေးငါးယောက် အနည်းဆုံးပါလာတယ်။ လူနာဘေးမှာက တစ်ယောက်နှစ်ယောက်ထက်ပိုပြီး ပေးမစောင့်နိုင်ဘူး။ ကျန်တဲ့လိုက်လာတဲ့ သုံးလေးယောက်က ဆေးရုံအတွက် ပိုပြီးတော့ ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်။ ဆေးရုံ ညစ်ပတ်အောင်က လူနာစောင့်တွေကပဲ လုပ်နေတာ။ ဒါကလည်း ပြည်သူလူထုကူညီပူးပေါင်းဆောင်ရွက်မှသာ ဒီဆေးရုံကြီးရဲ့သန့်ရှင်းမှုက အမြဲထိန်းသိမ်းသွားနိုင်မှာဖြစ်ပါတယ်။

ပြည်တွင်းရေးရာ

# ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်တော်၊ သက်န်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၈**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၈ ရက်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သံဃနာယကအဖွဲ့အား သွားရောက်ဖူးမြော်ကြည်ညို၍ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၁၉၄ ကျောင်းမှ သံဃာတော်များအတွက် သက်န်းအစုံ ၁၀၀၊ ဆန်အိတ် ၁၁၀၊ ဆီတစ်ပုံး၊ ဆားတစ်အိတ်၊ ပဲတစ်အိတ်၊ ခေါင်းအုံးကြီး ၂၅ လုံး၊ ခေါင်းအုံးသေးတစ်လုံး၊ ဆပ်ပြာမှုန့်အထုပ် ၁၂၀၊ မျက်နှာသုတ်ပဝါ ၁၄ ထည်၊ စောင်ကိုးထည်နှင့် ခြင်ထောင်လေးထည်တို့ကို လှူဒါန်းခဲ့သည်။

အလားတူ ဩဂုတ် ၇ ရက်ကလည်း သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၃၉ ကျောင်းအတွက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလျှင် ဆန်အိတ်နှစ်အိတ်စီဖြင့် စုစုပေါင်း ၇၈ အိတ်လှူဒါန်းခဲ့သည်။

**(ကြေးမုံ)**

# ပြည်၊ ဆိပ်သာနှင့် မဒေါက် စိုးရိမ်ရေမှတ်အောက်ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် နှစ်လက်မခန့်၊ ဆိပ်သာမြို့တွင်တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ကျော်လွန်နေပြီး နောက်နာရီအနည်းငယ်အတွင်း ပြည်မြို့နှင့် နောက်နှစ်ရက်အတွင်း ဆိပ်သာမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ပခုက္ကူရေဘေးသင့်ပြည်သူများအား ရေသန့်နှင့်ဆေးဝါးများ လာရောက်လှူဒါန်း

**ပခုက္ကူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေလျှံတက်မှုကြောင့် ရေဘေးသင့်ကျေးရွာများဖြစ်သည့် ကျွန်းညိုကြီး၊ ရှားတော၊ ကျတ်တန်းကုန်း၊ ကျွန်းဦး၊ ရွာသစ်ကုန်း ကျေးရွာများသို့ မလေးရှားနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားများ ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် ရန်ကုန်မြို့မှ Hand to Hand စိတ်တူကိုယ်တူ ပရဟိတလူငယ်များစုပေါင်းကာ ပခုက္ကူမြို့ မဟာစည်ရိပ်သာ မြဘောရီကျောင်းတိုက် ဆရာတော် ဦးစိန္တိတနှင့်မြို့နယ်ဖွံ့/ထောက်ဥက္ကဋ္ဌ ဦးရဲထွန်းတို့၏ ကူညီမှုဖြင့် အဆိုပါကျေးရွာများသို့ ဩဂုတ် ၇ ရက်တွင် သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ပရဟိတလူငယ်များအဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ငွေကျပ်သိန်း ၂၀ ခန့်တန်ဖိုးရှိသော ဆန်၊ ရေသန့်၊ စားသောက်ဖွယ်ရာများ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်နှင့် ဆေးဝါးများ၊ ရေသန့်ဆေးထုပ်များကို လှူဒါန်းခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရေသန့်ဆေးအသုံးပြုပုံတို့ကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**


# ဟင်္သာတ၊ ငါးသိုင်းချောင်း၊ ဇလွန်နှင့် ဆိပ်သာမြို့နယ်များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေအမှတ်ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၈**


ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့နယ်များ၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေအမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်လျက်ရှိရာမှ အနည်းငယ်လျော့နည်းကျဆင်းခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့နယ်၏ ဝဲန်မြစ်စိုးရိမ်ရေအမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန် မြင့်တက်လျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**(သတင်းစဉ်)**


ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ




ဧရာဝတီတိုင်းဒေသကြီး၊ ဆိပ်သာမြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ဝဲန်မြစ်၏ နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



## ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အရာရှိ/စစ်သည်များ၊ လှူဒါန်းပစ္စည်းများနှင့် အထွေထွေပစ္စည်းများအား ကက(ကြည်း)အရန်ယာဉ်/လုပ်ငန်းယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့မှု အခြေပြဇယား

| စဉ် | တပ် | အကြောင်းအရာ | ယာဉ်အမျိုးအစား | | | | | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | ကက(ကြည်း)အရန်ယာဉ် | | လုပ်ငန်းယာဉ် | | | | | |
| | | | အီးကြူ-၁၀၉၃ (ဒေါင်ဖန်း) | (၆)တန်စီနို | (၅)တန်ဖော | (၆)တန်ဖော | အေအိုလပ်စ် | ဂရမ်းတိုက်ဂါး | | |
| ၁ | ကကထောက် | ဖိုက်ဘာစက်လှေများ၊ အသက်ကယ် အင်္ကျီများ၊ ဆန်အိတ်များ၊ လေယာဉ်ဆီ/ စက်သုံးဆီများ၊ ဘိလပ်မြေ၊ စားသောက်ကုန်နှင့် အထွေထွေပစ္စည်းများပို့ဆောင်မှု | ၁၀၆ | ၁၇ | ၂၀ | ၈၄ | - | ၁ | ၂၂၈ | |
| ၂ | ရကတ | ကယ်ဆယ်ရေးပစ္စည်းများနှင့် အရာရှိ/စစ်သည်များ ပို့ဆောင်မှု | | | ၈ | ၄ | | | ၁၂ | |
| ၃ | နတခ | ဖိုက်ဘာစက်လှေများ၊ လေယာဉ်ဆီများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အရာရှိ/စစ်သည်များ ပို့ဆောင်မှု | | | ၁၉ | | ၇ | | ၂၆ | |
| ၄ | နပခ | ကယ်ဆယ်ရေးပစ္စည်းများနှင့် အရာရှိ/စစ်သည်များ ပို့ဆောင်မှု | | | ၅ | ၂၀ | | | ၂၅ | |
| ၅ | နမခ | ဆန်၊ ဘိလပ်မြေ၊ လေယာဉ်ဆီ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အရာရှိ/စစ်သည်များ ပို့ဆောင်မှု | | | ၁၉ | ၆ | ၁၂ | | ၃၇ | |
| ၆ | လပခ | ဖိုက်ဘာစက်လှေများ၊ ဆန်၊ လေယာဉ်ဆီများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် အရာရှိ/စစ်သည်များ ပို့ဆောင်မှု | | ၁၈ | ၂၃ | ၂၉ | | | ၇၀ | |
| ၇ | တပခ | ဖိုက်ဘာစက်လှေများ၊ ဆန်၊ လေယာဉ်ဆီများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် အရာရှိ/စစ်သည်များ ပို့ဆောင်မှု | | | ၄ | ၆ | | | ၁၀ | |
| | စုစုပေါင်း | | ၁၀၆ | ၃၅ | ၉၈ | ၁၄၉ | ၁၉ | ၁ | ၄၀၈ | |

မှတ်ချက်။ **(၂၉-၆-၂၀၁၅) ရက်နေ့မှ (၆-၈-၂၀၁၅) ရက်နေ့အထိ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကက(ကြည်း) အရန်ယာဉ်နှင့် လုပ်ငန်းယာဉ်များ စုစုပေါင်း(၄၀၈)စီးဖြင့် ဆန်(၆၂၀၆)အိတ်၊ ဖိုက်ဘာလှေ(၁၄၀)စင်း၊ အသက်ကယ်အင်္ကျီ(၃၈၀)ထည်၊ လေယာဉ်ဆီ/စက်သုံးဆီ(၆၄၉) ပီပါ၊ ဘိလပ်မြေ(၂၀၀၀)နှင့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား ပို့ဆောင်ပေးခဲ့ပါသည်။**

☆ ရှေ့စာမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားများသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ကချင်၊ ရှမ်း၊ ကရင်၊ ရခိုင်နှင့် ချင်းပြည်နယ်များနှင့် ရန်ကုန်၊ ဧရာဝတီ၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးများ စုစုပေါင်း တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောဒေသများသို့ တပ်မတော်တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ/စစ်သည်များသည် အချိန်နှင့်တစ်ပြေးညီသွားရောက်ပြီး လူ၊ တိရစ္ဆာန်နှင့် ပစ္စည်းများ ကူညီရွှေ့ပြောင်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း၊ သဲအိတ်/မြေအိတ်များစီချ၍ တာတမံများ ပြုလုပ်ပေးခြင်း၊ လှိုင်းကာများပြုလုပ်ပေးခြင်း၊ ရေလမ်းကြောင်းညွှန်ပြခြင်း၊ ရေကျသွားသောနေရာများတွင် နုန်းများဖယ်ရှားခြင်း၊ လေယာဉ်ပြေးလမ်း၊ ကားလမ်းများကို ရွှံ့ညွှန်နှင့် နုန်းမြေများဆေးကြောပေးခြင်း၊ ဆေးရုံ/ဆေးခန်းနှင့်စာသင်ကျောင်းများကို သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် ချုံနွယ်များရှင်းလင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်မှ ရေဘေးကယ်ဆယ်ရေးပစ္စည်းများကို ဩဂုတ် ၆ ရက်အထိ သယ်ဆောင်ပေးခဲ့ရာတွင် တပ်မတော်မော်တော်ယာဉ် ၄၀၈ စီးဖြင့် စပါးဘုတ်ရေယာဉ် ၁၄၀၊ အသက်ကယ်အင်္ကျီ ၃၈၀၊ ဘိလပ်မြေအိတ်များ၊ ဆန်အိတ်များ၊ စည်သွတ်ဘူးများ၊ စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ သယ်ဆောင်ပေးခြင်း၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ် ခုနစ်စင်းဖြင့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေ၊ ပေါက်တော၊ မြောက်ဦးနှင့် ရသေ့တောင်မြို့နယ်များသို့ ဆန်အိတ် ၁၃၁၀၄ အိတ်၊ ခေါက်ဆွဲခြောက် ၆၃၁၅ ဖာ၊ စားဆီပီပါ ၃၀၅၀၊ သွပ်ချပ် ၁၀၀၀၀၊ ဘိလပ်မြေ တန် ၂၀ အပါအဝင် စားသောက်ဖွယ်ရာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို သယ်ယူပို့ဆောင်ပေးခြင်း၊ တပ်မတော်(လေ)မှ လေယာဉ်ခြောက်စင်း၊ ရဟတ်ယာဉ် ၁၁ စင်းတို့ဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများသို့ အရေးပေါ်ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများကို သယ်ယူပို့ဆောင်ပေးခြင်း စုစုပေါင်း ခေါက်ရေ ၂၇၀ ပျံသန်း၍ ကယ်ဆယ်ရေးပစ္စည်းစုစုပေါင်း ၃၃၅ တန်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

ရေဘေးအန္တရာယ်ကျရောက်လျက်ရှိသော ဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရန်အတွက် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရာရှိ/စစ်သည်များ ပါဝင်သော တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့၊ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်) သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း လှည့်လည်၍ ဆေးကုသပေးလျက်ရှိရာ ဩဂုတ် ၆ ရက်အထိ ကလေး/လူကြီး ကျား/မ စုစုပေါင်း ၁၀၂၂ ဦးအား ဆေးကုသပေးနိုင်ခဲ့ပြီး ဆက်လက်၍ ကုသမှုများဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ သို့ ✳

## စုဖွဲ့ထားသော စစ်ရေယာဉ်များမှ ရေဘေးကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ တင်ဆောင်/သယ်ယူမှုစာရင်း

| စဉ် | ရက်စွဲ/အချိန် | စစ်ရေယာဉ် | ခရီးစဉ် | | ပစ္စည်းအမျိုးအမည် | | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မှ | သို့ | ဆန် (အိတ်) | ခေါက်ဆွဲ (ဖာ) | ငါးသေတ္တာ (ပါကင်) | ရေသန့် (တန်) | ပဲ (အိတ်) | ဆား (အိတ်) | ရေစုပ်စက် (လုံး) | စားဆီ (ပီပါ) | အဝတ်ထုပ် (ထုပ်) | ခြင်ထောင်ဘေထုပ် (ထုပ်) | ဘိလပ်မြေ (တန်) | သွပ် (ချပ်) | သွပ်သံ/သံချောင်းလုံး (တန်) | စားကုန်အထွေထွေ (အိတ်) | |
| ၁ | ၃-၈-၂၀၁၅ (၁၂၅၅-၁၈၀၅) | စရယ(၃၀၈) | စစ်တွေ | ပေါက်တော | ၁၆၀ | | | | | | | | | | | | | | ပို့ပြီး |
| ၂ | ၃-၈-၂၀၁၅ မှ ၄-၈-၂၀၁၅ (၁၃၃၀-၁၃၁၅) | ကမ်း-၁၂ ကမ်း-၁၃ | စစ်တွေ | မင်းပြား | ၁၅၀ | | | | | | | | | | | | | | ပို့ပြီး |
| ၃ | ၅-၈-၂၀၁၅ (၁၁၀၅-၁၅၃၀) | ကမ်း-၁၂ ကမ်း-၁၃ | စစ်တွေ | မင်းပြား | ၁၅၀ | | | | | | | | | | | | | | ပို့ပြီး |
| ၄ | ၅-၈-၂၀၁၅ (၁၇၃၅) | ဘုရင့်နောင် | ရန်ကုန် | စစ်တွေ | ၆၀၀၀ | ၆၀၀၀ | | | | | | ၃၀၀၀ | | | | | | | ထွက်ခွာဆဲ |
| ၅ | ၅-၈-၂၀၁၅ (၀၅၀၀-၁၄၃၀) | စရယ(၃၀၈) | စစ်တွေ | မြောက်ဦး | ၃၀၀ | ၃၀၀ | ၅၀ | ၁ | | | | | ၇၇ | ၂၀၀ | | | | | ပို့ပြီး |
| ၆ | ၆-၈-၂၀၁၅ (၀၅၀၀) | စရယ(၃၀၈) | စစ်တွေ | ရသေ့တောင် | ၂၀၀ | ၁၅ | | | | | | | ၉ | | | ၃၀၀ | | ၂၇၀ | ပို့ပြီး |
| ၇ | ၆-၈-၂၀၁၅ (၀၆၃၀) | တထယ-၁၆၁၁ | ရန်ကုန် | အင်္ဂပူ | ၂၁၀၉ | | | ၂၀ | ၇ | ၄ | | ၅၀ | | | | | | ၆ | ထွက်ခွာဆဲ |
| ၈ | ၆-၈-၂၀၁၅ (၁၀၀၀) | တထယ-၁၆၁၂ | ရန်ကုန် | စစ်တွေ | ၃၀ | | | | | | ၁၇ | | | | ၂၀ | ၉၇၀၀ | ၃. ၂၃ | ၃၀၀၀ | ထွက်ခွာဆဲ |
| ၉ | ၆-၈-၂၀၁၅ | စရယ-အောင်ဇေယျ | ရန်ကုန် | စစ်တွေ | ၄၀၀၅ | | | ၅ | | | | | | | | | | ၁၅၆ | တင်ဆဲ |
| | စုစုပေါင်း | | | | ၁၃၁၀၄ | ၆၃၁၅ | ၅၀ | ၂၆ | ၇ | ၄ | ၁၇ | ၃၀၅၀ | ၈၆ | ၂၀၀ | ၂၀ | ၁၀၀၀၀ | ၃ | ၃၄၃၂ | |

✳ စာမျက်နှာ ၁၀ မှ

ရေဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသော ပြည်သူများကို တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုမှ ဩဂုတ် ၆ ရက်ထိ လှူဒါန်းခဲ့သော ငွေနှင့် ထောက်ပံ့ရေး ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေ ၁၀၄၆၈၄၂၃၂ ကျပ် ၊
(ခ) ဆန် ၁၀၄၅ အိတ် ၊
(ဂ) ထင်းကား ၃ စီး ၊
(ဃ) ကုလားပဲ ၁၆ အိတ် ၊
(င) စောင် ၄၉ ထည် ၊
(စ) ထမင်းထုပ်/ဘူး ၂၈၆၇၃ ထုပ်/ဘူး ၊
(ဆ) ကြက်ဥ ၉၆၉၉ လုံး ၊
(ဇ) အဝတ်အထည် ၅ ထုပ် ၊
(ဈ) ရေသန့်ဘူး(အသေး) ၂၅၃၀၉ ဘူး ၊
(ည) ရေသန့်ဘူး(အကြီး) ၁၄၂၀ ဘူး ၊
(ဋ) ရေသန့်(ဂါလန်) ၆၀၀၀ ဂါလန် ၊
(ဌ) စားဆီ ၁၁၄၈ ပိဿာ ၊
(ဍ) ဆား ၁၃ အိတ် ၊
(ပ) ခေါက်ဆွဲခြောက် ၄၇၅၀ ဖာ ၊
(ဏ) ငါးပိ ၅ အိတ် ၊
(တ) အာလူး ၈၃၉ ပိဿာ ၊
(ထ) ကြက်သွန်နီ ၅၀၀ ပိဿာ ၊
(ဒ) ငါးခြောက် ၁၀၁ ပိဿာ ၊
(ဓ) ငရုပ်သီးခြောက် ၁၈ ပိဿာ ၊
(န) အသားတု ၁၀၀ ပိဿာ ၊
(ပ) အချိုရည် ၁၂၀ ဖာ ၊
(ဖ) စည်သွတ်ဘူး ၁၂၇၅ ဖာ ၊
(ဗ) တီးမစ် ၂၅ ဖာ ၊
(ဘ) ငါး ၇၀ ပိဿာ ၊
(မ) Malta Fresh အချိုရည် ၁၃၁ ကတ် ၊
(ယ) Sparkling Lemon အချိုရည် ၁၅၃ ဖာနှင့်
(ရ) ဘီစကွတ် ၂၄၆ ဖာတို့ဖြစ်သည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ သယ်ယူပို့ဆောင်ပေးမှုစာရင်း

| စဉ် | လေယာဉ်/ရဟတ်ယာဉ် အမျိုးအစား | စင်းရေ | ခေါက်ရေ | ပစ္စည်းအလေးချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | MI-17 ရဟတ်ယာဉ် | ၁၁ | ၂၈၄ | ၃၃၅၄၈၇ ကီလို (၃၃၅တန်) | |
| ၂ | Y-8 လေယာဉ် | ၂ | ၄၄ | | |
| ၃ | ATR-42 လေယာဉ် | ၁ | ၃၀ | | |
| ၄ | ATR-72 လေယာဉ် | ၂ | ၁၀ | | |
| ၅ | Beech လေယာဉ် | ၁ | ၂ | | |
| | စုစုပေါင်း | ၁၇ | ၃၇၀ | ၃၃၅ တန် | |

# ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ လည်ပင်းကြီးဝေဒနာရှင်များအား ခွဲစိတ်ကုသပေး

**နေပြည်တော် ဩဂုတ် ၈**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ယနေ့နံနက်ပိုင်းမှစတင်၍ စင်ကာပူနိုင်ငံ Mount Elizebath Hospital မှ နား၊ နှာခေါင်းနှင့် လည်ချောင်းအထူးကုဆရာဝန်ကြီး Dr.Goh Yau Hong နှင့် ကိုရီးယားနိုင်ငံ Kyung He University Hospital မှ နား၊ နှာခေါင်းနှင့် လည်ချောင်းအထူးကုဆရာဝန်ကြီး Dr.Kim Sung Wan တို့ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ နား၊ နှာခေါင်းနှင့် လည်ချောင်းအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်မင်းဦးနှင့် ခွဲစိတ်သမားတော်ကြီး ဒေါက်တာမျိုးထက်ကျော်တို့ပူးပေါင်း၍ လည်ပင်းကြီးဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုနှင့် ဂျပန်နိုင်ငံ Kagoshima City Hospital မှ နှလုံးအထူးကုဆရာဝန်ကြီး Dr.Takashi Kajiya နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာသက်ဟိန်းတို့က နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအား နှလုံးသွေးကြောထောက်ကိရိယာ(Stent)



ထည့်၍ ကုသပေးလျက်ရှိသည်။

အဆိုပါ ကုသပေးနေမှုများကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့်ဇနီးဒေါ်ကျင်ခိုင် (မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင်)တို့သည် တာဝန်ရှိသူများဖြစ်ကြသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ ဇမ္ဗူသီရိဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိအထူးကုဆေးရုံ ခွဲစိတ်ခန်းမကြီးအတွင်း၌ နား၊ နှာခေါင်းနှင့် လည်ချောင်းအထူးကုဆရာဝန်ကြီး Dr.Goh Yau Hong နှင့် Dr. Kim Sung Wan တို့က လည်ပင်းကြီးဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကာ လူနာရှင်များအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နှလုံးသွေးကြောကျဉ်း ဝေဒနာရှင်များအား မြန်မာနိုင်ငံတွင်ပထမဆုံး တပ်ဆင်ထားသော Allura Xper FD 10/10 Biplane စက်ကြီးဖြင့် နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်၍ ကုသပေးနေမှုအား ကြည့်ရှု၍ ဂျပန်နိုင်ငံ Kagoshima City Hospital မှ နှလုံးအထူးကုဆရာဝန်ကြီး Dr . Takashi Kajiya နှင့် လက်မောင်းသွေးကြောမှ တစ်ဆင့် နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသမှုခံယူပြီးသည့် ညောင်ရွှေမြို့မှ လူနာတို့အား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုံရိပ်ဖော်ဌာနတွင် အသစ်တပ်ဆင်ထားရှိသော မြန်မာနိုင်ငံတွင် ပထမဆုံး တပ်ဆင်ထားသော 3 Tesla MRI (Magnetive Resonance Imaging) သံလိုက်စွမ်းအားသုံး အသေးစိတ်ပုံရိပ်ဖော်ရောဂါရှာဖွေသည့် စက်ခန်းအတွင်း ကြည့်ရှုစစ်ဆေးပြီး 3 Tesla MRI စက်ကြီးဖြင့် လူ့ခန္ဓာကိုယ်တစ်ခုလုံး၌ရှိသော ရောဂါများကို စွမ်းအားမြင့်သံလိုက်ဓာတ်ကို အသုံးပြုကာ ကြည်လင်ပြတ်သားစွာ ပုံရိပ်ဖော်၍ နှလုံးရောဂါ၊ သွေးကြောဆိုင်ရာ ရောဂါများ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ အရိုး၊ အကြော၊ အဆစ်၊ ကြွက်သားများတွင် ဖြစ်တတ်သော ရောဂါများ၊ ကျောရိုးမကြီးဆိုင်ရာ ရောဂါများ၊ ရင်ခေါင်းအတွင်းပိုင်းရှိ ရောဂါများ၊ ဝမ်းဗိုက်အတွင်းပိုင်းရှိ အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အသည်း၊ သည်းခြေအိတ်၊ ပန်ကရိယ၊ ကျောက်ကပ်ဆိုင်ရာ ရောဂါများ၊ ခန္ဓာကိုယ်အတွင်းပိုင်းရှိ ကင်ဆာအဖုအကျိတ်များ ရှာဖွေပေးနိုင်မှုများကို ဌာနတာဝန်ခံ ဒေါက်တာမင်းအောင်သိန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နှလုံးအထူးကြပ်မတ်ကုသဆောင်တွင် နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းပြီးသော လူနာ၊ ကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိသောလူနာနှင့် လူနာရှင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယင်းနောက် နှလုံးအထူးကြပ်မတ်ကုသဆောင်အတွင်း တပ်ဆင်ထားသော ESMR (အသံလှိုင်းဖြင့် နှလုံးသွေးကြောချဲ့စက်)ခန်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဩဂုတ် ၈ ရက်မှ ၉ ရက်အထိ (၅)ကြိမ်မြောက်အဖြစ် လည်ပင်းကြီးဝေဒနာရှင်များဖြစ်သည့် နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုဝင် ခြောက်ဦးနှင့် ဒေသခံ တစ်ဦးတို့၏ ဆေးကုသမှုအား ဇမ္ဗူသီရိဖောင်ဒေးရှင်းမှ အကုန်ကျခံ၍ အခမဲ့ကုသပေးလျက်ရှိကြောင်း၊ နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအား ဇမ္ဗူသီရိဖောင်ဒေးရှင်း၏ အကူအညီဖြင့် သက်သာသော နှုန်းထားများဖြင့် ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# စစ်ရေယာဉ်အောင်ဇေယျ ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၈**

ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အလှူရှင်များပေးပို့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့်သာမက တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်ပါ ပို့ဆောင်ထောက်ပံ့ပေးလျက်ရှိသည်။

ယနေ့ နံနက် ၇ နာရီခွဲက သီလဝါဆိပ်ကမ်းမှ တပ်မတော်(ရေ)စစ်ရေယာဉ် အောင်ဇေယျသည် ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ထွက်ခွာသွားသည်။ ၎င်းတပ်မတော်(ရေ) စစ်ရေယာဉ်သည် စစ်တွေမြို့သို့ ဩဂုတ် ၉ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး စစ်ရေယာဉ်ပေါ်တွင်ပါရှိသော စားနပ်ရိက္ခာ ထောက်ပံ့ရေးပစ္စည်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများ၏ လက်ဝယ်သို့ အလျင်အမြန် ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်း - ကိုကိုဇော်၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# ရေကြီးနစ်မြုပ်ပျက်စီးသော စပါးခင်းများ ပြန်လည်စိုက်ပျိုး

**ကောလင်း ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဇူလိုင် ၁၆ ရက်မှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော စပါးခင်းများတွင် အစားထိုးစိုက်ပျိုးရန် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းကို နယ်မြေဒေသခံ စိုက်ကြပ်အဖွဲ့၊ နယ်မြေဒေသခံဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏စီမံကွပ်ကဲမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရေကြီးနစ်မြုပ်ခဲ့သော စပါးစိုက်ဧက ၇၄၅ ဧကကို ပြန်လည် အစားထိုးစိုက်ပျိုးပြီး မျိုးစေ့ချကိရိယာဖြင့် ၅၆ ဧကကို လက်တွေ့စိုက်ပျိုးပေးခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တိုက်ရိုက်စိုက်ပျိုးမျိုးစေ့ချကိရိယာ ၁၈ လက်ဖြင့် ဝါးသီးကုန်း၊ ကုက္ကိုကုန်း၊ မင်းကုန်း၊ သပြေအိုင်၊ မင်းချမ်းနှင့် သရက်ခုံကျေးရွာများတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာနှစ်လက်စီကို လည်းကောင်း၊ ရေကန်သာကျေးရွာတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာ သုံးလက်ကိုလည်းကောင်း၊ ဝါးရုံခုံကျေးရွာတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာ လေးလက်ကိုလည်းကောင်း ဖြန့်ဝေငှားရမ်းပေးခဲ့သည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှလည်း ရေကြီးနစ်မြုပ်ခဲ့သောစိုက်ခင်းများအား တစ်ကွက်ပေါ်လာပါက တစ်ကွက်ထွန်ယက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ RoROR VATOR ဖြင့် လယ်ယာ ၁၆ ဧက ထွန်ယက်ပေးခဲ့ပြီး သဲဖုံးလွှမ်းလယ်ယာမြေ ၁၆ ဧကအား ရှေ့ဂေါ်ဖြင့် သဲများဖယ်ထုတ် ဆောင်ရွက်ပေးခဲ့သည်။

ကောလင်းမြို့နယ် စိန်ပန်းကုန်း၊ ယားတောင်၊ ကြို့ခုံကျေးရွာတို့တွင် လယ်ထွန်စက်ကြီး ငါးစီးစီဖြင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက အခမဲ့ထွန်ယက်ပေးနေရာ ဒေသခံကျေးလက်ပြည်သူများ စိတ်ချမ်းမြေ့ပြီး လယ်ယာလုပ်ငန်းတွင်ကျယ်နေကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်　ဩဂုတ်　၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၉၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၆၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၆၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၆၀၃၀ | ၂. ၃၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၁၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၁၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၄၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၅၅' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၈၀' |
| ၁၀။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၁၀' |
| ၁၁။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၆၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၉၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၆၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၉၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၅၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၄၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၀၅' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၄၉' |
| ၂၃။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၉၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၆၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၇. ၃၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၇. ၇၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၁၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၃။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၁၀' |
| ၃၄။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၅။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၈၅' |
| ၃၆။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၅' |
| ၃၇။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၇၀' |
| ၃၈။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၂၀' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၃၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၅၉ | ၁. ၈၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၅ | ၀. ၆၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၄၉၀ | ၂၆. ၀၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၉၀၀ | ၂၇. ၅၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၂၉၉၀ | ၆. ၇၃' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၆၅၄ | ၉. ၂၀' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၃၀၃ | ၂၁. ၂၈' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၀၈၁ | ၅. ၁၅' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၄၁၄ | ၁. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၇၅၈၄၂ | ၀. ၉၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၈၀၄၅၆ | ၃၃. ၆၅' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၁၆၁၉ | ၁၂. ၉၅' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၉၆၉ | ၂၁. ၆၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၈၀၄၀ | ၁၂. ၁၅' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၂၆၆၀ | ၄. ၂၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၄၇၁၈ | ၈၈. ၈၃' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၁၅၂၃ | ၅၉. ၉၀' |
| ၂၂။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၄၀၀၉၂ | ၀. ၈၀' |

(သတင်းစဉ်)

### အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ ပေးအပ်လှူဒါန်း

**နေပြည်တော်　ဩဂုတ်　၈**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၈ ရက်အထိ ရရှိငွေစုစုပေါင်းမှာ ကျပ် ၅၂၂၁၄၅၈၅၀၊ အမေရိကန်ဒေါ်လာ ၆၅၅၀၊ ထိုင်းဘတ် ၅၀၂၀၀ နှင့် မလေးရှားရင်းဂစ် ၂၀၀၀ တို့ဖြစ်ပြီး အလှူငွေနှင့် အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

### ကောလင်း၌ ဘဏ်ချေးငွေပေးအပ်

**ကောလင်း　ဩဂုတ်　၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြို့နယ်သမဝါယမအသင်းစုရုံးခန်းမတွင် ဩဂုတ် ၆ ရက်နှင့် ၇ ရက်က EXIM ဘဏ်ချေးငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးနေဝင်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအုန်းကြိုင်၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းထွန်းတို့က အမှာစကားပြောကြားပြီး EXIM ဘဏ်ချေးငွေကျပ် ၇၀၇၅ သိန်းကို အခြေခံအသင်း၁၄၅ သင်းမှဥက္ကဋ္ဌများအား အတိုး ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် အတိုးနှုန်းသက်သာစွာ ခြောက်လထုတ်ချေးပေးကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

## ၂၀၁၅ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ်မှုအပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အရန်မျိုးစပါးစုဆောင်းထားရှိမှု အခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စုဆောင်းပြီးမျိုး - ဒေသတွင်း | | စုဆောင်းပြီးမျိုး - တိုင်းပြင်ပ | | စုဆောင်းပြီးမျိုး - ပေါင်း | |
|---|---|---|---|---|---|---|---|
| | | တင်း | ကီလို | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၁၅၀၀၀ | - | - | - | ၁၅၀၀၀ | - |
| ၂။ | ကချင်ပြည်နယ် | ၁၇၅၀ | ၁၆၀၀ | - | - | ၁၇၅၀ | ၁၆၀၀ |
| ၃။ | ကယားပြည်နယ် | ၄၅၀၀ | - | - | - | ၄၅၀၀ | - |
| ၄။ | ကရင်ပြည်နယ် | ၅၀၀ | - | - | - | ၅၀၀ | - |
| ၅။ | ချင်းပြည်နယ် | ၁၃၀ | - | - | - | ၁၃၀ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၀၈၅၀ | - | - | ၆၆၀၀၀ | ၄၀၈၅၀ | ၆၆၀၀၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ၁၀၀ | - | - | - | ၁၀၀ | - |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၅၀၀၀၀ | ၂၅၀၀၀ | - | - | ၅၀၀၀၀ | ၂၅၀၀၀ |
| ၉။ | မကွေးတိုင်းဒေသကြီး | ၆၄၉၀၀ | ၁၀၀၀၀ | ၁၀၁၀၀ | - | ၇၅၀၀၀ | ၁၀၀၀၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၃၀၀၀၀ | - | - | - | ၃၀၀၀၀ | - |
| ၁၁။ | မွန်ပြည်နယ် | ၁၆၃၂၀ | - | - | - | ၁၆၃၂၀ | - |
| ၁၂။ | ရခိုင်ပြည်နယ် | ၂၁၇၂၄၆ | - | - | - | ၂၁၇၂၄၆ | - |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | ၃၈၇၀၀ | - | - | - | ၃၈၇၀၀ | - |
| ၁၄။ | ရှမ်းပြည်နယ် | ၁၄၀၀၀ | ၁၀၀၀၀ | - | - | ၁၄၀၀၀ | ၁၀၀၀၀ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | ၄၅၀၀၀၀ | - | - | - | ၄၅၀၀၀၀ | - |
| | ပြည်ထောင်စုချုပ် | ၉၄၃၉၉၆ | ၄၆၆၀၀ | ၁၀၁၀၀ | ၆၆၀၀၀ | ၉၅၄၀၉၆ | ၁၁၂၆၀၀ |

ဩဂုတ် ၇ ရက်အထိ မိုးစပါးပျက်စီးဧက ၄၃၉၄၉၆ ဧကအပေါ် တစ်ဧကမျိုးတစ်တင်းနှုန်းဖြင့် ၄၃၉၄၉၆ တင်းလိုအပ်မည်ဖြစ်ပြီး ဒေသတွင်းစုဆောင်းထားပြီးဖြစ်ပါသည်။

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း "ဆော်ဒီလာ" တရုတ်(တိုင်ပေ)တွင် တိုက်ခတ် လူခြောက်ဦးထက်မနည်းသေဆုံး၊ အများအပြားဒဏ်ရာရ

**တိုင်ပေ ဩဂုတ် ၈**

တရုတ်(တိုင်ပေ)အရှေ့ပိုင်း၌ ဩဂုတ် ၈ ရက်က အင်အားပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်း"ဆော်ဒီလာ" တိုက်ခတ်ခဲ့ရာ လူခြောက်ဦး သေဆုံးကာ လေးဦးပျောက်ဆုံးပြီး ၁၀၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်(တိုင်ပေ)သဘာဝဘေးအန္တရာယ်ဆောင်ရွက်ရေးဌာနကပြောကြားသည်။ အဆိုပါမုန်တိုင်းသည် တရုတ်နိုင်ငံ၏ ယခုနှစ်အတွင်း (၁၃)ကြိမ်မြောက်မုန်တိုင်းဖြစ်သည်။

မုန်တိုင်းကြောင့် တရုတ်(တိုင်ပေ) သမိုင်းတွင် အကြီးမားဆုံးဓာတ်အားပြတ်တောက်မှုအဖြစ် အိမ်ထောင်စု သုံးသန်းကျော်အား ဓာတ်အားပေးပို့မှု ဖြတ်တောက်ခဲ့ကြောင်း၊ မြို့တော်တွင်းရှိ စီရင်စုနယ်မြေများတွင် ၂၄ နာရီအတွင်းမိုးသည်းထန်မှု ကြုံတွေ့ရမည်ဖြစ်ကြောင်း၊တိုင်ဖွန်းမုန်တိုင်း"ဆော်ဒီလာ"က အစပြုလာသော အနောက်တောင်မုတ်သုံလေကြောင့် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှု မြင့်တက်လာနိုင်သည်။ တရုတ်(တိုင်ပေ) အလယ်ပိုင်း၊ တောင်ပိုင်းနှင့် တောင်ကုန်းထူထပ်သော နယ်မြေများရှိ ဒေသခံများကို သတိပေးထားသည်။

"ဆော်ဒီလာ" မုန်တိုင်းမှာ တစ်နာရီ ၁၃၇ မှ ၁၇၃ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်နေဆဲဖြစ်ပြီး ရှစ်မီတာမှ ၁၁ မီတာထိ မြင့်သော ကြီးမားသည့် လှိုင်းလုံးကြီးများကို တရုတ်(တိုင်ပေ) အရှေ့ဘက်ကမ်းခြေတစ်လျှောက် မြင်တွေ့ခဲ့ရသည်။ မုန်တိုင်းမှာ ထိုင်ဝမ်ရေလက်ကြားအနီးရှိ ပန်ဟူးစီရင်စုနယ်မြေ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၅၀ အကွာတွင် ဗဟိုပြုနေပြီး ညနေ ၃ နာရီမှစ၍ တစ်နာရီလျှင် ၁၈ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်သို့ ဦးတည်တိုက်ခတ်နေသည်။ ဩဂုတ် ၈ ရက်တွင် တရုတ်(တိုင်ပေ)ရှိ ရုံးများ၊ ကျောင်းများအားလုံးကိုပိတ်ထားပြီး မြန်နှုန်းမြင့်ရထားလိုင်းများ၊ ပုံမှန်ရထားကွန်ရက်များပြေးဆွဲမှုကို ဩဂုတ်လအစောပိုင်းကတည်းက ဆိုင်းငံ့ထားသည်။ တရုတ်(တိုင်ပေ)ကျွန်းပေါ်ရှိ လေဆိပ်များအားလုံးကိုလည်းပိတ်ထားခဲ့ပြီး ပျံသန်းရောက်ရှိလာမည့် လေယာဉ်များကို ဟောင်ကောင်နှင့် အိုဆာကာအပါအဝင် အခြားမြို့တော်များတွင် ဆင်းသက်စေသည်။

**[ဆင်ဟွာ]**





# မာလီဟိုတယ် တိုက်ခိုက်မှု လူ ၁၂ ဦး သေဆုံး

**ဘာမာကို ဩဂုတ် ၈**

မာလီနိုင်ငံအလယ်ပိုင်းတွင်တည်ရှိသည့် ကုလသမဂ္ဂဝန်ထမ်းများ တည်းခိုသော ဟိုတယ်တစ်ခုကို အိုင်အက်စ်စစ်သွေးကြွများဟု သင်္ကာမကင်းသူများက ယနေ့ဝင်ရောက်သိမ်းပိုက်ခဲ့သဖြင့် လူ ၁၂ ဦးသေဆုံးခဲ့ကြောင်း မာလီအစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူများမှာ မာလီတပ်ဖွဲ့ဝင်ငါးဦး၊ ဧည့်သည်သုံးဦးနှင့် စစ်သွေးကြွလေးဦး အပါအဝင် စုစုပေါင်းလူ ၁၂ ဦးသေဆုံးခဲ့ရသည်။ ယင်းသေဆုံးသူတွေထဲမှာ မာလီနိုင်ငံသားများ ပါဝင်ခြင်းရှိမရှိကိုမူ ရှင်းလင်းစွာမသိရသေးပေ။

"အခုကျွန်တော်တို့ဟာ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ကုလသမဂ္ဂက ပေးပို့တဲ့ အသေးစိတ်အချက်အလက်တွေကိုပဲ စောင့်နေရပါတယ်' ဟု မာလီအစိုးရပြောရေးဆိုခွင့်ရှိသူ ချိုင်ွေးလ်ကိုကလာမိုင်ဂါက ပြောကြားသည်။

မာလီတပ်ဖွဲ့ဝင်များသည် အဆိုပါဟိုတယ်ထဲ၌ ဧည့်သည်အဖြစ် ဖမ်းဆီးထိန်းသိမ်းထားသည့် လူလေးဦးကိုကယ်တင်နိုင်ခဲ့ပြီးနောက် အဆိုပါ စစ်သွေးကြွများအား ဖမ်းဆီးရန်အလို့ငှာ ဟိုတယ်နှင့်အနီးဝန်းကျင်ရှိအဆောက်အအုံများတွင် လိုက်လံရှာဖွေမှုများ လုပ်ဆောင်လျက်ရှိသည်ဟုသိရသည်။ အဆိုပါဟိုတယ်တိုက်ခိုက်မှုတွင် လူကိုးဦး သေဆုံးခဲ့သည်ဟု မာလီအစိုးရတာဝန်ရှိသူများက ကနဦးကကြေညာထားသည်။

**[ရိုက်တာ]**

# စူးအက်တူးမြောင်း တိုးချဲ့ဖွင့်လှစ်နိုင်မှု အီဂျစ်စီးပွားရေး တိုးတက်မှုအတွက် ထောက်ကူ

**ကိုင်ရို ဩဂုတ် ၈**

စူးအက်တူးမြောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် အာရပ်ကမ္ဘာ၌ လူဦးရေအများဆုံး နိုင်ငံဖြစ်သည့် အီဂျစ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သမ္မတ အဗ္ဗဒူလ်ဖာတာ အယ်လ်စီစီက ပြောကြားသည်။

အီဂျစ်နိုင်ငံ၏ စူးအက်တူးမြောင်းတိုးချဲ့ရေးစီမံကိန်း ပြီးဆုံးခဲ့ပြီးနောက် ဩဂုတ် ၆ ရက်တွင် တရားဝင် ဖွင့်လှစ်ခဲ့သည်။ မူလတူးမြောင်းမှာ ကီလိုမီတာ ၁၉၀ အရှည်ရှိပြီး အသစ်တူးဖော်သော ရေလမ်းကြောင်းမှာ ၃၅ ကီလိုမီတာ အရှည်ရှိကာ တူးမြောင်းအဟောင်း၏ အစိတ်အပိုင်းအချို့တွင် ၃၇ ကီလိုမီတာ အရှည်ထပ်မံ တိုးချဲ့ခြင်းနှင့် နက်ရှိုင်းအောင် တူးဖော်ခြင်းတို့ ပြုလုပ်ခဲ့သည်။

စူးအက်တူးမြောင်း တိုးချဲ့နိုင်ခြင်းကြောင့် ပင်လယ်ကူးသင်္ဘောများ အနေဖြင့် တူးမြောင်းကို ဖြတ်သန်းရန် စောင့်ဆိုင်းရခြင်းနှင့် ဖြတ်သန်းချိန်တို့ကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် အရွယ်အစား ပိုမိုကြီးမားသော ပင်လယ်ကူးသင်္ဘောများ ဖြတ်သန်းနိုင်စေမည်ဖြစ်သည်။

ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ တူးမြောင်းတိုးချဲ့ရေး စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။

စူးအက်တူးမြောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတကာမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ ကို ဖိတ်ခေါ်ခဲ့သည်။

**[ရိုက်တာ]**

# ဂျပန်အုပ်စိုးမှု နှစ် (၇၀) ပြည့် အထိမ်းအမှတ်နှင့် တိုက်ဆိုင်၍ မြောက်ကိုရီးယားက ကိုယ်ပိုင်ဒေသစံတော်ချိန်သစ် သတ်မှတ်

**ဆိုးလ် ဩဂုတ် ၈**

ကိုရီးယားကျွန်းဆွယ်ဒေသ ဂျပန်တို့၏ အုပ်စိုးမှုအောက်မှ လွတ်မြောက်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် မြောက်ကိုရီးယားနိုင်ငံက တူညီသော ဒေသစံတော်ချိန် (Time Zone)ကို သတ်မှတ်လိုက်ကြောင်း၊ တူညီသော ဒေသစံတော်ချိန်ကို သီးသီးသန့်သန့် သတ်မှတ်လိုက်ခြင်းဖြင့် ယခင်သုံးစွဲလာသည့် တူညီသော ဒေသစံတော်ချိန်ထက် မိနစ် ၃၀ ပိုမို နောက်ကျကြောင်း မြောက်ကိုရီးယားအစိုးရ ဗဟိုသတင်းဌာန(ကေစီအင်န်အေ)က ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ပြိုင်ဘက် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့နှင့်အတူ တူညီသော စံတော်ချိန်ကို ယခင်က အသုံးပြုလာခဲ့သည်။ ယင်းမှာ ဂရင်းနစ်စံတော်ချိန်ထက် ၉ နာရီ ပိုစောသည်။

"ပြုံယမ်းဒေသစံတော်ချိန်"ဟု သတ်မှတ်ခေါ်ဝေါ်မည့် စံတော်ချိန်ဆိုင်ရာ ပြောင်းလဲ သတ်မှတ်မှုသည် လာမည့် ဩဂုတ် ၁၅ ရက်မှ စတင်ကာ အကျိုးသက်ရောက်မည်ဖြစ်သည်။

ကိုရီးယား ကျွန်းဆွယ်ဒေသတွင် ဂျပန်အုပ်ချုပ်ရေး မစတင်မီကာလက ကျင့်သုံးခဲ့သော ဒေသစံတော်ချိန်ကို မြောက်ကိုရီးယား နိုင်ငံက ပြန်လည်ကျင့်သုံးခြင်းဖြစ်သည်။

**[ရိုက်တာ]**

# ပြည်ပမှ တင်သွင်းလာသော စားသောက်ကုန်များကို ရုရှားဖျက်ဆီး



**မော်စကို ဩဂုတ် ၈**

ရုရှားနိုင်ငံတွင် စီးပွားရေးအရေးယူ ပိတ်ဆို့ထားခြင်းကို ချိုးဖောက်ပြီး တင်သွင်းလာသည့် အနောက်နိုင်ငံများမှ ထုတ်လုပ်သော ဒိန်ခဲနှင့် စားသောက်ကုန် တန်ပေါင်းများစွာကို ဘူဒိုဇာဖြင့် ကြိတ်၍ ဖျက်ဆီးခဲ့ကြောင်း ယမန်နေ့ သတင်းများတွင် ဖော်ပြသည်။

ဝက်သားခြောက်ပုံကြီး တစ်ပုံကို မီးရှို့ပစ်ခဲ့ပြီး သစ်သီးများကိုလည်း လမ်းကြိတ်စက်ဖြင့် ကြိတ်ပစ်ခဲ့သည်။

မော်စကိုက ကရိုင်းမီးယားဒေသကို ၎င်း အချုပ်အခြာအာဏာအောက် သွတ်သွင်းသဖြင့် ဥရောပသမဂ္ဂ(အီးယူ)နှင့် အမေရိကန် ပြည်ထောင်စုတို့က စီးပွားရေးအရ အရေးယူပိတ်ဆို့ခြင်းအား လက်တုံ့ပြန်သောအားဖြင့် အနောက်နိုင်ငံများမှ ထုတ်လုပ်သည့် စားသောက်ကုန်အချို့ကို နိုင်ငံအတွင်းသို့ မသွင်းရန် တားမြစ်ပိတ်ပင်ပြီးနောက် တစ်နှစ်အကြာတွင် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

ဆင်းရဲမှုပပျောက်ရေး လှုပ်ရှားသူတို့က အဆိုပါ စားသောက်ကုန်များသည် ဆင်းရဲသားများကို ဝေငှရန်ဖြစ်ကြောင်း ပြောဆို၍ ကန့်ကွက်ခဲ့ကြသည်။

လမ်းကြိတ်စက် တစ်စင်းသည် ဒိန်ခဲ ကိုးတန်ကို ဖျက်ဆီးရန်အတွက် အချိန်တစ်နာရီကြာသည်။ ဝက်သားခြောက်ပုံများကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။ မက်မွန်သီးနှင့် ခရမ်းချဉ်သီးများကို ထွန်စက်များဖြင့် တက်ကြိတ်ပစ်သည်။

ဘာသာရေးခေါင်းဆောင်များက မခံမရပ်နိုင်ဖြစ်ကြပြီး ဤသို့သော ဆောင်ရွက်ချက်သည် မိုက်မဲပြီး ရူးသွပ်ခြင်းဖြစ်သည်ဟု လည်းကောင်း၊ စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသည်ဟု လည်းကောင်း ပြောကြားခဲ့ကြသည်။

**[ရိုက်တာ]**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်
## သွားဘက်ဆိုင်ရာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

Dip.D.Sc. (General Dental Practice)

OTS-98

## သားလေးသီဟမင်းစံ(ခ)တုံတုံ၏
## လေးနှစ်ပြည့်မွေးနေ့ဆုတောင်း

၉-၈-၂၀၁၅ ရက်တွင်ကျရောက်သော သားသားလေးသီဟမင်းစံ(ခ)တုံတုံ၏ လေးနှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း တစ်ရာတိုင် တတ်သိလိမ္မာထူးချွန်ထက်မြက်သော သားကောင်းရတနာအဖြစ် ချစ်သောဘိုးဘိုး ဘွားဘွား ဖေဖေ မေမေ ချစ်မိသားစုများနှင့် သက်ဆုံးတိုင် နေနိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နှစ်ဖက်သောချစ်ဘိုးဘိုး၊ ဘွားဘွားများ**
**ချစ်သောဖေဖေ၊ မေမေ**
**ချစ်လေးလေးကိုရဲ-ချစ်တီတီနွေး**
**ချစ်တီတီဂျူးနှင့်(၉)မိုင်မိသားစု**

၈.၈.၂၀၁၅ ... Grade ... Grade VII ... Travels & Tours Co.,Ltd

## ရိုးမဖြတ်ကျော်ကားလမ်းတွင် ကျွန်းသစ်ခွဲသားများဖမ်းမိ

**ရေတာရှည် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်းတွင် တရားမဝင် ကျွန်းသစ်ခွဲသားများတင်ဆောင်လာသော ယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့နယ်သစ်တောဦးစီးဌာနမှ စိုင်းရသစ်တောကြိုးဝိုင်း ဘိနယ်တာဝန်ခံ တောအုပ်မြင့်ထွေး ဦးစီးအဖွဲ့သည် ဩဂုတ် ၂ ရက် ညနေ ၆ နာရီခန့်က ရိုးမဖြတ်ကျော်ကားလမ်းတွင် တရားမဝင်သစ်ထုတ်လုပ်မှုများ မရှိစေရန် စောင့်ဆိုင်းနေစဉ် ကားလမ်းမိုင်တိုင်အမှတ် ၆/၀ အနီး၌ ပြည့်ဖြိုးအောင် ၂၄ နှစ် တောင်စဉ်အေးကျေးရွာ လယ်ဝေးမြို့နယ်နေသူ မောင်းနှင်လာသော နီဆန်း ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ယာဉ်ပေါ်တွင် တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၃ ဒသမ ၇၉၉၂ တန် ကာလပေါက်ဈေးကျပ် ၁၈၉၉၆၀၀ တန်ဖိုး ဖမ်းဆီးရမိခဲ့၍ ဆွာနယ်မြေရဲစခန်းက (ပ)၁၁၈/၂၀၁၅ ပြည်သူပိုင်ပစ္စည်းများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် ဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိုးကောင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ဇူလိုင် ၁၇ မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် နန့်ရင်းချောင်းနှင့် နန့်ကောင်းချောင်းရေများ မြင့်တက်ခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားကာ လူနေအိမ်များနှင့် မြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၂၃ အုပ်စု၊ တောင်သူ ၁၅၅၈ ဦး၊ ကွင်းပေါင်း ၉၀၊ လယ်ဧက ၁၂၀၇၀ ရေလွှမ်းမိုးခြင်းခံခဲ့ရာ ဩဂုတ် ၅ ရက်အထိ ကွင်းဆင်းစစ်ဆေးချက်အရ ကျေးရွာအုပ်စု ၂၀၊ တောင်သူပေါင်း ၁၃၅၁ ဦးပိုင် ကွင်းပေါင်း ၈၂ ကွင်းမှ ဧကပေါင်း ၈၂၈၉ ဒသမ ၁၄ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်ယာမြေများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ ဖွဲ့စည်းပြီး လွဲလောကျေးရွာအုပ်စု လွဲလောမွှာရုံ၌ လယ်ယာမြေနစ်မြုပ်ပျက်စီးသွားသော တောင်သူများ ပြန်လည်ထွန်ယက် စိုက်ပျိုးနိုင်ရေးနှင့် မျိုးစပါးများ စိုက်ထုတ်ပေးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လွဲလောကျေးရွာမှ တောင်သူနှစ်ဦး၏ လယ်သုံးဧက၊ မန်ပင်ကျေးရွာမှ တောင်သူနှစ်ဦး၏ လယ်ခုနစ်ဧကနှင့် အင်ကြင်းကျေးရွာမှ တောင်သူနှစ်ဦး၏ လယ်ခုနစ်ဧက စုစုပေါင်းတောင်သူခြောက်ဦး၏ လယ် ၁၇ ဧကတို့အတွက် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များစိုက်ထုတ်ပေးခြင်းနှင့် SONARNIKA (90-Hp) လယ်ယာသုံးထွန်စက်ငါးစီးဖြင့် တောင်သူများအား အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေကျဆင်းသော်လည်း ကနီမြို့နယ်ရှိ ကျေးရွာများတွင် နွံများတင်ကျန်၍ ဆန်နှင့်ပစ္စည်းများဆက်လက်ထောက်ပံ့

**ကနီ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်သည့်ကျေးရွာပေါင်း ၆၅ ရွာရှိ အိမ်ထောင်စု ၇၅၆၂ စုမှ အိမ် ၇၃၄၀၊ စာသင်ကျောင်း ၂၈ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်း ရေလွှမ်းမိုးမှုခံခဲ့ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းကောက်ယူမှုအရ သိရသည်။

ယခုအခါ ချင်းတွင်းမြစ်ရေကျဆင်းသွားသော်လည်း အိမ်များအတွင်း နွံများတင်ကျန်နေမှုကြောင့် မြို့ပေါ်ရှိ အမှတ်(၂)ရပ်ကွက် ဓမ္မပါလသာသနာ့ဗိမာန်နှင့် အမှတ်(၁) အ. ထ. ကကျောင်းများရှိ ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ကင်း၊ အုမ္မ၊ ကဲဒေါင်၊ ဆင်အို၊ ယင်းယိမ်၊ ထူးပေါက်၊ ဝယာ၊ မျိုင်းနှင့် ဘုမ္မဇင်းကျေးရွာအုပ်စုများရှိ ကျေးရွာ ၂၉ ရွာမှ အိမ်ထောင်စု ၃၂၁၆ စုများသို့ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာနှင့် အခြားအဝေးမှအလှူရှင်များ၏ လှူဒါန်းမှုများ၊ လူငယ်ပရဟိတအဖွဲ့များ၊ လူမှုကူညီရေးအသင်းများ၏ လှူဒါန်းမှုများကို လက်ခံ၍လည်းကောင်း၊ အလှူရှင်များကိုယ်တိုင်သော်လည်းကောင်း မြို့နယ်ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာများအရောက်စက်လှေများဖြင့် သွားရောက်၍ ဩဂုတ် ၆ ရက်က လှူဒါန်းထောက်ပံ့ပေးခဲ့သည်။

အလှူရှင်များမှလှူဒါန်းသည့် ဆန်၊ ရေသန့်နှင့် အလွယ်တကူ ချက်ပြုတ်စားသောက်နိုင်သော ခေါက်ဆွဲခြောက်များ၊ ငါးသေတ္တာဘူးများ၊ ကုလားပဲများ၊ ကြက်ဥနှင့် အခြားပစ္စည်းများကို ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများအရောက် သွားရောက်လှူဒါန်းပေးအပ်ခဲ့ပြီး မြို့နယ်အတွင်းမှ ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သည့် အခြားကျေးရွာများအထိ လှူဒါန်းထောက်ပံ့မှုများကို မြို့နယ်ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီမှ ဆောင်ရွက်သွားမည် ဖြစ်သည်။

**သန်းငွေအောင်(ကနီ)**

## ချောက်မြို့နယ်မဂ်လာကြိုးတံတားတွင် အမှိုက်များပိတ်ဆို့နေမှုအား လုပ်အားပေး

**ချောက် ဩဂုတ် ၈**

ချောက်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အမှတ် (၂) နှင့် အမှတ်(၄) ရပ်ကွက်ကိုဆက်သွယ်ထားသော မဂ်လာကြိုးတံတားပေါ်တွင် တစ်ပေခန့် မြစ်ရေဝင်ရောက်ခဲ့သည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် ချောင်းမြောင်းများမှ စီးဆင်းလာသော အမှိုက်သရိုက်များ ပိတ်ဆို့နေမှုအား ချောက်မြို့နယ် ခလရ (၁၃) မှ ဒုတပ်ရင်းမှူး ဗိုလ်မှူးရန်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ခန့်ဖြင့် ပူးပေါင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါအမှိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာနမှ SKET ကားသုံးစီးဖြင့် အသွားအပြန်သယ်ယူဆောင်ရွက်ခဲ့ကြပြီး ဧရာဝတီမြစ်ဝတွင် ပိတ်ဆို့နေသော အမှိုက်သရိုက်များကို စက်လှေယာဉ်များဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**










**ယာဉ်မောင်းအမြန်အလိုရှိသည်**(၈မိုင်)
- ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်
(၀၉-၇၉၀၈၈၁၈၅၆)

**ခွေးရောင်းမည်**
**Alsation-3-**လ
**Chuihuahua-2-**လခွဲ
**Golden Retriever-2-**လ
နိုင်ငံခြားခွေးမျိုးစုံအော်ဒါမှာယူနိုင်ပါသည်။
**Hp-09-420267148**

**နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း**
ကျွန်တော် မောင်ဝင်းနိုင်[T.G.K (N)067543] နှင့် မသန္တာနိုင်[T.G.K(N)056256] တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၆-၇-၂၀၁၅ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ နောက်နောင်တွင် မသန္တာနိုင်နှင့်ပတ်သက် သော ကိစ္စအဝဝမှာ ကျွန်တော်မောင်ဝင်းနိုင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မောင်ဝင်းနိုင်**[T.G.K(N)067543]

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ် များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

# ကမ္ဘာစစ်သင်ခန်းစာ ဘာသာလဝါမပြုကြစေလို

## ကိုရင်ဩ

ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် နှစ် ၅၀ ကာလအတွင်းမှာပင် ကြောက်မက်ဖွယ်ရာ အတိပြီးသော သတ္တန္တရကပ်(ဝါ)လက်နက်ဘေးကြီး (စစ်မက်ဘေးကြီး) နှစ်ကြိမ်တိုင်တိုင် ကျရောက်မှုကို ခံစားခဲ့ရလေသည်။

၁၉၁၄-၁၉၁၈ ခုနှစ် ပထမကမ္ဘာစစ်ကြီးအပြီး စစ်၏ အနိဋ္ဌာရုံများပေါ်မှ သံဝေဂ ပွားခဲ့ကြကာ 'နိုင်ငံပေါင်းချုပ်အသင်းကြီး' ကို ထူထူထောင်ထောင်ပြုခဲ့ကြလင့်ကစား စစ်မက်တားဆီးရေးဟူသောအသင်း၏ ရည်ရွယ်ချက်မှာ ယက်ကန်ယက်ကန် ရှိခဲ့ရသည်။ ယင်းနောက်တွင် နယ်ချဲ့ဝါဒီများ၏ ယိုးမယ်ဖွဲ့ထားသည့် အကြောင်းတရားများဖြင့် မှိုင်းမိနေသော ကမ္ဘာကြီးသည် ဒုတိယကမ္ဘာစစ်တည်းဟူသော ကပ်ဘေးဆိုးကြီးကို ရင်ဝယ်ပိုက်ကာ စစ်တလင်း ဖြစ်ခဲ့ရပြန်သည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်နေ့သည် ဒုတိယကမ္ဘာစစ်ကြီး၏ ကံကြမ္မာကို ပါစင်အောင် အဆုံးအဖြတ်ပေးသည့် နေ့ရက်တစ်ရက်ဟုဆိုက မှားအံ့မထင်ပေ။ အကြောင်းမူကား ယင်းနေ့တွင် အမေရိကန် လေတပ်က ဂျပန်နိုင်ငံ ဟီရိုရှီးမား မြို့ပေါ်သို့ အဏုမြူဗုံးတစ်လုံးကို ရက်ရက်စက်စက် ကြဲချခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ဂျပန်နိုင်ငံ ဟွန်းရှူးကျွန်းတောင်ဘက် ကမ်းခြေပေါ်၌ တည်ရှိသော ဟီရိုရှီးမားမြို့သည် ယင်းနေ့၏ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် ငရဲပွက်သည့်ပမာ သွေးပျက်ခဲ့ရရှာသည်။

အမေရိကန်လေတပ်မှ ငါးမန်းကျွဲနှင့်တူလှသည့် Enola Gay အမည်ရှိ ဘီ-၂၉ အမျိုးအစား ဗုံးကြဲလေယာဉ်တစ်စင်းသည် ဟီရိုရှီးမားမြို့၏ ကောင်းကင်ယံအတွင်း ညီးညီးညံညံ ဆူညံစွာ ဝဲပျံကာ အဖျက်စွမ်းပကား ကြီးမားစေနိုင်သော လက်နက်သစ်တစ်မျိုးကို ကြဲချခဲ့သည်။ ယင်း လက်နက်သစ်ကား အဏုမြူဗုံးပင် ဖြစ်တော့သည်။

ရန်စွယ်နှင့်ငေါငေါရှိနေသည့် အမေရိကန်က စစ်ကာလအတွင်း ပထမဆုံးအကြိမ် အဏုမြူဗုံးအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းအဖြစ် သမိုင်းတွင်ရစ်ပြီး မြို့သူမြို့သား ၇၀၀၀၀ ခန့်မှာ အတုံးအရုံးဖြင့် သေပွဲဝင်ခဲ့ကြရလေသည်။

ထို အဏုမြူဗုံးသည် မြို့လယ်အထက် ပေ ၁၀၀၀ ခန့်အမြင့်တွင် ဧရာမမှိုပွင့်ကြီးအသွင် ပေါက်ကွဲခဲ့ပြီး တစ်မြို့လုံး နီးပါးမျှ မီးလောင် ပျက်စီးခဲ့ ရလေသည်။ လူဦးရေ ၃၄၀၀၀၀ ကျော်နေထိုင်သည့် ယင်းမြို့မှာလည်း ကျွဲနှစ်ကောင်ခတ်သည့်အကြား မြေစာပင် ပျက်စီးရဘိသကဲ့သို့ ပြားပြားဝပ်မျှ ပျက်သုဉ်းကုန်၏။ အဏုမြူဗုံးဒဏ်ကြောင့် ပြည်သူ ၅၉၀၀၀ ခန့် ဒဏ်ရာရကြကုန်၏။

တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ သတ္တဝါအပေါင်း ဆင်းရဲကြောင်းဟူ၍ သံဝေဂပွားကြရပြီး ပေဖြစ်လျှင်ခံတူဖြစ်လျှင်နှံ့ဟု ကျွန်ုပ် အောချမိ၏။

ရက်စက်မှု ကြေကွဲ၊ ကြေကွဲမှု နောင်ကြဉ်သည်ဟူ၍ အမေရိကန်က ဆိုကောင်းဆိုမည်။ ကမ္ဘာစစ်ကြီး ပြီးဆုံးရေး အလှမ်းဝေးနေချိန်တွင် ချိန်ခါသင့်နည်းဗျူဟာအဖြစ် ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် စစ်ပွဲအတွင်း အဏုမြူဗုံး ထုတ်သုံးရန် ဆုံးဖြတ်ခဲ့သည်။

ဟီရိုရှီးမား မြို့ပေါ်သို့ ပထမဆုံးအကြိမ် အဏုမြူဗုံးတစ်လုံး ကြဲချခဲ့ပြီးနောက် သုံးရက်အကြာ ဩဂုတ် ၉ ရက်တွင် နောက်ထပ် အဏုမြူဗုံးတစ်လုံးကို ဂျပန်နိုင်ငံ နာဂါဆာကီမြို့ပေါ်သို့ ကြဲချခဲ့ပြန်သည်။

သာမန်ဗုံးများထက် အဆပေါင်းများစွာ အင်အားကြီးမား၍ အထိရောက်ဆုံး လက်နက်ဖြစ်သည့် အဏုမြူဗုံးများကြောင့် ထိုမြို့ကြီးနှစ်မြို့၌ သုံးပုံနှစ်ပုံခန့်မှာ ပြာပုံဘဝ အတိရောက်ခဲ့ရလေသည်။

**အရှေ့ဖျား စစ်မျက်နှာပုံရိပ်လွှာ**

ကမ္ဘာစစ်ပြီးဆုံးခါနီး အရှေ့ဖျား စစ်မျက်နှာ၏ ပုံရိပ်လွှာကို သမိုင်းဆရာတို့က ဤသို့မှတ်ချက်ပြုသည်။

ဥရောပစစ်မျက်နှာတွင် ဂျာမန်နှင့် အခြားဖက်ဆစ်အင်အားစုများ အရေးနိမ့်လျက်ရှိစဉ် ကမ္ဘာအရှေ့ဖျားစစ်မျက်နှာတွင်လည်း ဂျပန်တို့ တဖြည်းဖြည်း အင်အားဆုတ်ယုတ်လျက် သိမ်းပိုက်ပြီး နယ်မြေများမှ ဆုတ်ခွာနေခဲ့ကြရသည်။ ပစိဖိတ်စစ်မျက်နှာတွင် အမေရိကန်က တာဝန်ယူ၍ အခြားမဟာမိတ်နိုင်ငံများနှင့်အတူ တိုက်နေရသည်။ ပစိဖိတ်အလယ်ပိုင်းဒေသတွင် အမေရိကန်ရေကြောင်းဗိုလ်ချုပ်နီမစ်က အုပ်ချုပ်၍ ပစိဖိတ်အနောက်ပိုင်းတွင် ဗိုလ်ချုပ်အာသာက အုပ်ချုပ်ပြီးလျှင် အာရှအရှေ့ တောင်ပိုင်းတွင်မူ ဗြိတိသျှရေကြောင်း ဗိုလ်ချုပ်မောင့်ဘက်တန်က တာဝန်ယူရသည်။ တရုတ်စစ်တပ်များကို ချန်ကေရှိတ်က ဦးစီးလျက်ရှိသည်။

မဟာမိတ်တပ်ပေါင်းစုများ၏ လူအင်အား၊ လက်နက်အင်အား၊ စစ်ပစ္စည်းအင်အားမှာ ဂျပန်တို့ထက်များစွာ သာလွန်သော်လည်း ဂျပန်ကျွန်းပေါ်သို့ တက်ရောက်သိမ်းပိုက်ရန်မှာ မလွယ်ကူလှချေ။ အထူးလေ့ကျင့်ထားသော ဂျပန်စစ်သားများမှာလည်း အသက်နှင့်လဲ၍ ခုခံကာကွယ်လျက်ရှိသည်။

သို့ဖြစ်လေရာ ပထဝီ အနေအထားနှင့် ဂျပန်စစ်သားများ၏ အရှုံးမပေးလိုသော စိတ်ဓာတ်ကြောင့် အမေရိကန်တပ်များသည် ကျွန်းတစ်ကျွန်းကို သိမ်းယူရန်အတွက် အသက်ပေါင်းများစွာ စွန့်လွှတ်ကာပြင်းထန်သော တိုက်ပွဲများကို ဆင်နွှဲရလေသည်။ ပစိဖိတ်အလယ်ပိုင်းတွင် ရေကြောင်းဗိုလ်ချုပ် နီမစ်သည် ဂျပန်ကျွန်းမကြီးများကို တိုက်ခိုက်ရန်အတွက် စစ်စခန်းများရရှိရန် ဂီးလဘတ်ကဒန်း၊ မာရှယ်ကဒန်း၊ ဆိုင်ပန်ကဒန်း၊ မယ်ရီယန္နားကဒန်းများနှင့် ပါလောင်ကျွန်းများကို တိုက်ခိုက်သိမ်းယူလေရာ ဂျပန်စစ်သားများကလည်း စွန့်စွန့်စားစား ပြန်လှန်၍ ခုခံတိုက်ခိုက်ကြသဖြင့် နှစ်ဦးနှစ်ဖက် အကျအဆုံးမှာ ကြောက်ခမန်းလိလိဖြစ်တော့သည်။

အလယ်ပိုင်း စစ်မျက်နှာတွင် နီမစ်၏ တပ်များက ကျွန်းများကိုသိမ်းပိုက်နိုင်ရန် တိုက်ခိုက်နေစဉ် မက်အာသာ၏ တပ်များသည် ဖိလစ်ပိုင်ကျွန်းစုရှိလေးတီးကျွန်းပေါ်သို့ တက်ရောက်ကြသည်။ ၁၉၄၅ ခုနှစ် ဇန်နဝါရီလတွင် လူဇုန်ကျွန်းထက်သို့ တက်ရောက်ကြသည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မနီလာမြို့တော်ကို သိမ်းယူရရှိသည်။ ဇူလိုင်လ လောက်တွင် ဖိလစ်ပိုင်ကျွန်းအားလုံးကို သိမ်းပိုက်မိလေသည်။

အရှေ့ဖျားစစ်မျက်နှာတွင် အရေးကြီးသော စစ်မျက်နှာတစ်ခုမှာ မြန်မာပြည်မြောက်ပိုင်း အိန္ဒိယနယ်စပ်တွင်ဖြစ်သည်။ ဂျပန်တို့သည် အာသံကိုဝင်ရောက်တိုက်ခိုက်ရန်ပြင်ဆင်နေကြသည်။ အာသံကို သိမ်းယူရန် သုံးကြိမ်တိုင်တိုင် ကြိုးစားသော်လည်း မအောင်မြင်ချေ။ ၁၉၄၄ ခုနှစ်တွင် အင်္ဂလိပ်၊ အမေရိကန်တို့ကလည်း မြန်မာပြည်ကို ပြန်လည်သိမ်းယူရန် ကြိုးစားကြသည်။ ဗိုလ်ချုပ်ဝင်းဂိတ်၏ လေထီးတပ်သားများကို အထက်မြန်မာပြည်သို့ ချပေးကာ ပြောက်ကျားစစ်ဆင်နွှဲစေခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လတွင် အင်္ဂလိပ်တို့ မန္တလေးကို ပြန်လည်သိမ်းယူသည်။ ထိုမတ်လအတွင်း၌ပင် ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် ဖက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျားတို့သည် ဂျပန်ကို တော်လှန်တိုက်ခိုက်ကြသည်။ ထို့ကြောင့်လည်း မဟာမိတ်တို့က မြန်မာပြည်ကို လျင်မြန်စွာ ပြန်လည်သိမ်းပိုက်နိုင်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဗမာ့တပ်မတော်သားများသည် မြန်မာတစ်မျိုးသားလုံးအား ဖက်ဆစ်ဂျပန်ကို တော်လှန်ရာ၌ ခေါင်းဆောင်ခဲ့သည်။ မြန်မာတစ်မျိုးသားလုံးကလည်း ဗိုလ်ချုပ်အောင်ဆန်း ရှေ့ဆောင်ရာသို့ မသွေမဖည်ဘဲလိုက်ခဲ့၍ ဂျပန်များကို မြန်မာပြည်မှ အချိန်အနည်းငယ်အတွင်းတွင် မောင်းထုတ်နိုင်ခဲ့ပေသည်။

ထိုသို့ ဂျပန်တို့၏အချက်အချာ ကျွန်းမကြီးကို တိုက်ခိုက်ရန်စီစဉ်နေခိုက် မမျှော်လင့်သော အဖြစ်အပျက်များ ပေါ်ပေါက်လာသဖြင့် မူလစစ်အခြေအနေမှာ လုံးဝပြောင်းလဲသွားလေတော့သည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ဂျပန်နိုင်ငံ ဟီးရိုရှီးမားမြို့ပေါ်သို့ ပထမဆုံးအကြိမ် အဏုမြူဗုံးတစ်လုံး ကြဲချလိုက်သည်။ ဩဂုတ် ၈ ရက်တွင် ဆိုဗီယက်ရုရှားက ဂျပန်အား စစ်ကြေညာပြီးလျှင် မန်ချူးရီးယားကို ဝင်ရောက်တိုက်ခိုက်သည်။ ဩဂုတ်လ ၉ ရက်နေ့တွင် နောက်ထပ် အဏုမြူဗုံးတစ်လုံးကို ဂျပန်နိုင်ငံ နာဂါဆာကီမြို့ပေါ်သို့ ကြဲချလိုက်ပြန်သည်။

ဂျပန်တို့ကြံ့ကြံ့မခံနိုင်တော့ဘဲ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် လက်နက်ချကာ အရှုံးပေးလေသည်။ လက်နက်ချသော စာချုပ်ကို စက်တင်ဘာလ ၂ ရက်နေ့တွင် ဂျပန်အစိုးရက လက်မှတ်ရေးထိုးလေသည်။ ဤတွင် ကြောက်မက်ဖွယ်ကောင်းလှသော ဒုတိယကမ္ဘာစစ်ကြီးမှာ ပြီးဆုံးခြင်းသို့ ရောက်ရှိလေတော့သည်။

ကြောက်ခမန်းလိလိ သွေးပျက်ဖွယ်ရာ အဖြစ်ဆိုးကို ရင်နှင့်အမျှခံစားခဲ့ကြရသော ဂျပန်နိုင်ငံသားတို့သည် ပြီးခဲ့သည့်ဩဂုတ် ၆ ရက်က အဏုမြူဗုံးဒဏ်ခံရမှု နှစ် ၇၀ ပြည့်အထိမ်းအမှတ်အခမ်းအနားများကို ဝှံ့ချီးသဘင် ဆင်ယင်ကျင်းပခဲ့ကြလေသည်။

ယနေ့ကာလ ဟီရိုရှီးမားသည် အလွန်တရာကြီးကျယ်လှသည့် ငြိမ်းချမ်းရေး ဥယျာဉ်အဖြစ် ကမ္ဘာ့အလယ် ဝင့်ထည်စွာရပ်တည်နေသည်။

ဟီရိုရှီးမားမြို့၏ နှလုံးသည်းပွတ်တည်ရာ မြို့လယ်မှာ အဏုမြူဗုံး သင့်ရောက်ခဲ့သည့်နေရာအဖြစ် ငြိမ်းချမ်းရေးဥယျာဉ်ကို အထိမ်းအမှတ်ပြု တည်ဆောက်ခဲ့ကြသည်။ ယင်းဥယျာဉ်အနီးအပါး၌ အဏုမြူဗုံးလိပ်ခုံး (Atomic Bomb Dome) ကို တွေ့မြင်နိုင်ပြီး ဂျင်ဘာကုလိပ်ခုံးဟု ဂျပန်တို့က ခေါ်တွင်လေ၏။

ဒုတိယကမ္ဘာစစ်ကို ပွဲသိမ်းစေခဲ့သည့် ပထမမြောက် အဏုမြူဗုံးကို 'ကလေးပေါက်စ' (Little Boy)ဟု အမည်ပေးခဲ့ပြီး နာဂါဆာကီမြို့အပေါ် ကြဲချခဲ့သည့် ဗုံးကိုမူ လူဝကြီး(Fat Man)ဟု ခေါ်တွင်ခဲ့သည်။ ပထမဗုံးမှာ ပေါင်ချိန် ၉၇၀၀ အလေးချိန်ရှိကာ ယူရေနီယမ် ၂၃၅ ပါရှိပြီး ပေါက်ကွဲအား တီအင်န်တီယမ်း ၁၅ ကီလိုတန်ရှိသည်။ ဒုတိယမြောက် အဏုမြူဗုံးမှာမူ ပေါင်ချိန် ၁၀၃၀၀ အလေးချိန်ရှိကာ ပလူတိုနီယမ် ပါရှိပြီး ပေါက်ကွဲအား ၂၁ ကီလိုတန်ရှိသည်။

ဂျပန်နိုင်ငံ လက်နက်ချ အညံ့ခံလာစေရေးအတွက် အဏုမြူလက်နက် အသုံးပြုရန် ဆုံးဖြတ်ခဲ့ခြင်းနှင့် ပတ်သက်၍ အမေရိကန်သမိုင်းတွင် အငြင်းပွားပြောဆိုစရာ ဖြစ်ခဲ့ရသည်။ အမေရိကန်သမ္မတ ထရူးမင်းက အပြီးသတ်ဆုံးဖြတ်ချက် မချမှတ်မီမှာပင် သမ္မတ၏ အတွင်းစည်းအတွင်းမှာပင် လက်နက်အသစ်အဆန်းဖြစ်သည့် အဏုမြူဗုံးအသုံးပြုခြင်းကို အပြင်းအထန်ကန့်ကွက်သူများ ရှိခဲ့သည်။

အမေရိကန်သမိုင်းကို ရိုင်းပျစေခဲ့သော လုပ်ရပ်အဖြစ်ဝေဖန်မှုများ ပေါ်ထွက်ခဲ့ပြီး ဂျပန်နိုင်ငံ အဏုမြူဗုံးဒဏ်ခံရမှု နှစ် ၇၀ ပြည့်မြောက် ခဲ့သည့် ယနေ့ကာလတွင် အဏုမြူလက်နက် ကင်းဝေးသော ကမ္ဘာကြီး တည်ဆောက်ရန် ကမ္ဘာ့ပြည်သူများက ဂျပန်ပြည်သူများနှင့်အတူ ဆန္ဒပြုလျက်ရှိကြလေသည်။

ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည့်တိုင် စစ်အေးကို ကျွန်ုပ်တို့ ဖြတ်သန်းခဲ့ရပြန်သည်။ စစ်၏ အနိဋ္ဌာရုံများပေါ်မှ သင်ခန်းစာကောင်းစွာ မရသေးသူများက ရန်လိုရန်ပိုနေကြဆဲဖြစ်သည်။ အတွင်းရန်သူရော၊ အပြင်ရန်သူပါ ငြိမ်းသတ်ရမည့်အစား ရန်မီးပွားခဲ့ကြခြင်းဖြင့် ၁၉၉၀ ပြည့် လွန်နှစ်များအထိ စစ်အေးကာလ ကြိမ်မီးအုံးခဲ့သည်။

ဆိုဗီယက်ယူနီယံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်တို့သည် ဒုတိယကမ္ဘာစစ်၏ နောက်ဆုံးလေးနှစ်အတွင်း ဝင်ရိုးတန်း အင်အားကြီးနိုင်ငံများကို ဆန့်ကျင်သော မဟာမိတ်များအဖြစ် ရပ်တည်ခဲ့ကြလင့်ကစား နောက်ပိုင်းတွင် သဘောကွဲလွဲမှု အမြောက်အမြားရှိခဲ့သည်။

စစ်အပြီးကာလ တည်ရှိလာမည့် ကမ္ဘာကြီး၏ ပုံသဏ္ဌာန်နှင့် ပတ်သက်၍ သဘောကွဲလွဲမှုမှာ အဆိုးရွားဆုံးဖြစ်ပေလိမ့်မည်။


ဝင်ရိုးတန်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် ၁၉၅၁ ခုနှစ် စက်တင်ဘာလရောက်မှ စစ်ပြေငြိမ်းရေး စာချုပ်ကို ချုပ်ဆိုခဲ့သည်။

ဟီရိုရှီးမားနှင့် နာဂါဆာကီတို့က ပေးစွမ်းသော သင်ခန်းစာကို ကမ္ဘာ့နိုင်ငံများအားလုံးက ဘာသာလဝါ မပြုကြမှသာလျှင် ချူလက်နက် ကင်းရှင်းသော ကမ္ဘာကြီးကို တည်ဆောက်နိုင်မည်ဟု ကျွန်ုပ်တွေးဆမိပါသည်။ ။





အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

**အခန်း–၁၁**

**မောင့်တရားဦး**

ဖွေးဖြူးစင်ကြယ်သော သဲငွေပြန်တို့ကြောင့် ပင်းချောင်းသည် နွေဦး မြစ်လယ်မှ သောင်ပြင်သဖွယ် တင့်တယ်ကျယ်လွင်လှပနေ၏။

ကြည်လင်စိမ်းလဲ့သော ရေတိမ်တိမ်သည် ချောင်းလယ်၌ အယဉ်ငွေ့ငွေ့နှင့် သိမ်မွေ့စွာ စီးသည်ဆိုရုံ စီးဆင်းနေ၏။

ချောင်း၏ ဒီမှာဘက်၌ ရေနံချောင်း၏ တောင်ကတုံးမိုမိုတို့သည် အလှိုင်းလှိုင်း အရိုင်းရိုင်းနှင့်မှိုင်းမှိုင်း ညိုညိုရှိနေကြ၏။ တောင်ကတုံးတို့ထက်တွင် အရင်းကား၍ အဖျားရှူးသော ရေနံစင်မည်းမည်းတို့သည် မြင့်မြင့်မားမား စိုးစိုးမိုးမိုး ထိုးထိုးထောင်ထောင် ရပ်တည်နေကြ၏။

ချောင်း၏ ဟိုမှာဘက်ကမ်း လည်တောင်တင် ကုန်းမြင့်မြေထက်မှခင်တန်းနှင့် တောစုစုတို့ကား ဆောင်းဥတုတွင် မြရောင်နုနုနှင့် ရွှန်းသစ်လန်းဆန်းနေကြလေ၏။

ချောင်းပြင်နှင့် ရေယဉ်ကို ဖြတ်ကူးထားသည့် ကားလမ်းဘေး မလှမ်းမကမ်း၌ ကိုချစ်တိုးက ကားနက် ကလေးကို စိတ်ရှည်လက်ရှည် ရေဆေးနေသည်။ သူ့အနီးတစ်ဝိုက်တွင် အဝတ်လျှော်သူ၊ ရေချိုးသူတို့လည်း ရှိနေကြ၏။

ဤမျှဘက် ချောင်းကမ်းစပ်ရှိ သစ်တစ်ပင်၏ အကိုင်းတွင် ဆင်ထားသော တန်း(ဒန်း)ထက် မလေးနွယ်က ထိုင်လျက်စီးနေသည်။ သက်ခိုင်က အားယူ၍ အားကုန် တွန်းလွှဲသောအခါ တန်းသည် သောင်ပြင်ထက် ထိုးထွက်ကာ လေတွင် မြောက်၍တက်သွားပြီး ပြန်ကျလာလျက် ဆက်ကာဆက်ကာ ရှေ့တိုးနောက်ငင် မြင့်တုံနိမ့်တုံ လှုပ်ရှားနေသည်။

မလေးနွယ်၏ စိမ်းပြာရောင်ဂါဝန်လေးသည် လေတိုးတိုင်း တဖျပ်ဖျပ် လှုပ်ရှားနေသကဲ့သို့ ဆံပင်တို့ကလည်း တလူလူတဝဲဝဲ လှုပ်ရှားလွင့်ပါးနေကြ၏။

ရှေ့အမြင့်မှ လည်းကောင်း၊ နောက်အမြင့်မှ လည်းကောင်း နိမ့်ဆင်းရွှင်ရွှင် အော်တတ်၏။

မိုးကောင်းကင်မှာ တိမ်ဖြူဆုပ် တစ်ဥနှစ်ဥ ကလွဲ၍ အပြစ်ကင်းစင်ကာလဲ့လဲ့ကြီး ပြာလွင်နေသည်။ မိုးကောင်းကင်မှ အရှိန်နှင့် စိုက်ဆင်းပြီးရေပြင်ထက် ရှပ်ပြေး၍ အမြင့်ထောင်ကာ ပျံတက်နေကြသည့် ငှက်ကလေးများကလည်း မလေးနွယ်၏နည်းတူ မြူးရွှင်နေကြသည်။

အမှန်မှာ သူရော မလေးနွယ်ပါ ကလေးများဖြစ်ကြသဖြင့် မိုးပြာပြာ၊ ကိုနှစ်သက်ချစ်ခင်ကြသည်။ ငှက်ကလေးများကဲ့သို့ပင် ဩကာသလောက၏ လွတ်လပ်ခြင်း၌ ပျော်မွေ့ရွှင်လန်းကြသည်။ ထို့ကြောင့်လည်း မလေးနွယ်က ရေနံချောင်းသို့ ပြန်ရောက်တိုင်း သက်ခိုင်ကို ဤနေရာလေးသို့ ခေါ်လေ့ရှိသည်။ ကားမစီးချင်သော သက်ခိုင်ကလည်း ကိုချစ်တိုးကို ငွေတစ်မတ်ပေးကာ ဤနေရာလေးသို့ အမြဲတမ်း လိုက်ခဲ့၏။

ဤတန်းမှာ မနီးမဝေးရှိ တဲငယ်တစ်လုံးမှ ကလေးတို့ကစားရန်မိဘများက ဆင်ပေးထားသောတန်း ဖြစ်သည်။ ထိုမိဘများနှင့် ကိုချစ်တိုးသည် သားချင်းတော်သောကြောင့်ဤနေရာ ရောက်တိုင်း မလေးနွယ် နှင့် သက်ခိုင်တို့က အနှောက်အယှက်မရှိဘဲ တန်းစီးနိုင်ကြခြင်းဖြစ်သည်။

တန်းသည် တဖြည်းဖြည်း အရှိန်လျော့လာသောအခါ မလေးနွယ်က သဲပြင်ကို ဖိနပ်လေးများနှင့် ကပ်ဆွဲလျက် ဘရိတ်အုပ် ရပ်လိုက်ပြီး ခုန်ဆင်းလာသည်။

မလေးနွယ်သည် သက်ခိုင်၏ ပခုံးနှစ်ဖက်ကို သူ့လက်ဝါဝါလေးများနှင့် ဆုပ်ကိုင်ရင်းက ခြေလေးများ ခုန်လျက် ရယ်မောဆိုသည်။

"ပျော်စရာကောင်းလိုက်တာ မောင်လေးရာ . . . ပျော်လိုက်တာ. . ကဲ. . အခုမောင့်ကလှဲ့၊ မမနွယ် လွှဲပေးမယ်"

သက်ခိုင်က မျက်မှောင်ကြုတ်ပြီး ခေါင်းခါ၏။

"ကြည့်. . . မျက်မှောင်ကြုတ်ပြီး ခေါင်းခါပြန်ပြီ၊ မမနွယ် လွှဲပေးတာ မောင်မစီးချင်ဘူး မဟုတ်လား. . . မောင်က သိပ်. . . သိပ်. . . သိပ်မာနကြီးတာပဲ. . . ဟင်. ."

"မာနကြီးတာ မဟုတ်ပါဘူး မမနွယ်ရ၊ မောင်က ယောကျ်ားလေး၊ နင်က မိန်းကလေး၊ မိန်းကလေး လွှဲပေးတာ ယောကျ်ားလေး မစီးနိုင်ပါဘူး"

"ဆင်ခြေကြီးပဲ. . . အဲဒါလည်း မာနကြီးတာပဲပေါ့၊ မောင့်ကို မမနွယ် မခေါ်ချင်တော့ဘူး"

မလေးနွယ်က ဤတစ်ကြိမ်တွင် တကယ်စိတ်ဆိုးဟန်နှုတ်ခမ်းလေးစူပြီး ဒေါသသံနှင့် ပြော၏။

"ဆင်ခြေပြောတာ မဟုတ်ပါဘူး မမနွယ်ရာ၊ မောင်က တကယ်ပြောတာပါ၊ ပြီးတော့ မောင်က လေထဲမှာ ဒန်းမစီးချင်ဘူး၊ မြင်လား . . . ဟောဟို ရေထဲမှာ မြင်းလို သွားစိမ်နေချင်တယ်"

မလေးနွယ်က သက်ခိုင် အဟုတ်ပြော မပြော အကဲခတ်ကြည့်သည်။

နေလောင်ထားသော သက်ခိုင်၏ မျက်နှာသည် နီညိုညိုဖြစ်နေ၏။

နဖူး၌ ချွေးစို၍ လည်ပင်း၌ ချွေးစီးကျနေ၏။

သက်ခိုင်သည် အစိမ်းနှင့် အဝါကွက် ကုလားအရက်ချည်လုံချည်အကြမ်းလေးကို ဝတ်ထား၏၊ အကျီမှာ အပေါ်စား စွပ်ကျယ်စပို့ရှပ်လက်တိုအဖြူလေးဖြစ်၏။

သက်ခိုင်၏ ရင်ဘက်ကလေးနှင့် ဝမ်းဗိုက်သည် မြင့်လိုက်၊ နိမ့်လိုက်လှုပ်ရှားနေပြီး အသက်ရှူသံ ကလေးကလည်း ပြင်းနေ၏။

မလေးနွယ်ကပြုံးသည်။

"ဟုတ်ပါရဲ့. . ကြည့်စမ်း၊ မောင်မောနေပြီ၊ လာလာ. . . တို့ရေစပ်သွားထိုင်ကြရအောင်"

နှစ်ဦးသား လက်တွဲ၍ပြေးသွားကြပြီး ရေစပ်သဲပြင်ပေါ်၌ ထိုင်လိုက်ကြ၏။

မလေးနွယ်က ပြုံးပြုံးလေး သက်ခိုင်ကိုလှည့်ကြည့်ပြီး ဆိုသည်။

"စိမ်လေ. . ရေထဲစိမ်ချင်တယ်ဆို၊ ဘာလို့ထိုင်နေရတာလဲ"

"အလကား ပြောတာပါ၊ စိတ်ထဲကသာစိမ်ချင်တာ၊ တကယ်စိမ်လိုက်ရင် အပူရှပ်ပြီး မာလကိုကုပ်သွားမှာပေါ့"

သက်ခိုင်ပြောပုံကိုသဘောကျသဖြင့် မလေးနွယ်က အသံလေးများထွက်အောင်ရယ်သည်။

သက်ခိုင်က တစ်ကိုယ်လုံးကို ရေမစိမ်သော်လည်း ခြေထောက်လေးများကို ရေတွင်းနှစ်ကာ ဒူးဆစ်များရောက်အောင်စိမ်သည်။ ထို့နောက်လက်ခုပ်နှင့်ရေယူကာ မျက်နှာသစ်၏။ မျက်နှာရေစိုကိုမူ ပုဆိုးစနှင့် သုတ်ပစ်မည်ပြု၏။

"ကြည့်စမ်း. . ညစ်ပတ်လိုက်တာ၊ ပုဆိုးနဲ့မသုတ်နဲ့၊ ရော့. . . မမနွယ် လက်ကိုင်ပုဝါနဲ့သုတ်"

မလေးနွယ်သည် ဂါဝန်အင်္ကျီတစ်ဖက်အတွင်းမှ လက်ကိုင်ပုဝါလေးတစ်ထည်ထုတ်ပေးသည်။ ပန်းထိုးထား၍ လှပဖြူဖွေးသော လက်ကိုင်ပုဝါလေးကို အားမနာဘဲ သက်ခိုင်က သူ၏ ညစ်ပေသောမျက်နှာကို အားရပါးရ သုတ်နေစဉ် မလေးနွယ်ကတစ်စုံတစ်ခုကို သတိရဟန် ဝမ်းသာစွာ အော်ပြီး ဂါဝန်၏ အခြားဘက် အိတ်အတွင်းမှ အထုပ်ကလေးတစ်ခုကို နှိုက်ယူ၏၊

" ရော့. . ရော့. . မောင်လေး"

"ဘာလဲ. . မမနွယ်ရ"

" ထိုးမုန့်လေ၊ မန္တလေးထိုးမုန့်လေ၊ မောင်ကြိုက်တယ်ဆို"

သက်ခိုင်က ဝမ်းသာအားရနှင့် မုန့်ထုပ်ကလေးကို လှမ်းယူသည်။

" အင်းကြိုက်တယ်၊ သိပ်ကြိုက်တာပဲ၊ မောင်နဲ့ မမနွယ် တစ်ယောက်တစ်ဝက်စီ စားကြမယ်နော်"

"ဟင့်အင်း. . မန္တလေးမှာ မမနွယ် ခဏခဏစားရတယ်၊ အိမ်မှာလည်းစားခဲ့ပြီးပြီ၊ ပြီးတော့ ဒေါ်လေးသက်သက်ဆိုင်ကအကြော်တွေလည်းစားခဲ့တယ်၊ မမနွယ်ဗိုက်ပြည့်နေပြီ၊ မောင်လေးပဲ စားတော့နော်၊ မျက်မှောင်လည်း ကုတ်ကြည့်မနေနဲ့နော်. . ဒါပဲ. ဟင်း. . "

သက်ခိုင်သည် သူ့အစ်မ ပြောပုံကို နှစ်ခြိုက်စွာရယ်ပြီး မုန့်ကိုစား၏။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**






## ဂန့်ဂေါစာတိုက်သို့ ချောအိတ်၊ ချောစာများ ပုံမှန်ရောက်ရှိ

**ဂန့်ဂေါ ဩဂုတ် ၈**

ယခုလပိုင်းတွင်ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်ကြောင့် ဂန့်ဂေါစာတိုက်မှ ချောအိတ်၊ ချောစာများ ပေးပို့ရောက်ရှိရာ၌ အချိန်မှန်မဟုတ်ဘဲ နောက်ကျမှ ရောက်ရှိလာသည်များရှိခဲ့သော်လည်း လက်ရှိတွင် ဂန့်ဂေါ-မုံရွာ-မန္တလေးလမ်း၊ ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-ပခုက္ကူလမ်းများ ကောင်းမွန်လာပြီဖြစ်သည့်အတွက် ဩဂုတ် ၄ ရက်မှ စတင်ကာ ချောအိတ်၊ ချောစာများ ပုံမှန်ပေးပို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်တွင် ဇူလိုင် ၂၄ ရက်မှစ၍ တစ်ပတ်ကျော်ကြာ အဆက်မပြတ်ရွာသွန်းသောမိုးကြောင့် ချောင်းရေ၊ မြစ်ရေများကြီးမြင့်ခြင်း၊ လမ်းပန်းအဆက်အသွယ်များ ပြတ်တောက်သွားခြင်းများရှိခဲ့သည်။

ယင်းပြင် ဂန့်ဂေါစာတိုက်တွင် အမြန်ငွေပို့လွှာစနစ်ကို လက်ခံပေးပို့နေပြီး နေ့ချင်းရောက် အမြန်ငွေပို့လွှာဖြင့် ဆက်သွယ်ပေးပို့နိုင်သည့် စာတိုက်ပေါင်း ၃၄၃ တိုက်သို့ လက်ခံပေးပို့လျက်ရှိကြောင်း သိရသည်။

ငွေပို့လွှာပို့ခနှုန်းထားမှာ ယခင် ငွေကျပ်၁၀၀ အတွက် ၅ ကျပ် ကောက်ခံခဲ့သော်လည်း ယခုအခါတွင် ပို့ငွေကျပ် ၁၀၀ အတွက် ပြား ၅၀သာ ကောက်ခံသည့်အတွက် စာတိုက်ငွေပို့လွှာစနစ်ကို စိတ်ဝင်စားသူများပြားလာကြောင်း သိရသည်။

**(၄၆၅)**

## ကောလင်း၌ ရေဘေးသင့်ကျေးရွာများတွင် ပြန်လည်ထူထောင်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**ကောလင်း ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ဇူလိုင် ၁၇ ရက်မှ စတင်ပြီး ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်မှုကြောင့် လူသေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းခဲ့ကြောင်း သိရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရေနစ်မြုပ်ခဲ့သည့် ကျေးရွာများအားလုံးသို့ ထောက်ပံ့ငွေများနှင့် ပစ္စည်းများကို ဖြန့်ဝေပေးပြီးဖြစ်သည်။ ရေနစ်မြုပ်ပျက်စီးခဲ့သော လယ်မြေများအတွက် မျိုးစပါးတင်း၁၅၆၀၀ကို ထောက်ပံ့ဖြန့်ဖြူးပေးခဲ့ပြီး လယ်မြေ ၅၀၃ ဧကနှင့် လယ်ထွန်စက် ၅၈ စီး၊ ရေစုပ်စက်အလုံး ၇၀တို့ကိုအခမဲ့ ထွန်ယက်ပြုပြင်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ ဝမ်းပျက်၊ ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် ရေနစ်မြုပ်ခဲ့သော ကျေးရွာများအားလုံးရှိရေတွင်း ၅၄၆၉ တွင်း၊ တုံကင် ၄၃၁၅ တွင်းကို ရေစုပ်ထုတ်ခြင်း၊ ဆေးခတ်ခြင်း၊ ရေသန့်ဆေးထုပ်များကို ဆောင်ရွက် ခဲ့ပြီး ကျွဲနွား ၃၁၅ ကောင်ကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့သည်။

ရေကြီးရေလျှံကျေးရွာများရှိ ကျောင်းသားများကို ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများကို နိုင်ငံတော်မှထောက်ပံ့ ပေးခဲ့သည်။ ရေကြီးရေလျှံမှုများကြောင့် ကောလင်းမြို့နယ်၌ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိဘဲ လမ်းတံတားများကို ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ၂၄ရွာရှိ ထရန်စဖော်မာ ၁၃ လုံး ရေနစ်မြုပ်ခဲ့ရာ ၁၀ လုံးပြုပြင်ပြီးစီးပြီဖြစ်၍ ကျေးရွာ ၁၉ ရွာ လျှပ်စစ်မီးပြန်လည်သုံးစွဲနိုင်ပြီဖြစ် ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## တနင်္သာရီမြို့နယ် ပညာ့ဗိမာန်ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

**တနင်္သာရီ ဩဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းအရှေ့ရွာ အခြေခံပညာအထက်တန်းကျောင်းအနီး ကြက်လျှာစွန်းနေရာရှိ ပညာ့ဗိမာန်ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်းကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲတွင် အ. ထ. က ညောင်ပင်ကွင်း ကျောင်းအုပ်ဆရာကြီးရုံးခန်းတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မိသူဇာနှင့် ခတ်ပုံကျွမ်းကျင်(၂)ဦးထိန်ဝင်းတို့က ၎င်းပညာ့ဗိမာန်ကျောင်းစာကြည့်တိုက်အား စံငါးချက်နှင့်အညီ ရှေးရှုတည်တံ့နိုင်ရေး ထိန်းသိမ်းစောင့်ရှောက်ရေး၊ စာဖတ်သူ၊ စာအုပ်စာစောင်တိုးပွားရေး ကဏ္ဍများနှင့် စာအုပ်စာစောင်လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အုပ်စုအုပ်ချုပ်ရေးမှူး ဦးဌေးဦး က ၎င်းစာကြည့်တိုက်အဆောက်အအုံအား ဥပဓိရုပ်ကောင်းမွန်ရန် ပြန်လည်ပြုပြင်ခြင်း၊ ဆေးသုတ်ခြင်းနှင့် အမိုးသွပ်များလဲလှယ်ပေးနေပါကြောင်းနှင့် ကျောင်းအုပ်ဆရာကြီးကလည်း မိမိကျောင်းတွင် (ထက်၊ လယ်၊ မူ) ကျောင်းသူ ကျောင်းသားပေါင်း ၁၄၆၉ ဦးရှိပြီးပြင်ပဗဟုသုတ စာအုပ်၊ စာစောင်များငတ်နေသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းစာကြည့်တိုက်ဖွင့်လှစ်ပေးပြီး စာအုပ်စာစောင်များ လာရောက်လှူဒါန်းပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး စာအုပ်စာစောင်များလှူဒါန်းပေးအပ်ရာ ပညာ့ဗိမာန်စာကြည့်တိုက်မှူး ဆရာမဒေါ်မြင့်ရီက လက်ခံရယူခဲ့သည်။

၎င်းပညာ့ဗိမာန်စာကြည့်တိုက်မြေနေရာအား ညောင်ပင်ကွင်းရွာနေ အလှူရှင် ဦးဂါနီ(ခ)ဦးအောင်ဖေ ဇနီးဒေါ်အီတို့မိသားစုမှ ရာသက်ပန်စာကြည့်တိုက်မြေနေရာအဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး စာကြည့်တိုက်အဆောက်အအုံအား ဒေသခံများမှ လွှန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်သည်။

ယင်းစာကြည့်တိုက်အဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၆ ပေ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အောက်ထပ်အမြင့် ၁၀ ပေဖြစ်ကာ အောက်ထပ်တွင် ကွန်ကရစ်အကာ၊ အခင်းဖြစ်၍ အပေါ်ထပ်သည် သစ်အကာ သွပ်မိုးဖြစ်သည်။

ယင်းအပြင် အဆိုပါစာကြည့်တိုက် ဥပဓိရုပ်ကောင်းမွန်ရေး ဆေးသုတ်ရန်နှင့် ပေါက်ပြဲနေသည့် သွပ်အမိုးများကို ပြန်လည်ပြုပြင်ရန်အတွက် မြို့နယ်ပါတီအတွင်းရေးမှူး ဦးထင်ပေါ်နှင့်အဖွဲ့က ထောက်ပံ့ငွေကျပ်တစ်သိန်းတိတိ ထောက်ပံ့လှူဒါန်းခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးဦးနှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့မှ တာဝန်ယူပြုပြင်လျက်ရှိကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

■

## ဆင်ပေါင်ဝဲမြို့နယ်တွင် သီးနှံများထိခိုက်ပျက်စီးမှုဖြစ်ပေါ်

**ဆင်ပေါင်ဝဲ ဩဂုတ် ၈**

ဆင်ပေါင်ဝဲမြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင် ဧရာဝတီမြစ်ရေဝင်သည့်အတွက် ဩဂုတ် ၄ ရက်အထိ ရပ်ကွက် ၃ ရပ်ကွက်နှင့် ကျေးရွာများတွင် စပါး ၂၅ ဧက၊ နှမ်း ၉၀၇ ဧက၊ မြေပဲဧက ၂၀၊ ပဲတီစိမ်း ၃၂၁ ဧက စုစုပေါင်း ၁၂၇၃ ဧက ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

ကျွန်းကျေးရွာတွင် ပဲတီစိမ်း ၁၂၅ ဧက ပျက်စီးသွားပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၈၅၆၂၅၀၀ ဖြစ်၍ ကျန်သီးနှံများမှာ ရေကျပြီးမှသာ ပျက်စီးမှုရှိ-မရှိ သိရှိနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတို့၏ ပြောကြားချက်အရ သိရသည်။

**မျိုးမျိုး(ဆင်ပေါင်ဝဲ)**


### မွေးနေ့ဆုတောင်း

ညီမလေး မမေဇော်(ခ)စိုင်း(Grade3-A)၏ ၇-၈-၂၀၁၅ရက်တွင် ကျရောက်သော(၈)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် သက်ရှည်ကျန်းမာပြီး ထူးချွန်ထက်မြက်လိမ္မာရေးခြားရှိသော သမီးကောင်းရတနာတစ်ယောက်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကိုကို-သုတ**
**Grade-5(F)အ. လ. က(၁)ဒဂုံ**

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V TRANS FUTURE-1 V.231 သင်္ဘောသည် ၉-၈-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V HOEGH CHENNAI V. 15 သင်္ဘောသည် ၈-၈-၂၀၁၅ ရက်ခန့်တွင် ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဩဂုတ်လ ၁၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီမှ ၃နာရီထိ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)ရှိ UMFCCI Office Tower (မဂ်လာခန်းမ) ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များထံ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားပါသည်။





### ပျောက်ဆုံးကြောင်း

ကျွန်တော် ပြည့်ဖြိုးမောင် CDC No.-71087၏ 4tickets, preseaနှင့် SSA လက်မှတ်မူရင်းများ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ Ph:09-423747776

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ဂျီ၊ မြေကွက်အမှတ်-၄၇၂အိတ်ချ်/၉အက်ဖ်၊ မြေကွက်တည်နေရာအမှတ်(၆)၊ စောမဟာလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်ခင်လွင်(စီအီး-၀၄၄၇၅၃)၊ အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်လွင်(မိခင်)နှင့် ဦးဘတူး(ဖခင်)တို့အသီးသီး ကွယ်လွန်သဖြင့် ဒေါ်တင်တင်ဝင်း[၁၂/ပဘတ(နိုင်)၀၀၉၆၃၀]၊ ဒေါ်တင်တင်မြင့်[၁၂/တမန (နိုင်)၀၃၃၇၃၈]၊ ဦးကံညွန့်ဟန်[၁၂/ဗဟန(နိုင်)၀၀၇၄၉၁]တို့မှ သားသမီးအရင်းတော်စပ်ကြောင်း ၎င်းတို့မှတပါးအခြား ပိုင်ဆိုင်သူ ဆက်ခံမည့်သားသမီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### စက်ရုံဝန်ထမ်း အလိုရှိသည်

၁။ အရောင်းမန်နေဂျာ(အမျိုးသား)တစ်ဦး
- လစာ ၃သိန်းနှင့်အထက်
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်
- တက္ကသိုလ် တစ်ခုခုမှဘွဲ့ရပြီးသူ
- Marketing & Sales လုပ်ငန်းအတွေ့အကြုံရှိရန်
- လူအများနှင့်ပြောဆိုဆက်ဆံရေးကောင်းမွန်နိုင်သူဖြစ်ရမည်။
- ခရီးဝေးသွားလာနိုင်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီး၊ ကားမောင်းတတ်ရမည်။
- စက်ရုံလုပ်ငန်း အတွေ့အကြုံရှိသောသူအား ဦးစားပေးမည်။

၂။ စက်ရုံစာရင်းကိုင်(အမျိုးသမီး)တစ်ဦး
- လစာ ၂သိန်းနှင့်အထက်
- LCCI Level(1,2) အောင်မြင်ထားသူဖြစ်ရမည်။
- ကွန်ပျူတာဖြင့် ကျွမ်းကျင်စွာ စာရင်းကိုင်နိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- လချုပ်၊ နှစ်ချုပ်စာရင်းများ ရေးဆွဲနိုင်သူဖြစ်ရမည်။

အမှတ်(၁)နှင့် (၂)အတွက် လျှောက်ထားသူများသည် ရန်ကုန်လှိုင်သာယာ၊ မြစိမ်းရောင်စက်မှုဇုန်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

သွားလာနေထိုင်မှု အဆင်ပြေစေရန် ညှိနှိုင်းပေးမည်။

CV Form လျှောက်ထားလိုသူများသည်-

ရန်ကုန်ရုံးခွဲ

လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ Gate(4)၊ အကွက် No.(20)၊ လှိုင်သာယာနည်းပညာတက္ကသိုလ်အနီး

ဆက်သွယ်ရမည့်ဖုန်းနံပါတ်-၀၉-၄၄၄၀၂၇၆၆၆

မန္တလေးရုံးခွဲ

၃၆လမ်း၊ ၈၀×၈၁လမ်းကြား၊ No.167

ဆက်သွယ်ရမည့်ဖုန်းနံပါတ်-၀၉-၉၇၆၇၇၈၁၈၆

### ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်တော် ဦးသန်းထွေး(ခ)ဦးသန်းဇော်[၁၂/ဥကတ(နိုင်)၀၂၀၆၃၇]၏ဇနီး ဒေါ်ချိုချိုဦး[၁၂/ပဇတ(နိုင်)၀၀၂၄၆၆]သည် ၃-၁-၂၀၁၃ရက်တွင် ခင်ပွန်းဖြစ်သူ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ ဇနီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွေး(ခ)ဦးသန်းဇော်**

# ရေဘေးရှောင်မိသားစုများအတွက် တက္ကသိုလ်နှင့် အသင်းအဖွဲ့များမှ ထောက်ပံ့ငွေ၊ အစားအသောက်နှင့် ဆေးဝါးများလှူဒါန်း

**ညောင်ဦး သြဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ဘုန်းတော်ကြီးကျောင်း အချို့တွင် ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသော ရေဝင်အိမ်ထောင်စုများမှ မိသားစုဝင်များ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် စေတနာရှင်အလှူရှင်များက ယာယီစခန်းများ ဖွင့်လှစ်ထားပြီး သြဂုတ် ၃ ရက်မှစတင်၍ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သြဂုတ် ၅ ရက် ညနေ ၃ နာရီက မန္တလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများက ကမ္မဘုန်းတော်ကြီးကျောင်း ယာယီနားခိုစခန်းသို့ အလှူငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် ဒေါက်တာနုနုရီတို့ဦးဆောင်သော ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးပါဝင်သည့် သဘာဝဘေးအန္တရာယ်တားဆီးရေးအဖွဲ့မှ ညောင်ဦးမြို့နယ်အတွင်း ရေဝင်နစ်မြုပ်သွားသည့် ကျေးရွာများမှ အခြေခံပညာမူလတန်းကျောင်းများ ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၂၀၊ ယာယီနားခိုစခန်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းသောယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲနိုင်ရန်အတွက် ငွေကျပ်ငါးသိန်း စုစုပေါင်း ငွေကျပ် ၂၅ သိန်းနှင့် ရေသန့်ဘူး၊ အချိုရည်ဗူးများ၊ ခေါက်ဆွဲခြောက်ထုပ်များပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က လက်ခံရယူခဲ့သည်။

အဆိုပါအဖွဲ့မှာ ပထမဆုံးအကြိမ်လာရောက်လှူဒါန်းခြင်းဖြစ်ပြီး ဆက်လက်လှူဒါန်းပေးသွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအပြင် မိတ္ထီလာမြို့ မိတ္တဗလရပ်ကွက်မှ လမ်းပြကြယ်အဖွဲ့မှ ဆန်အိတ် ၂၂ အိတ်၊ ခေါက်ဆွဲခြောက်ထုပ်အကြီး ၂၄၀၊ အဝတ်အထည်မျိုးစုံ ၆၃ အိတ်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၈ သိန်းသုံးသောင်းငါးထောင်ကျပ်အားလည်းကောင်း၊ (ရေဘေးကယ်ဆယ်ရေးအတွက် လက်တစ်ဖက်ကမ်းကြမယ်)ပုဂံညောင်ဦးအသင်းမှလည်း ဆန်၊ ဆပ်ပြာ၊ အိမ်သုံးဆေးနှင့် ရေသန့်ဘူးများ စုစုပေါင်းတန်ဖိုး ငွေခြောက်သိန်းသုံးသောင်းကျော်တို့ကို သြဂုတ် ၅ ရက် နံနက်က လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကမ္မဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၂၆၄ စုရှိ တောင်ဘီကျေးရွာအုပ်စု၊ ဆယ်လံကျေးရွာမှ အိမ်ထောင်စုဝင်အချို့ ယာယီနားခိုနေထိုင်လျက်ရှိကြပြီး အနီးဝန်းကျင်ကျောင်းများဖြစ်သည့် ရတနာမာန်အောင်ကျောင်း၊ မြသီတာကျောင်း၊ ရွှေကျောင်း၊ မြို့ထောင့်ကျောင်းနှင့် နတ်ထောင့်ကျောင်း အစရှိသည့်ဘုန်းတော်ကြီးကျောင်းများတွင်လည်း နေရာဖြန့်ခွဲချထားပေးထားကြောင်း သိရသည်။

စေတနာရှင် အလှူရှင်များမှလာရောက်လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆေးဝါး၊ အဝတ်အထည်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စုတိုင်း အညီအမျှရရှိနိုင်စေရေး စနစ်တကျခွဲဝေပေးလျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ကောလင်းတွင် ချေးငွေများပေးအပ်

**ကောလင်း သြဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး ချေးငွေပေးအပ်ပွဲအခမ်းအနားကို သြဂုတ် ၆ ရက် နံနက် ၁၀ နာရီက ကောလင်းမြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင် ဦးနေဝင်း၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းထွန်းတို့က အမှာစကားပြောကြားခဲ့ကြသည်။

ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးအုန်းကြိုင်က ချေးငွေထုတ်ချေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ချေးငွေများပေးအပ်ကြရာ ကျေးရွာအုပ်စု သမဝါယမအသင်းဥက္ကဋ္ဌများက လက်ခံရယူခဲ့ကြသည်။

ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာသမဝါယမအသင်း ၁၉၄ သင်းမှ အသင်းဟောင်း ၈၂ သင်းအား ချေးငွေကျပ်တစ်သိန်းမှ ငါးသိန်း တိုးမြှင့်ထုတ်ချေးခဲ့သော အသင်းသား ၂၅၂၀ သို့ လည်းကောင်း၊ ချေးငွေလုံးဝမရရှိသေးသော သမဝါယမ ၆၇ သင်းတို့မှ အသင်းသား ၃၂၁၆ ဦးသို့လည်းကောင်း၊ ဝက်မွေးမြူရေးချေးငွေအသင်းသား ၁၃၃၉ ဦးသို့လည်းကောင်း စိုက်ပျိုးစရိတ်တိုးမြှင့်ချေးငွေနှင့် မွေးမြူရေးချေးငွေစုစုပေါင်းငွေကျပ် ၇၀၇၅ သိန်းထုတ်ချေးပေးခဲ့သည်။

**အောင်ကျော်စိုး(ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် လွိုင်လင် ပရဟိတအဖွဲ့များ ထောက်ပံ့ရေးပစ္စည်းများဖြင့်ထွက်ခွာ

**လွိုင်လင် သြဂုတ် ၈**


နိုင်ငံတစ်ဝန်းတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် ပရဟိတအဖွဲ့များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအားကူညီရန် မြို့ပေါ်ရှိပရဟိတအဖွဲ့များက သြဂုတ် ၁ ရက်မှစတင်၍ ထောက်ပံ့ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် အလှူငွေများကို လက်ခံစုစည်းကာ သြဂုတ် ၇ ရက် နံနက် ၆ နာရီခွဲက ထောက်ပံ့ပစ္စည်းများတင်ဆောင်သည့် ၁၀ ဘီးယာဉ်တစ်စီးနှင့် အခြားမော်တော်ယာဉ် ၁၄ စီးဖြင့် လွိုင်လင်မြို့မှ စတင်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်မျိုးစုံ၊ ဆေးဝါးမျိုးစုံနှင့် အလှူငွေကျပ်သိန်း ၁၀၀ ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**






**၆-၈-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာပါ ကြေညာစာမျက်နှာ(၂)**
**အများပြည်သူသိရှိစေရန်နှင့်သတိပေးတားမြစ်ခြင်းဟူ၍ တားမြစ်ထားသော**
**တရားလွှတ်တော်ရှေ့နေ ဦးတင်ကိုစော(ထီလာ)နှင့်ဒေါ်နွယ်နွယ်ထွေးတို့၏ ကြေညာချက်မှာ**
**မှားယွင်းလျက်ရှိပြီး မမှန်မကန်ကြေညာချက်သာဖြစ်ကြောင်း ဒေါ်သက်သက်မွန်နှင့်**
**အများပြည်သူသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း**

၁။ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မိုးလတ်[၁၂/တမန(နိုင်)၀၅၄၈၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေ ဦးဇော်မိုးလတ်သည် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ စွယ်တော်(၃)လမ်း၊ အမှတ်(၁၀)ဟုခေါ်တွင်သော (အလျားပေ၁၃၀×အနံပေ၉၀)ရှိ မြေကွက်အား ရောင်းချသူဒေါ်အေးအေးသန့် [၁၂/အစန(နိုင်)၁၀၀၂၀၄]၊ တိုက်(၁၁)၊ အခန်း(၂)၊ ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့နယ်နေသူထံမှ ဝယ်ယူခဲ့ရာ ၂၀-၈-၂၀၁၄ရက်တွင် အကျိုးဆောင်ရှေ့နေဦးဝင်းနိုင်ထွန်းရှေ့မှောက်တွင် အသိသက်သေအဖြစ် ဒေါ်ခင်မာဝင်း[၁၂/မဂဒ(နိုင်)၁၂၉၇၄၄]၊ ဦးမြတ်မင်း [၁၂/မဂဒ(နိုင်)၁၀၃၅၈၁]၊ ဦးတင်ထွန်းဦးနှင့်ဦးဝင်းနိုင်ထွန်းတို့က လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ပါသည်။

၃။ အထက်ဖော်ပြပါမြေကို ကျွန်ုပ်မိတ်ဆွေက ၂၀-၈-၂၀၁၄ရက်နေ့တွင် ဝယ်ယူခဲ့ပြီး ကိုယ်တိုင်ခြံစည်းရိုးဖြင့် အုတ်တံတိုင်းခတ်ခဲ့ပါသည်။ သက်သေအဖြစ်လည်းကောင်း၊ ပွဲစားအဖြစ်လည်းကောင်း ပါဝင်သူ ဒေါ်ခင်မာဝင်းက အထက်ပါကိစ္စရပ်များကို လိုက်လံဆောင်ရွက်ပေးပါသည်။ ဒေါ်ခင်မာဝင်းမှ ကျွန်ုပ်မိတ်ဆွေအုတ်တံတိုင်းခတ်ခြင်း၊ သံပန်းသံတံခါး တပ်ဆင်ခြင်း ပြုလုပ်သည့်အချိန်က ၎င်းကိုယ်တိုင်ရှိပြီး တောက်တိုမယ်ရဝိုင်းဝန်းလုပ်ကိုင်ပေးသူဖြစ်ပါသည်။

၄။ အထက်ပါကျွန်ုပ်မိတ်ဆွေဝယ်ယူပြီး အုတ်တံတိုင်းခတ်ထားသော မြေကို ကျွန်ုပ်မိတ်ဆွေမှ လက်ရောက်ရရှိခဲ့ပြီး ၂၇-၉-၂၀၁၄ရက်တွင် ဒေါ်အေးအေးသန့်ထံမှ ကျွန်ုပ်မိတ်ဆွေကို ဝယ်ယူစဉ်က ပွဲစားလုပ်ပေးခဲ့သော ဒေါ်ခင်မာဝင်းက ဒေါ်သက်သက်မွန်ဆိုသူအား ရောင်းချထားကြောင်းသိရှိရပါသည်။ ထို့ကြောင့် ပွဲစားဒေါ်ခင်မာဝင်းအနေဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးဇော်မိုးလတ်ဝယ်ယူထားသောမြေကွက်ကို ဒေါ်သက်သက်မွန်အား လိမ်လည်ရောင်းချထားကြောင်း ပေါ်ပေါက်နေပါသည်။ ဒေါ်ခင်မာဝင်းအနေဖြင့် ပိုင်ရှင်ဒေါ်အေးအေးသန့်က ဦးဇော်မိုးလတ်အား ရောင်းချစဉ်က ပွဲစားအဖြစ်လည်းကောင်း၊ သက်သေအဖြစ်လည်းကောင်း၊ ဦးမြတ်မင်းမှလည်းသက်သေအဖြစ်လည်းကောင်း စာချုပ်တွင်လက်မှတ်ရေးထိုးကြပြီး ဒေါ်သက်သက်မွန်သည် ဦးဇော်မိုးလတ်၂၀-၈-၂၀၁၄ရက်နေ့တွင် ဝယ်ယူပြီးနောက်ပိုင်း ၂၇-၉-၂၀၁၄ရက်နေ့ရောက်မှ ပွဲစားဒေါ်ခင်မာဝင်းထံမှ ဝယ်ယူထားသည်ဆိုသော ၆-၈-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာ ကြေညာစာမျက်နှာ(၂)တွင် ကြေညာထားသော ကြေညာချက်များသည် မဟုတ်မမှန်လုပ်ကြံ၍ လိမ်လည်လှည့်ဖြားချုပ်ဆိုဖော်ပြထားသော စာချုပ်များဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေဘက်မှ ဒေါ်သက်သက်မွန်၏ အကျိုးဆောင်များကြေညာချက်အပေါ် လိုက်နာဆောင်ရွက်ရန်တာဝန်မရှိကြောင်း၊ ဒေါ်ခင်မာဝင်းအနေဖြင့် ရောင်းချပိုင်ခွင့်ရှိသူမဟုတ်ကြောင်း၊ ပွဲစားသာဖြစ်ကြောင်း၊ ကျွန်ုပ်မိတ်ဆွေဦးဇော်မိုးလတ်၏ ၂၀-၈-၂၀၁၄ရက်နေ့တွင် ဝယ်ယူချုပ်ဆိုထားသော စာချုပ်၌အသိသက်သေတစ်ဦးဖြစ်ပါလျက် ဦးဇော်မိုးလတ်မသိရှိဘဲ လိမ်လည်လှည့်ဖြား အလွဲသုံးစားပြုလုပ်ထားသော စာချုပ်သာဖြစ်ကြောင်း ၆-၈-၂၀၁၅ရက်စွဲပါကြေညာချက်အား လိုက်နာရန်အကြောင်းမရှိကြောင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မိုးလတ်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ဖြူ(သုံးခွ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၈၂)**
**၂၉၂၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။**










## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၀-၈-၂၀၁၅ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၁၃-၈-၂၀၁၅ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂




နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်ကြုံတွေ့နေပါသောကြောင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာဘုရားဝင်း၊ မြိတ်ကျားကျောင်း(ဓမ္မစကူးလ်ဖောင်ဒေးရှင်း)၌ ၂၂-၈-၂၀၁၅ရက်မှ ၂၈-၈-၂၀၁၅ရက်အထိ ကျင်းပမည့် တတိယအကြိမ် နည်းပြသင်တန်းကို ရွှေ့ဆိုင်းလိုက်ပါကြောင်းနှင့် သင်တန်းပြုလုပ်မည့်ရက်ကိုလည်း ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

မှတ်ချက်။ ။ ဓမ္မစကူးလ်နည်းပြအဖြစ် ဆက်လက်လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ဂျီ၊ မြေကွက်အမှတ်-၄၇၂အိတ်ချ်/၁၀စီ၊ မြေကွက်တည်နေရာအမှတ်(၆)၊ စောမဟာလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ် ဒေါ်ခင်လွင်(CE-044753) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်လွင်(မိခင်)နှင့် ဦးဘတူး(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်တင်တင်ဝင်း[၁၂/ပဘတ(နိုင်)၀၀၉၆၃၀]၊ ဒေါ်တင်တင်မြင့်[၁၂/တမန(နိုင်)၀၃၃၇၃၈]၊ ဦးကံညွန့်ဟန်[၁၂/ဗဟန(နိုင်)၀၀၇၄၉၁]တို့မှ သားသမီးအရင်းတော်စပ်ကြောင်း၊ ၎င်းတို့မှ တစ်ပါးအခြားပိုင်ဆိုင်သူ ဆက်ခံမည့်သားသမီးတစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်ကတိ သစ္စာပြုလွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၅/၂)၊ ဇင်ယော်လမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ အဖ ဦးမောင်နီ[၁၂/ဥကတ(နိုင်)၀၈၇၃၉၀]၊ အမိ ဒေါ်သန်းလှ[၁၂/ဥကတ(နိုင်)၀၈၁၅၂၀] တို့၏ သမီးဖြစ်သူ မအိလွင်ထွန်း(ခ)မထွန်းသန့်သန့်မိုးသည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမောင်နီ-ဒေါ်သန်းလှ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၁၂၊ မြေကွက်တည်နေရာအမှတ်-၃၀၊ (၂)ရပ်ကွက်၊ မြတ်သီရိလမ်း၊ ရွှေပြည်သာမြို့နယ်၊ (ဒေါ်ကြည်ကြည်စိန်)[၁၂/ကမရ(နိုင်)၀၁၂၃၀၆]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်နှင့်အမည်ပေါက်၏ခင်ပွန်းကွယ်လွန်သဖြင့်သားသမီးများဖြစ်ကြသော ဦးအောင်ကြည်ဝင်း[၁၂/ဒဂန(နိုင်)၀၀၅၈၃၀] ဒေါ်နုနုဝေ[၁၂/ကမရ (နိုင်)၀၁၂၈၉၂]၊ ဦးအောင်ကျော်မြင့်[၁၂/ကမရ(နိုင်)၀၁၂၁၄၀]တို့မှ မိခင်၊ ဖခင်တို့၏ သေစာရင်းမိတ္တူများ၊ သားသမီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ၂၀၁၅ ခုနှစ် ဇော်တိကာအမှတ်တံဆိပ် ပါဆိုသင်္ကန်းဈေးနှုန်း

Email-contact@zawtika.com

ရေဘေးသင့်ဒေသရှိ ရဟန်းသံဃာတော်များအတွက် ပါဆိုသင်္ကန်းလှူဒါန်းလိုပါက သင်္ကန်းတစ်စုံလျှင် (၅၀၀/-)ကျပ် လျှော့၍ ကုသိုလ်ပြုပါမည်။

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

Excellent Choice Institute of Finance and Management သည်
Association of Chartered Certified Accountants (ACCA) UK
မှချီးမြှင့်သော Approved Learning Partner
(Gold Status) ကိုချီးမြှင့်ခြင်းခံရသည့်အတွက်
အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

- KHG Holding Company Limited
- Shaetho Engineering and Construction Co.,Ltd.
- Blue Ocean Operating Management Co.,Ltd.
- Thuriya Win International Co.,Ltd.
- Special Manufacturing Co.,Ltd
- Supreme Trading Co.,Ltd.
- Ray Tel Myanmar Co.,Ltd.



ကြော်ငြာ

သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

Hot Line - 01-200952

# အမ်းမြို့နယ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများဆက်သွယ်လှူဒါန်းနိုင်

01-8500750, 09-6500058

09-421722109

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇)၏ ဒုတိယအကြိမ်စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇)ကျောင်းဆင်းအရာရှိများ၏ ဒုတိယအကြိမ်စုပေါင်း ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၂၂-၈-၂၀၁၅ရက်(စနေနေ့)
အချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ
နေရာ - မိုးကုတ်ဆွမ်းစားဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ကမ္ဘာအေးကုန်းမြေ

(မိမိတို့လှူဒါန်းလိုသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်အလှူငွေများကို တစ်ပါတည်း ယူဆောင်လာ၍ လှူဒါန်းနိုင်ကြပါသည်။)

အလုပ်အမှုဆောင်အဖွဲ့



1. Manager
2. Marketing
3. Computer
4. Accountant
5. Office Staff

09-2506 41973 | 09-4210 31134 | 09-3212 1879

Fully Auto

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၃၀၃)၊ (၈)လမ်း၊ သီရိမင်္ဂလာရပ်ကွက်၊ မော်လမြိုင်မြို့နေ အဖ ဦးမောင်အေး [၁၀/မလမ(နိုင်)၀၃၇၁၀၇]၊ အမိ မနီလာမနီ(ခ)ဒေါ်ခင်နွယ်(MMN-၄၉၈၅၃၁)တို့၏သမီးဖြစ်သူ မနွယ်နီလင်း[၁၀/မလမ(နိုင်)၁၇၁၂၆၉]သည် မိဘများလက်မခံနိုင်သောကိစ္စများကို မိမိသဘောဆန္ဒအရ ပြုလုပ်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမောင်အေး၊ ဒေါ်မနီလာမနီ(ခ)ဒေါ်ခင်နွယ်

## GRACE EDUCATION Learning Center



## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားဒေါက်ရပ်ကွက်၊ ကွင်းအမှတ်(၇၀၈/ထုံးဘိုဒိုးကွင်း)၊ ဦးပိုင်အမှတ်(၇)၊ မြေယာအမှတ်(၁၈၈)၊ မြေကွက်အကျယ်အဝန်း ဧရိယာ (၃. ၃၆)ဧကအနက်မှ (၀. ၄၅၃)ဧကအား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဦးသော်တာဦး[၁၂/ဥကတ(နိုင်)၁၅၈၉၃၁]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သန္တာဝင်း **(LL.B,D.M.L)**
အထက်တန်းရှေ့နေ(စဉ်-၃၄၄၃၁)
ဖုန်း-၀၉-၂၆၀၆၀၁၀၉

## KMD Education Services



ISO | City & Guilds | Microsoft Official Learning Partner

Hotline 09 263 600450

ကြော်ငြာ

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊
(၂) **ဇီဝဗေဒ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊
(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊
(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇)တည်းခိုရေးစခန်း၊ ရွာတော်၊
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၊
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၊
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ၊
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ပြိမ်းအေးခန်းမ၊
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်၊
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၊
(ဈ) **ရန်ကုန်မြို့** အထက(၂) မင်္ဂလာဒုံ၊
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ၊
(ဌ) **မုံရွာမြို့** အထက(၂) အလုံ၊
(ဍ) **မန္တလေးမြို့** အထက(၁၈) နန်းမြို့၊
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းမြိုးခန်းမ၊

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဝန်ထမ်းအမြန်အလိုရှိသည်

နိုင်ငံတကာအဆင့်မီ အထပ်မြင့်အဆောက်အအုံများကို နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းတည်ဆောက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့်ပုဂ္ဂိုလ်များလျှောက်ထားနိုင်သည်-

- M & E Manager ကျား(၁)ဦး
- ME, BE, B Tech(Electrical, Mechanical) ဘွဲ့ရဖြစ်ရမည်။
- အသက် (၃၅)နှစ်မှ (၅၅)နှစ်အတွင်း ဖြစ်ရမည်။
- Electrical/Plumbing/Sanitary/ Fire Protection System/Maintenance/ M&E Installation လုပ်ငန်းများအား ဦးဆောင်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- နိုင်ငံခြားသားများနှင့် ပြောဆိုဆက်ဆံလုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခြင်း အတွေ့အကြုံ (၅)နှစ်နှင့်အထက် ရှိရမည်။

လျှောက်ထားရမည့်လိပ်စာ-(ဝန်ထမ်းစီမံရေးရာဌာန) ၂၃/C၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၈၆၀၅၀၀၃၊ ၀၁-၈၆၀၅၀၀၄၊ ၀၁-၈၆၀၅၀၄၄၊ ၀၁-၈၆၀၅၀၄၅(လိုင်းခွဲ ၀-၂၁၇)

**Email address:hrdeptmgw@gmail.com**


## “မြတ်နိဗ္ဗာန်သက်န်းတိုက် အမည်အမှတ်အသားအား ဒေါ်ဝင်းသိန်း မှတ်ပုံတင်ထားသည်ကိုမသိဘဲ သုံးစွဲမိသည့်အတွက် တောင်းပန်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ရွှေလှိုင်လမ်း၊ အမှတ်-၂၁ နေ ဒေါ်ဝင်းသိန်း [၁၂/ကမတ(နိုင်)၀၄၃၃၃၉၅]က မြတ်နိဗ္ဗာန်သက်န်းတိုက် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာန မှူးရုံး၏ ၁၈-၁၂-၂၀၁၂ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(၄/၁၄၄၈၁/၂၀၁၂)အရ မှတ်ပုံတင်ပြီးဖြစ်ကြောင်း ၃၀-၇-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာပါ ကြော်ငြာချက်အရ ကျွန်မ ဒေါ်သီတာဝင်းအနေဖြင့် သိရှိရပါသည်။

သို့ပါ၍ ဖော်ပြပါမြတ်နိဗ္ဗာန်သက်န်းတိုက် အမည်အမှတ်အသားကို မူပိုင် ဒေါ်ဝင်းသိန်းမှတ်ပုံတင်ထားသည်ကိုမသိဘဲ သုံးစွဲမိသည့်အတွက် တောင်းပန်ပါကြောင်းနှင့် ဆက်လက်မသုံးစွဲတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သီတာဝင်း (ဘ)ဦးတင်လှိုင်
[၉/နထက(နိုင်)၀၀၀၁၃၄]
၃၉ လမ်း၊ ၇၉×၈၀ ကြား၊ မန္တလေးမြို့





**ဖခင် အမည်မှန်** ပိုင်းမော်မြို့နယ်၊ အထက(ခတ်ချို)၊ နဝမတန်းမှ မောင်ဟန်ဝင်းစိန်၏ဖခင် အမည်မှန်မှာ ဦးထွန်းစိန်အောင် ဖြစ်ပါသည်။

**သွေးသည်အသက်**







တစ်မိနစ်
၂၄
ကျပ် ဆိုတော့ အရင်ထက်
ဖုန်းပိုပြောနိုင်ပြီပေါ့
MPT
"SWE"
1332
SMS
CALL CENTER 106

# အရေးပေါ်အတွက် ရောက်လာတဲ့လူနာမှန်သမျှ ဓာတ်ခွဲစမ်းသပ်မှုက အခမဲ့ပါပဲ

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တွေ့ဆုံမေးမြန်းခြင်း



ယခင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရပ်ဝေးရပ်နီးမှ အရေးပေါ်လူနာများအနေဖြင့် တက်ရောက်ကုသရာတွင် အစစအရာရာ အဆင်မပြေမှုများ ကြုံတွေ့ခဲ့ကြရသည်။

ထို့ပြင် ဆေးကုသရာ၌လိုအပ်သည့် အရက်ပြန်၊ ဂွမ်း၊ ပတ်တီးနှင့် ဆေးထိုးအပ်မှအစ လူနာရှင်မှကျခံ၍ ဝယ်ယူသုံးစွဲခဲ့ရသည်။

သို့သော် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ယခုအခါ အဆင့်မြှင့်တင်မှုများလုပ်ဆောင်ခဲ့ပြီး ကျန်းမာရေးဘတ်ဂျက်မှာလည်း ပိုမိုသုံးစွဲခွင့်ရရှိလာခြင်းကြောင့် စရိတ်မျှပေးကျန်းမာရေးဝန်ဆောင်မှုများကို ဖော်ဆောင်လာနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-

**မေး။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တက်ရောက် ကုသသူတွေအနေနဲ့ အရင်က အရက်ပြန်ကအစ ပတ်တီးအဆုံး ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကျခံခဲ့ရပါတယ်။ အခုနောက်ပိုင်း ကျန်းမာရေးဘတ်ဂျက်တိုးလာပြီးတဲ့နောက် ဘယ်လိုပုံစံမျိုးနဲ့သွားနေပါသလဲ။**

ဖြေ။ အရေးပေါ်ဌာနမှာ ရောက်တဲ့လူနာကတော့ ခုဆိုရင် ဘာမှမဝယ်ရဘူး။ ကျွန်တော်တို့လိုအပ်တဲ့ ဆေးဝါးတွေ၊ သူနဲ့ဆိုင်တဲ့ အထောက်အကူပြုစမ်းသပ်တာတွေပါ။ ဥပမာ- ဓာတ်မှန်ရိုက်စရာရှိရင် ဓာတ်မှန်ရိုက်မယ်၊ အာထရာဆောင်းရိုက်စရာရှိရင် ရိုက်မယ်၊ စီတီရိုက်ဖို့လိုတယ်ဆိုရင် ရိုက်မယ်၊ MRI ရိုက်ဖို့လိုတယ်ဆိုရင် ရိုက်မယ်။ အဲဒီဟာတွေအကုန်လုံး အခမဲ့ဖြစ်ပါတယ်။ FOC ပါပဲ။ အရေးပေါ်အတွက် ရောက်လာတဲ့ လူနာမှန်သမျှ ဓာတ်ခွဲစမ်းသပ်မှုက FOC ပါပဲ။

**မေး။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ ယခင်နဲ့ယခု ကွာခြားမှုအပိုင်းလေးတွေကိုရှင်းပြပေးပါ။**

ဖြေ။ အခုဆိုရင် ဆေးတော်တော်များများကိုလည်း နိုင်ငံတော်ရဲ့ အထောက်အပံ့နဲ့ ပေးနိုင်တယ်။ နောက်ဝန်ထမ်းပိုင်းတွေ အနေနဲ့ စိတ်ဓာတ် (Mind Set) ကိုလည်း ပြုပြင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဆေးရုံကြီးအနေနဲ့ ရောဂါရှာဖွေရေးစက်တွေနဲ့ပတ်သက်ပြီး ပြီးပြည့်စုံမှုရှိပါသလား။ ဘယ်လိုစက်တွေ လိုအပ်ချက်ရှိပါသလဲ။**

ဖြေ။ စက်ကိရိယာတွေအနေနဲ့ကတော့ တော်တော်လေးပြည့်ပြည့်စုံစုံရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ CT (ကွန်ပျူတာဓာတ်မှန်)မှာဆိုရင် သူ့အမျိုးအစားအလိုက် အများကြီးရှိပါတယ်။ နောက် MRI (Magnetic Resonance Imaging)ဆိုရင် စက်နှစ်လုံးရှိတယ်။ X-Ray ဓာတ်မှန်ရိုက်တဲ့ဟာဆိုရင် ဒီမှာ အခုခေတ်ပေါ် Digital X – Ray တွေပဲ ဖြစ်နေပါပြီ။

**မေး။ ဒီစက်တွေက ဘယ်တုန်းကရောက်ရှိပါသလဲ။ စတင်အသုံးပြုတဲ့နှစ်ကို ပြောပြပေးပါ။**

ဖြေ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ စက်အသစ်တွေ စဝင်လာတယ်။ ကင်ဆာလူနာတွေကို ဓာတ်ကင်တဲ့ Linear Accelerator စက်ဆိုရင် ၂၀၁၃-၂၀၁၄ မှာတစ်လုံး၊ ၂၀၁၄-၂၀၁၅ မှာ တစ်လုံးတပ်ဆင်ပြီးသွားပြီ။ နောက်တစ်ခုက CT(ကွန်ပျူတာဓာတ်မှန်)ပါ။ ၂၀၁၃-၂၀၁၄၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



တွေ့ဆုံမေးမြန်း - သီရိ
ဓာတ်ပုံ - ဇေယျာဝင်း



ရန်ကုန်နှင့် နေပြည်တော်တို့ ယှဉ်ပြိုင်နေစဉ်။

# ထိပ်ဆုံးမှရန်ကုန်အသင်း အိမ်ကွင်း၌ နိုင်ပွဲရယူ

**ရန်ကုန် ဩဂုတ် ၈**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပသည်။

**(YUSC ကွင်း)**

ရန်ကုန် - သုံးဂိုး

နေပြည်တော် - တစ်ဂိုး

အိမ်ကွင်းတွင်ကစားရသည့် ရန်ကုန်အသင်းမှာ အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ပြီး ရမှတ်အသာဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ နေပြည်တော်ကစားသမားများမှာ လစာများမရရှိမှုကြောင့် ယခုပွဲကို မကစားဟုသတင်းများထွက်ပေါ်ခဲ့သော်လည်း နေ့လယ်ပိုင်းတွင် လစာကြွေးကျန်လေးလစာထဲမှ နှစ်လစာရရှိခဲ့သောကြောင့် ကစားခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာ ယခုရာသီတွင် နေပြည်တော်အသင်းကို နှစ်ကျော့စလုံးအနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ပထမပိုင်းတွင် အိမ်ရှင်ရန်ကုန်အသင်းဖိကစားနိုင်ခဲ့သော်လည်း နေပြည်တော်အသင်းက ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးနှစ်ကြိမ်ရရှိခဲ့ပြီး

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

## ယ နေ့ မာ တိ ကာ

**အင်အားပြင်း**

**တိုင်ဖွန်းမုန်တိုင်း “ဆော်ဒီလာ” တရုတ်(ထိုင်ပေ)တွင်**

**တိုက်ခတ်**

စာမျက်နှာ - ၁၃



ကြေးမုံ Mirror

တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL

၂၀၁၅ AUGUST ၀၂ SUNDAY

STI MYANMAR UNIVERSITY
MBA | BBA | MED | BE
www.stiedu.net
TEL : 507151/52, 377988
09250084451, 0931702299
09420254872



ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင် ၇၁/၃-၇၁/၄ ကြား တံတားအမှတ်(၃/၇၂) တွီဗန်တံတား ပေ ၂၁၀ အား ချောင်းရေတိုက်စားပျက်စီးမှုကို တွေ့ရစဉ်။

# ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းနှင့် တံတားများကို ယာယီအစီအစဉ်၊ အမြဲတမ်းအစီအစဉ်များဖြင့် ပြင်ဆင်သွားမည်ဖြစ်

မေး၊ ရေး - ညီညီထွန်း၊ ဟန်နီဝင်း

ဓာတ်ပုံ - ညီညီဟန်

**ကချင်ပြည်နယ်တွင် တံတား နှစ်စင်း၊ ကရင်ပြည်နယ်တွင် တံတား တစ်စင်း၊ ချင်းပြည်နယ်တွင် တံတား ရှစ်စင်း၊ ရခိုင်ပြည်နယ်တွင် တံတား ၁၄ စင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် တံတား နှစ်စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား ၂၇ စင်း၊ မကွေးတိုင်းဒေသကြီးတွင် တံတား တစ်စင်း၊ မန္တလေးတိုင်းဒေသကြီးတွင် တံတား ၁၄ စင်း စုစုပေါင်း တံတား ၆၉ စင်း ယခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။**

ထိုသို့ တံတားများပျက်စီးမှုအခြေအနေနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးက "ပျက်စီးသွားတဲ့ တံတားတွေထဲမှာ မိုးရေချိန်များလို့ ရေစီးနှုန်းလည်း ပြင်းထန်တဲ့အတွက် ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်း ဒေသကြီးက တံတားတွေ အများဆုံးပျက်စီးသွားပါတယ်။ ပျက်စီးတဲ့အထဲမှာ ကလေး-ဂန့်ဂေါလမ်းမှာရှိတဲ့ ကမ်းပါးနီ တံတားက ပျက်သွားတာမဟုတ်ပေမယ့် တိုင်တစ်တိုင် နိမ့်ကျသွားပါတယ်။ ကလေးဘက်က ပျက်စီးသွားတဲ့ လမ်းပိုင်းတွေအတွက်လည်း ရေလမ်းနဲ့ရော ကားလမ်းနဲ့ပါ သယ်လို့ရတဲ့ မုံရွာအထိ ပစ္စည်းတွေပို့ဆောင်ထားပြီးပါပြီ"ဟု ပြောသည်။

ဆက်လက်ပြီး တံတားများ ပြင်ဆင်ဆောင်ရွက်သွားမည့်အကြောင်းကို "ကားတွေ သွားလာနိုင်အောင် ယာယီ တံတားတွေ ဆောင်ရွက်ထားပါမယ်။ ပြီးတော့ အမြဲတမ်း သွားလာနိုင်အောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ တံတားဦးစီးဌာနအနေနဲ့ အခု ချင်း ပြည်နယ် ဟားခါးခရိုင်အတွင်းက တံတားတွေနဲ့ ကလေး ခရိုင်ထဲက တံတားတွေအတွက်လည်း ရေကျတာနဲ့ ဆောင်ရွက်သွားပါမယ်။ ရေကျနေပြီလို့လည်း ကြားသိရပါတယ်။ ပြည်သူတွေအတွက် တစ်ပတ်အတွင်းမှာ လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်သွားပါမယ်။

အခုလောလောဆယ်မှာ ရေကျသွားပေမယ့် လုပ်ငန်းဆောင်ရွက်လို့မရသေးတဲ့ အခြေအနေဆိုတာ ပြည်သူတွေကို သိရှိစေချင်ပါတယ်။ လုပ်ငန်းဆောင်ရွက်လို့ရတာနဲ့ ဆောင်ရွက်မယ်။ ဒီအတွက် လိုအပ်တာတွေကို အင်ဂျင်နီယာချုပ်တွေ အရင်သွားရောက်ပြီး လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် ချင်းပြည်နယ်အတွင်း ပျက်စီးသွားသည့် တံတားများပြင်ဆင်ရန်၊ တောင်ပြိုပြီး လမ်းပိတ်နေသည့် အခြေအနေများလည်းရှိသည့်အတွက် ပျက်စီးမှုဖြစ်ပေါ်နေသည့် တံတားများကို ချက်ချင်းပြင်ဆင်ဆောင်ရွက်ရန် အခက်အခဲရှိကြောင်းလည်း သိရသည်။

သို့သော် ချင်းပြည်နယ်တွင်ရှိသည့် တံတားအမျိုးအစားများသည် ပေ ၅၀၊ ပေ ၆၀ သာမန်တံတားအမျိုးအစားဖြစ်သည့်အတွက် လမ်းပိုင်းကောင်းမွန်သည်နှင့် တစ်ပတ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ်၏ ရန်ကုန်-စစ်တွေလမ်းပိုင်းရှိ တံတားတိုင်စင်ပြုတ်ကျပျက်စီးသွားသည့်တံတားသည် အဓိကဆက်သွယ်ရေးလမ်းပိုင်းတွင် ပါဝင်သည့်အတွက် ဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုအကြောင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ်က "ကျွန်တော်တို့ လက်ရှိအခြေအနေမှာ ရခိုင်ပြည်နယ် ရန်ကုန်-စစ်တွေလမ်းကြောင်းက တိုင်စင်ပြုတ်သွားတဲ့ တံတားကြီးရှိပါတယ်။ ဒီတံတားကို ပြင်ဆင်ဖို့အတွက်လည်း အခုကစပြီး ဆောင်ရွက်သွားပါမယ်။ ယာယီအစီအစဉ်နဲ့ ကားလေးတွေ သွားလို့ရပေမယ့် ကားကြီးတွေက နှစ်ပတ်လောက်နေမှ သွားလို့ရမယ့်အခြေအနေပါ။ အခု ကုန်တွေကို သယ်ယူတဲ့အခါ လူနဲ့ကဲ့ပြီး ကားနဲ့ဟိုဘက်သည်ဘက် ပြောင်းသယ်နေရတဲ့ အခြေအနေပါ" ဟု ပြောသည်။

"ရေဘေးသင့် တချို့ဒေသတွေမှာလည်း ပျက်စီးသွားတဲ့ တံတားတွေလည်းရှိပါတယ်။ ဥပမာ မကွေးတိုင်းဒေသကြီးအတွင်းက ပတန်း-ငဖဲ-စေတုတ္တရာလမ်းပေါ်က ပေ ၂၇၀ ရှည်တဲ့မန်းချောင်းတံတားမှာ ပေ ၁၅၀ ရေတိုက်စားပြီး ပျက်စီးသွားပါတယ်။ ဒီတံတားတွေကို ရေမကျသေးတဲ့အတွက် ဆောင်ရွက်လို့မရသေးတဲ့ အနေအထားမျိုးလည်း ဖြစ်ပါတယ်။ ရေကျတာနဲ့ အမြန်ဆုံး ဆောင်ရွက်သွားပါမယ်"ဟုလည်း ပြောကြားခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် လမ်းနှင့် တံတားများတွင် လမ်းပိုင်းများကို လမ်းဦးစီးဌာနမှလည်းကောင်း၊ တံတားများကို တံတားဦးစီးဌာနမှ လည်းကောင်း ပိုင်းခြားဆောင်ရွက်လျက်ရှိရာ ယခု သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းများ၏ အခြေအနေကို လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက ပြောကြားခဲ့သည်။

"လက်ရှိ လမ်းဦးစီးဌာနအနေနဲ့ ကလေးနဲ့ ဟားခါးကြားလမ်းပိုင်းကို ပွင့်သွားအောင်ဆောင်ရွက်နေပါတယ်။ ကလေးနဲ့ ဂန့်ဂေါအပိုင်းကို ဒုတိယဦးစားပေးဆောင်ရွက်မှာပါ။ အဲဒီမှာက ရေကမကျသေးတဲ့အတွက် ရေကျတာနဲ့ လမ်းပွင့်သွားအောင် ချက်ချင်းဆောင်ရွက်သွားပါမယ်။ ဒီလမ်းပိုင်းမှာ

စာမျက်နှာ ၂ သို့ »»

# ရေဘေးသင့်ဒေသများအတွက် Alpine ရေသန့်ဘူးများ သုံးသိန်းမှသုံးသိန်းခွဲအထိ နေ့စဉ်လှူဒါန်းနေ

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံရှိ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိသည့် ရေဘေးသင့်နေရာများကို နိုင်ငံတော်အစိုးရ ဦးဆောင်၍ ကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပရဟိတဆောင်ရွက်နေသူများကလည်း ရေဘေးသင့်ပြည်သူများကို တတ်စွမ်းသလောက်ကူညီပေးလျက်ရှိပြီး ယင်းဒေသများတွင် အဓိကလိုအပ်ချက်ဖြစ်သော သောက်သုံးရေသန့်များ လှူဒါန်းပေးနေသည့် လွယ်ဟိန်းကုမ္ပဏီမှာလည်း လှူဒါန်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

လွယ်ဟိန်းကုမ္ပဏီသည် ရန်ကုန်နှင့်မန္တလေးမြို့များရှိ Alpine ရုံးချုပ်များတွင် ရေဘေးကယ်ဆယ်ရေး စင်တာများဖွင့်လှစ်ကာ Alpine ရေသန့်များဆက်လက်လှူဒါန်းလျက်ရှိသည်။ ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ပေးပို့လှူဒါန်းနေသလို ယင်းနေရာများသို့ သွားရောက်ကူညီမည့် ပရဟိတအဖွဲ့များသို့လည်း ရေသန့်ဘူးများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၆ ရက်က တစ်လီတာ Alpine ရေသန့်ဘူး သုံးသိန်းနီးပါးလှူဒါန်းနိုင်ခဲ့သည်။ ထို့ပြင် ရုပ်ရှင်အနုပညာရှင်များကလည်း ကယ်ဆယ်ရေးစင်တာများ၌ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ လွယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက "ကျွန်တော်တို့အနေနဲ့ ရေဘေးသင့်ပြည်သူတွေကို လှူဒါန်းနိုင်ဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ ရေဘေးသင့်ပြည်သူတွေအတွက် စက်ရုံတစ်ရုံကထွက်တဲ့ Alpine ရေသန့်တစ်လီတာဘူး သုံးသိန်းကနေ သုံးသိန်းခွဲဝန်းကျင်ကို နေ့စဉ်လှူဒါန်းသွားမှာပါ။ လောလောဆယ် ဩဂုတ် ၃၁ ရက်အထိ နေ့စဉ်လှူဒါန်းသွားဖို့ စီစဉ်ထားပြီး စက်တင်ဘာလမှာလည်း ဆက်လက်လှူဒါန်းသွားမှာပါ။ တန်ဖိုးအားဖြင့်တော့ နေ့စဉ်ကျပ်သိန်း ခြောက်ရာကနေ ခုနစ်ရာလောက်ရှိပါတယ်။ ဩဂုတ် ၅ ရက်မှာတော့ ရတနာပုံအသင်းက ဘောလုံးသမားတွေက ကူညီဆောင်ရွက်ပေးခဲ့ပြီး ဩဂုတ် ၆ ရက်ကစပြီး အနုပညာရှင်တွေက ကယ်ဆယ်ရေးစင်တာတွေမှာ ကူညီပေးနေပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့က ကားနဲ့ပို့လို့ရတဲ့နေရာတွေကို ကားနဲ့၊ သင်္ဘောနဲ့ပို့လို့ရတဲ့နေရာတွေကို သင်္ဘောနဲ့၊ လေယာဉ်နဲ့ပို့လို့ရတဲ့နေရာတွေကို လေယာဉ်တွေနဲ့ ရေသန့်ဘူးတွေကို ပေးပို့လှူဒါန်းနေပါတယ်။ ဒီရက်ပိုင်းမှာလည်း ကျွန်တော်တို့ကိုယ်တိုင်ဦးဆောင်ပြီး အနုပညာရှင်တွေရယ်၊ ဘောလုံးသမားတွေနဲ့ ရေဘေးသင့်နေရာတွေကို လှူဒါန်းသွားဖို့ရှိပါတယ်။ ကျွန်တော်တို့ရဲ့ရေဘေးကယ်ဆယ်ရေးစင်တာ နှစ်ခုကို ပိတ်ရက်မရှိဖွင့်လှစ်ထားမှာဖြစ်ပြီး ငွေကြေးနဲ့ပစ္စည်းတွေ လှူဒါန်းပေးနေတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကလည်း လိုအပ်တဲ့နေရာတွေကို ပို့ဆောင်လှူဒါန်းပေးမှာပါ"ဟု ပြောကြားခဲ့သည်။

**(ဖိုးသော်ဇင်)**





## ပြန်လည်စိုက်ပျိုးရန် ထွန်စက်ကြီးများထွက်ခွာ

**အမရပူရ ဩဂုတ် ၈**

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ကူဘိုတာထွန်စက် ၃၅ စီးကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော လယ်ယာမြေများကို အချိန်မီစိုက်ပျိုးနိုင်ရန် ထွန်ယက်ဆောင်ရွက်ပေးရန်အတွက် ဩဂုတ် ၅ ရက် နံနက် ၆ နာရီက အမရပူရမြို့နယ် အမှတ်(၆၃) စက်မှုလယ်ယာစခန်းမှ စတင်ထွက်ခွာသွားကြသည်။

အဆိုပါထွန်ယက်ရေးတွင် မတ္တရာစခန်းမှ ၁၃ စီး၊ အမရပူရစခန်းမှ ၁၀ စီး၊ ပုသိမ်ကြီးစခန်းမှ ငါးစီး၊ ဝမ်းတွင်းစခန်းမှ ငါးစီး၊ ရမည်းသင်းစခန်းမှ နှစ်စီးတို့ကို ပုသိမ်ကြီးစခန်းနှင့်မတ္တရာစခန်းမှ ဒုဦးစီးများ ဦးဆောင်၍ ထွန်စက်မောင်း ၃၅ ဦး၊ စက်မောင်းခေါင်းဆောင် ခုနစ်ဦး၊ ထွန်စက်ပြင် ၁၄ ဦးတို့ဖြင့် ရေနစ်မြုပ်ခဲ့သော လယ်ယာမြေများကိုပြုပြင်ရန်အတွက် ဖွဲ့စည်း စေလွှတ်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ စေလွှတ်ရာတွင် မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှတာဝန်ရှိသူများ ဦးဆောင်၍ ဝိုင်းဝန်းဆောင်ရွက်ကြပြီး တိုင်းဦးစီးဌာနမှူးက ယခုလိုသွားရောက်၍ တာဝန်ထမ်းဆောင်ရာတွင် မိမိတို့စက်ကိရိယာများကို အချိန်နှင့်တစ်ပြေးညီ ကြံ့ခိုင်မှုရှိစေရန်၊ အမြဲစီစဉ်ဆောင်ရွက်ရန်၊ မိမိတို့၏ကျန်းမာရေးကိုလည်း ဂရုစိုက်၍ ဒေသခံတောင်သူများ၏ လယ်ယာမြေများ ဖော်ဆောင်ရာတွင် စည်းကမ်းတကျနှင့်စေတနာထား၍ ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး အဆိုပါ အဖွဲ့အတွက် စားနပ်ရိက္ခာအဖြစ် ဆန်၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးများနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးပြီး စက်ကိရိယာအပိုပစ္စည်းနှင့်ချောဆီများကိုလည်း စီစဉ်ဆောင်ရွက်ပေး၍ ဝန်ထမ်းများကို တွေ့ဆုံခဲ့ကြောင်းသိရသည်။

**(တင်တင်လှ)**

# မြန်မာနိုင်ငံတွင် မတူညီသော သဘောသဘာဝဖြင့် အထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၈

**မြန်မာနိုင်ငံတွင် မတူညီသော သဘောသဘာဝဖြင့် အထူးစီးပွားရေးဇုန်သုံးခုကိုအကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆက်အောင်က ပြောကြားလိုက်သည်။**

"အခု လောလောဆယ်မှာ ကျောက်ဖြူ၊ ထားဝယ်နဲ့ သီလဝါ အထူးစီးပွားရေးဇုန် သုံးခုရှိပါတယ်။ အထူးစီးပွားရေးဇုန်တစ်ခုနဲ့ တစ်ခု ရင်းနှီးမြှုပ်နှံမှု ပဋိပက္ခတွေများဖြစ်လာနိုင်မလားဆိုပြီး ပြောကြတာတွေရှိပါတယ်။ အမှန်က အထူးစီးပွားရေးဇုန်တွေ သုံးခုက တစ်ခုနဲ့တစ်ခု သဘော၊ သဘာဝချင်းမတူပါဘူး"ဟု ဆိုသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ - ထိုင်းအဆင့်မြင့်ကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျောက်ဖြူကတော့ မစရသေးဘူး။ သီလဝါကတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေနဲ့ သက်ဆိုင်တယ်။ ရန်ကုန်မြို့နားမှာရှိတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ အတွက်ရော၊ ရန်ကုန်တစ်ဝိုက်မှာရှိတဲ့ ဒေသခံလူတွေအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရစေနိုင်မယ့် ချက်ချင်းအကျိုးခံစားရမှာဖြစ်ပါတယ်" ဟု သီလဝါ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ သုံးသပ်သည်။

ထားဝယ် အထူးစီးပွားရေးဇုန်၏ ကနဦးလုပ်ငန်းစီမံကိန်းများအဖြစ် စက်မှုဇုန်လုပ်ငန်းများ၊ ကနဦး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ယာယီလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ မြို့ပြစီမံကိန်းလုပ်ငန်း၊ ဆိပ်ကမ်းငယ်လုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်းအတွက် ရေလှောင်တမံ၊ မြန်မာ-ထိုင်းနယ်စပ်သို့ ဆက်သွယ်မည့် နှစ်လမ်းသွားကားလမ်းနှင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

"ထားဝယ်ကတော့ ပြည်တွင်းက ရွှေ့ပြောင်းလုပ်သားတွေ အတွက်တင်မဟုတ်ဘဲ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာနယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းအခြေချ နေထိုင်သူတွေအတွက်ပါ အရေးကြီးတဲ့ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရွှေ့ပြောင်းလုပ်သားတွေက ထိုင်းနိုင်ငံမှာသန်းနဲ့ချီပြီး နှစ်သန်း၊ သုံးသန်းလောက်ရှိနေပါတယ်။ ဒီရွှေ့ပြောင်းအခြေချ နေထိုင်သူတွေကလည်း မြန်မာနိုင်ငံဘက် ပြန်လာတဲ့အခါ သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အဆင်သင့်ဖြစ်စေနိုင်မယ့် ရည်ရွယ်ချက်မျိုးတွေလည်း ပါပါတယ်"ဟုပြောသည်။

ထားဝယ် အထူးစီးပွားရေးဇုန်၏ ကနဦးလုပ်ငန်းများသည် လုပ်သားအခြေပြု စက်မှုဇုန်လုပ်ငန်းပေါ်တွင် ဗဟိုပြုဆောင်ရွက်သွားရန် ရည်ရွယ်သဖြင့် ဒေသတွင်းပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာလည်း ရရှိလာမည်ဖြစ်ကြောင်း ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ (၄)ကြိမ်မြောက် မြန်မာ-ထိုင်းပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးမှ သိရသည်။

"စီးပွားရေးဇုန်တွေ ရှိလာတယ်ဆိုပေမယ့် တစ်ခုနဲ့တစ်ခုရရှိမယ့် အကျိုးကျေးဇူးရော၊ ရည်ရွယ်ချက်ရော၊ မတူညီတဲ့အတွက် သူ့ကဏ္ဍနဲ့သူ အထူးစီးပွားရေးဇုန်အားလုံးဟာ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ လူနေမှုဘဝတိုးတက်ရေး အထောက်အကူဖြစ်လာမှာပါ။ မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ကုန်သွယ်မှုတွေကို အများကြီးအကျိုးပြုမယ့် စီးပွားရေးဇုန်တွေဖြစ်မယ်လို့ ပြောချင်ပါတယ်" ဟု ဦးဆက်အောင်ကဆိုသည်။

သီလဝါ အထူးစီးပွားရေးဇုန်သည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်နှင့် ကျောက်တန်းမြို့နယ်အတွင်းတွင် တည်ရှိသည်။ ရန်ကုန်မြို့လယ်မှ ၂၃ ကီလိုမီတာကွာဝေးပြီး ဆိပ်ကမ်းအနီးတွင် တည်ရှိသည်။ ထားဝယ်အထူးစီးပွားရေးဇုန်သည် ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသတွင် တည်ရှိပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ကျောက်ဖြူမြို့၏ အရှေ့တောင်ဘက်(၄)မိုင်ခန့်အကွာရှိစစ်တောနှင့် စည်မော်ကျေးရွာများအနီး တည်ရှိသည်။

**(နန္ဒာဝင်း)**

»» တနင်္ဂနွေအထူးထုတ် ရှေ့ဖုံးမှ

ဒီလမ်းပိုင်းမှာ ကားရော၊ ရထားရော သွားလို့ရတဲ့ ကမ်းပါးနီတံတားက နိမ့်ကျသွားတဲ့အတွက် ယာယီဘေလီတံတားထိုးပြီး အမြန်ဆုံးသွားနိုင်အောင် ဆောင်ရွက်သွားပါမယ်။ အမြဲတမ်းသွားလာနိုင်အောင် ပြင်ဆင်ရတဲ့ အပိုင်းအတွက်တော့ နည်းနည်းအချိန်ယူရပါမယ်။

ကျွန်တော်တို့ လမ်းဦးစီးဌာနအနေနဲ့ လမ်းပိုင်းတွေအတွက် ဆောင်ရွက်တဲ့အခါ ယာယီသွားလို့ ရအောင် ဆောင်ရွက်တာနဲ့ အမြဲတမ်းသွားလာနိုင်အောင် ဆောင်ရွက်တာ နှစ်ပိုင်းရှိပါတယ်။ ရေတိုလုပ်ငန်းလည်းဖြစ်တဲ့ အဆက်အသွယ်မပြတ်တောက်သွားအောင် ယာယီသွားလာလို့ရအောင် ဆောင်ရွက်သွားပါမယ်။ ပြီးတော့ ရေရှည်လုပ်ငန်းတွေအနေနဲ့ မူလအတိုင်းဖြစ်အောင် ဆောင်ရွက်သွားရပါမယ်" ဟု ပြောသည်။

သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသများရှိလမ်းပိုင်းများ ပျက်စီးမှုများကို အမြန်ဆုံးပြင်ဆင်နိုင်စေရန် အင်ဂျင်နီယာချုပ်နှင့် ဒုတိယအင်ဂျင်နီယာချုပ်များကို အချိန်နှင့် တစ်ပြေးညီ သွားရောက်စေခဲ့ပြီး ပြည်သူများ ဆက်သွယ်ရေးပြတ်တောက်မှု မရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရေမကျသေးတဲ့အတွက် စောင့်ပြီး လုပ်ဆောင်ရတာမျိုး ရှိပါတယ်။ အဲဒီအချိန်မှာလည်း ဆောင်ရွက်စရာရှိတာ မှန်သမျှကို ဆောင်ရွက်ထားသလို ရေကျတာနဲ့လည်း လုပ်ဆောင်လို့ ရသမျှကို အဆင့်ဆင့် လုပ်ဆောင်သွားပါတယ်။

ကျွန်တော်တို့အနေနဲ့ သဘာဝဘေးအန္တရာယ်ကို တားဆီးလို့မရပေမယ့် မူလအခြေအနေပြန်လည်ရောက်ရှိအောင် သက်ဆိုင်ရာကဏ္ဍအလိုက်အကောင်းဆုံး ဆောင်ရွက်သွားကြပါမယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အနေနဲ့လည်း တာဝန်ယူထားတဲ့ လမ်းပိုင်းတွေ အမြန်ဆုံးသွားလာနိုင်ဖို့ ယာယီသွားလာနိုင်စေမယ့် နည်းလမ်းရော၊ အမြဲတမ်းသွားလာနိုင်မယ့် နည်းလမ်းအတွက်ရော ဆောင်ရွက်သွားပါမယ်"ဟုလည်း ပြောကြားသည်။

ထိုသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် လမ်းနှင့် တံတားများ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ပြည်သူများသိရှိစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Website တွင် ဖော်ပြပေးလျက်ရှိကြောင်း သိရသည်။

ထိုအကြောင်းကို "ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ သတင်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန website မှာ အချိန်နှင့် တစ်ပြေးညီ တင်ပေးနေပါတယ်။ အဲဒီကနေတစ်ဆင့် သတင်းအခြေအနေမှန်ကို သိရှိနိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဌာနရဲ့ ဖုန်းတွေကိုဆက်သွယ်မေးမြန်းနိုင်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်က "အခုသဘာဝဘေးဖြစ်စဉ်မှာ လူမှုကွန်ရက်က တစ်ဆင့် မန္တလေးက ရတနာပုံတံတား ဘာမှမဖြစ်ဘဲ တံတားစောင်းသွားတယ်ဆိုပြီး သတင်းတွေ ပျံ့နှံ့ခဲ့တာမျိုးရှိပါတယ်။ ဒီလို လူမှုကွန်ရက်က သတင်းတွေ တက်လာတော့ ကျွန်တော်တို့ အင်ဂျင်နီယာချုပ်တွေ ရတနာပုံတံတားကို ချက်ချင်းသွားရောက် စစ်ဆေးခဲ့ပါတယ်။ တံတားက ဘာမှမဖြစ်ပါဘူး။

လူမှုကွန်ရက်ဆိုတာ သတင်းတွေ အကြောင်းအရာတွေကို အချိန်မြန်မြန်သိရတယ်။ လူမှုကွန်ရက်မှာ မှန်မှန်ကန်ကန်နဲ့ပြည်သူတွေအတွက် အကျိုးရှိတာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ပြည်သူတွေအတွက် စိုးရိမ်ပူပန်မှုတွေ၊ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်စေနိုင်တဲ့ သတင်းမှားနေတာမျိုးတွေလည်း တွေ့ရှိရပါတယ်"ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

»»» တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၄ မှ

တိုင်းဒေသကြီး/ပြည်နယ်တွေက ရရှိလာတဲ့ သတင်းအချက်အလက်တွေအရ မိုးစပါး ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်နေတဲ့ မြို့နယ် ၁၄၉ မြို့နယ်၊ ကျေးရွာအုပ်စု ၂၉၃၉ အုပ်စုက တောင်သူ တစ်သိန်းခုနစ်သောင်းကျော်ရဲ့ စိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ဧက ကိုးသိန်းကျော် ရေလွှမ်းမိုးခဲ့ပါတယ်။ အခုအချိန်မှာ ရေပြန်ပေါ်တဲ့ ဧက သုံးသိန်းကျော်ထဲက ဧကခြောက်သောင်းကျော် ပျက်စီးခဲ့ပါတယ်။

ရေနစ်မြုပ်ပြီး ပြန်ပေါ်စပါးစိုက်ခင်းတွေကို ပြန်လည်ကောင်းမွန်လာအောင်နဲ့ ပျက်စီးသွားတဲ့ စပါးစိုက်ခင်းတွေ၊ ပျိုးခင်းတွေကို ပြန်လည်ပျိုးထောင်စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အရန်မျိုးစေ့၊ အရန်ပျိုးပင်တွေကို စီစစ်ဆောင်ရွက်ထားရှိပါတယ်။

တစ်နိုင်ငံလုံးအနေနဲ့ သက်တမ်းတို အရန်မျိုးစပါးတင်း ၂၆၁၀၀၀ ကျော်နဲ့ အထူးအထွက်တိုးမျိုးစပါး ကီလို ၈၀၀၀၀ ကျော်ကိုလည်း စုဆောင်းထားရှိပြီး ဖြစ်ပါတယ်။ မျိုးစပါးဖြန့်ဖြူးမှုအနေနဲ့ ရခိုင်ပြည်နယ်ကို မျိုးစပါးတင်း ၁၅၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးကို တင်း ၁၅၅၃၀၊ မန္တလေးတိုင်းဒေသကြီးကို တင်း ၁၈၆၅၀၊ ကချင်ပြည်နယ်ကို စပ်မျိုးစပါး ကီလို ၁၃၈၀ တို့ကို ရေနစ်မြုပ်သွားတဲ့ တောင်သူတွေကို ဖြန့်ဝေပေးလျက်ရှိပါတယ်။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဌာနတွေအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်း ဒေသကြီးတွေမှာ မိုးသီးနှံများပျက်စီးမှုအနေနဲ့ ပဲတီစိမ်း ၆၇၆ ဧက၊ ပဲစင်းငုံ ၈၆၄ ဧက၊ မြေပဲ ၈၉၇ ဧက၊ နှမ်း ၇၁၆ ဧက၊ နေကြာ ၁၂၄ ဧက၊ အခြားသီးနှံ ၃၃၉၄ ဧက၊ လက်ဖက် ဧက ၁၅၀၊ အခြားနှစ်ရှည်သီးနှံ ၁၇ ဧက ပျက်စီးခဲ့ပါတယ်။ ဒီသီးနှံတွေ အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးနဲ့ အခြားဝင်ငွေရသီးနှံတွေ အစားထိုးစိုက်ပျိုးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမြင့်ဇော်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**စက်မှုလယ်ယာဦးစီးဌာန**

ရေကြီးနစ်မြုပ်သွားတဲ့ မြေဧကတွေကို အချိန်မီစိုက်ပျိုးထွန်ယက်နိုင်ဖို့ စက်မှုလယ်ယာဌာနအနေနဲ့ ဌာနပိုင်ထွန်စက်တွေနဲ့ ထွန်ယက်ပေးမှာဖြစ်သလို ရေနစ်မြုပ်သွားတဲ့ တောင်သူပိုင်လက်တွန်းထွန်စက်တွေနဲ့ ထွန်စက်ကြီးတွေကိုလည်း အချိန်မီ လုပ်ငန်းခွင်ဝင်ရောက်နိုင်အောင် ပြန်လည်ပြုပြင်ဖို့ ကျွန်တော်တို့ဌာနက ဆောင်ရွက်ပေးသွားပါမယ်။

အချိန်မီစိုက်ပျိုးနိုင်ဖို့ လယ်ယာသုံးစက်ကိရိယာဖြစ်တဲ့ ထွန်စက် အစီး ၂၇၀ ကျော်နဲ့ ထွန်ယက်နိုင်ဖို့ စုစည်းပြီးဖြစ်သလို ရေကျသွားတာနဲ့ တစ်ကွက်ပေါ်ရင်တစ်ကွက် ထွန်ယက်ပေးသွားမှာပါ။ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တွေမှာ ထွန်ယက်ပေးနေပါပြီ။

စက်များရွှေ့ပြောင်းပေးပို့ခဲ့မှုအနေနဲ့ကတော့ ရေကြီးနစ်မြုပ်ဒေသတွေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွက် မန္တလေးတိုင်းဒေသကြီးမှ ထွန်စက် ၃၅ စီး၊ နေပြည်တော်မှ ထွန်စက် အစီး ၂၀ နဲ့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ရေဦး၊ ဝက်လက် စက်မှုလယ်ယာစခန်းများမှ ထွန်စက် ၂၅ စီး စုစုပေါင်းထွန်စက် အစီး ၈၀ နဲ့ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွက် နေပြည်တော်မှ ထွန်စက် ၁၅ စီးတို့ကို ဩဂုတ်လ ၅ ရက်နေ့က ရွှေ့ပြောင်းပေးပို့ခဲ့ပါတယ်။

ရေနစ်မြုပ်ခဲ့တဲ့ ဒေသကတောင်သူတွေရဲ့ ပြုပြင်ဖို့မလိုအပ်တဲ့ လက်တွန်း ထွန်စက်တွေနဲ့ ထွန်ယက်နိုင်ရေးကိုလည်း ကူညီပံ့ပိုးနေပါတယ်။ ထွန်စက် အစီးရေ ၂၀၀၀ ကျော် နဲ့လည်း သီးနှံပျက်စီးတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ဝင်ရောက်ထွန်ယက်နိုင်ရေးအတွက် စီမံထားပါတယ်။ ရေကြီးနစ်မြုပ်တဲ့ဒေသတွေက တောင်သူတွေရဲ့ ထွန်စက်ကြီးတွေ၊ လက်တွန်းထွန်စက်တွေနဲ့ ရေစုပ်စက်တွေ ပျက်စီးနေရင်လည်း ကျွန်တော်တို့ဌာနဝန်ထမ်းတွေနဲ့ အခမဲ့ ပြုပြင်ပေးသွားမှာဖြစ်ပါတယ်။ ။

❒❒❒

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ဟားခါးမြို့ရှိ တော်လှန်ရေးရေကန်၌ ရေနုတ်မြောင်းနှင့် လမ်းများ ပြန်လည်တူးဖော်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**ဟားခါး ဩဂုတ် ၈**

လွန်ခဲ့သည့် ဇူလိုင်လကုန်ရက်ပိုင်း အတွင်း ဟားခါးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လမ်း၊ တံတားများ၊ လူနေအိမ်များ ပြိုကျပျက်စီးခဲ့ပြီး ဟားခါးမြို့ တော်လှန်ရေးရေကန်အတွင်း ရှန်းတောင်မှ ကမ်းပါးများ ပြိုကျမှုဖြစ်ပွားခဲ့သဖြင့် ယင်းနေရာ၌ ဩဂုတ် ၇ ရက် နံနက် ၈ နာရီတွင် ဟားခါးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းစုပေါင်း၍ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ ကျောက်ခင်းလမ်းများ ပြုပြင်ခင်းကျင်းခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နံနက် ၉ နာရီက ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၅၈/၂၀၁၅)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၄၁/၂၀၁၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဆင်း အမှာစကားပြောကြားရာ၌ သင်တန်းသူများ အနေဖြင့် ဤသင်တန်းတွင် သင်ကြားခဲ့သည့် ဘာသာရပ်များနှင့် ရပ်တန့်မနေဘဲ မွမ်းမံသင်တန်းများ ဆက်လက်တက်ရောက်ကြပြီး မိမိတို့ဘဝ ဝင်ငွေတိုးတက်ရေး အလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဆင့်မြင့်စက်ချုပ်သင်တန်း ထူးချွန်ဆုရ ပလက်ဝမြို့နယ် ပေမာတေရွာ မှ မအက်လီစမား အားလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ဘမောင်က အခြေခံအိမ်တွင်းမှု သင်တန်းထူးချွန်ဆုရ ထန်တလန်မြို့နယ် ဟရီဖီးကျေးရွာမှ မသော်ခဲ့ကျဲရ်ဇီး အားလည်းကောင်း၊ ကျောင်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဟားခါး မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအားလည်းကောင်း ဆုများပေးအပ်ကြပြီး အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ၁၂ ဦး၊ အခြေခံအိမ်တွင်းမှု သင်တန်းတွင် ၃၅ ဦး စုစုပေါင်း သင်တန်းသူ ၄၇ ဦး ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# ရေနစ်မြုပ် လယ်မြေများ အချိန်မီ ထွန်ယက်ပေးနိုင်ရေး စက်မှုလယ်ယာမှကူညီ

မင်းဘူး ဩဂုတ် ၈

**မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးလယ်မြေများ သီးနှံပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် အချိန်မီထွန်ယက်ပေးနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ စက်မှုလယ်ယာဦးစီးဌာနသို့ ဩဂုတ် ၆ ရက်မှစ၍ လယ်ထွန်စက်ကြီး ၅၈ စီးအသင့်ရောက်ရှိနေပြီး လက်တွန်းထွန်စက်များလည်း ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။**

ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာရှိ တောင်သူဦးထွန်းရှိန်၏ မပျက်စီးဘဲ ကျန်နေသည့် မနော်သုခစိုက်ခင်းအား စက်မှုလယ်ယာစခန်းမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ကူညီရိတ်သိမ်းပေးခြင်းနှင့် တောင်သူ ဦးထွန်းဝ၏ပျက်စီးသွားသော ရေနစ်မြုပ်လယ်မြေများကို မိုးစပါးစိုက်ပျိုးချိန်အမီ ထွန်ယက်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုလယ်ယာစခန်းက လက်တွန်းထွန်စက်ဖြင့် ကူညီထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

ရေကြီးနစ်မြုပ်သည့် ပွင့်ဖြူမြို့နယ်ရှိလယ်မြေများအားအချိန်မီ ထွန်ယက်ပေးနိုင်ရန်အတွက် ထွန်စက်များထပ်မံလိုအပ်ပါက ဌာနပိုင်ထွန်စက်များကို လုပ်ငန်းခွင်သို့ အဆင်သင့်ဝင်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။ **ဇော်ဇော် (မြို့သစ်)**

# မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရေဘေးကြောင့် အကူအညီများ လိုအပ်လျက်ရှိ

**မင်းတပ် ဩဂုတ် ၈**

၂၀၁၅ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မင်းတပ်မြို့နယ်အတွင်းရှိမလိုင်ရွာ၊ ကြာလေလှိုင်းရွာ၊ ပန်းအော့ရွာ၊ အုံ့ရွာ၊ လေရှိရွာ၊ ရှိရွာ၊ အောက်ဆာဒူးရွာများတွင် နေအိမ်ပြိုကျပျက်စီးမှု၊ ယိမ်းယိုင်မှုများ ကြုံတွေ့ရပြီး နီးစပ်ရာဆွေမျိုးများ၊ ခရစ်ယာန်ဘုရားကျောင်း၊ ဗုဒ္ဓဘုန်းတော်ကြီးကျောင်တို့တွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ယင်းကျေးရွာများအနက် အချို့သောကျေးရွာများသည် တံတားပျက်စီးမြေပြိုကျသဖြင့် လမ်းပန်းဆက်သွယ်၍မရခြင်း စသည့်အခက်အခဲများ ကြုံတွေ့ရပြီး စာနပ်ရိက္ခာအထောက်အပံ့များ လိုအပ်လျက်ရှိကြောင်း သိရသည်။ ယနေ့အထိ ဆက်သွယ်သွားလာ၍မရသဖြင့် ပျက်စီးဆုံးရှုံးမှုစာရင်း မရရှိသေးသည့် ကျေးရွာများရှိနေသေးကြောင်းသိရသည်။

ဆက်သွယ်သွားလာနိုင်သည့် ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ အသင်းအဖွဲ့များဖြင့် ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် တတ်နိုင်သည့်ဘက်မှ ကယ်ဆယ်ရေးပစ္စည်းများပေးပို့နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

❒❒

# ရေဘေးသင့် တောင်သူများအတွက် လယ်ယာမြေထွန်ယက်ရေး၊ မျိုးစပါးဖြန့်ဖြူးရေးနှင့် ပျောက်ဆုံးပျက်စီးသွားသည့် လယ်ယာမြေပိုင်ဆိုင်ခွင့်လက်မှတ်များ ပြန်လည်ထုတ်ပေးသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပြီးဖြစ်

မေး၊ ရေး
ညီညီထွန်း၊ မျိုးမြင့်၊ ဟန်နီဝင်း
ဓာတ်ပုံ - ညီမျိုးဟန်



ရေကြီးရေလျှံမှုများကြောင့် တောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးပျိုးပင်များ၊ စပါးခင်းများပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည်။ ထိုသို့ ရေကြီးရေလျှံမှုဖြစ်ရပ်များကြောင့် ပြည်သူများအနေဖြင့် ၎င်းတို့၏ ပစ္စည်းဥစ္စာများနှင့် နေအိမ်တို့ကို စွန့်ခွာပြီး ရေဘေးလွတ်ရာသို့ ရှောင်တိမ်းခဲ့ရသည်။

ယင်းဖြစ်စဉ်များကြောင့် ရေဘေးသင့်ပြည်သူများအားစိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ကျဆင်းမှုမရှိစေရန် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍအလိုက် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုများအနက် တောင်သူများ၏ အဓိကလုပ်ငန်းဖြစ်သည့် မျိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက ရေနစ်မြုပ်သွားသည့် လယ်မြေများကိုလယ်ယာသုံး ထွန်စက်များဖြင့် ပြန်လည်ထွန်ယက်ပေးသွားမည့်အခြေအနေ၊ စိုက်ပျိုးရေးဦးစီးဌာနက မျိုးစပါး ဖြန့်ဖြူးပေးသွားမည့်အခြေအနေနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း ပျောက်ဆုံးပျက်စီးမှုရှိခဲ့သော တောင်သူလယ်သမားများ၏ လယ်ယာမြေပိုင်ဆိုင်ခွင့် ပုံစံ(၇) ပြန်လည်ထုတ်ပေးသွားမည့်အခြေအနေတို့ကို ရေဘေးသင့်တောင်သူများနှင့် ပြည်သူများသိရှိနိုင်ရန် တာဝန်ရှိသူများက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

**ဦးလွှမ်းမိုး**
**ညွှန်ကြားရေးမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**

ကျွန်တော်တို့ဌာနအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို ဧရိယာအားဖြင့် ၂၃ သန်းကျော်၊ ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းလောက် ထုတ်ပေးပြီးပါပြီ။ မကြာခင်ကမိုးထူးကဲစွာ ရွာသွန်းမှုကြောင့် ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးမြေဧရိယာ ၂၉ သန်းကျော်လောက်ရှိတဲ့ အထဲက လယ်ယာမြေဧရိယာ ၁ ဒသမ ၁ သန်းကျော် ရေဖုံးလွှမ်းခံရပါတယ်။ ဒီရေဖုံးလွှမ်းခံဧရိယာတွေမှာ ရေဘေးလွတ်ကင်းရာနေရာကို ပြေးရင်းလွှားရင်းနဲ့ လယ်ယာမြေ ပိုင်ဆိုင်ခွင့် ပုံစံ ၇ ပျောက်ဆုံးပျက်စီးခဲ့တယ်ဆိုရင် ပြန်လည်ထုတ်ပေးဖို့ အဆင်သင့်ဖြစ်အောင် စီစဉ်ထားပြီးသားပါ။ အမြန်ဆုံးရရှိစေဖို့လည်း ဆောင်ရွက်ပေးသွားမှာပါ။

ထုတ်ပေးပြီးသွားတဲ့ ပုံစံ ၇ တွေရဲ့ စာရင်းမှတ်တမ်း ပုံစံ ၅ လည်း ကျွန်တော်တို့မှာ ရှိပါတယ်။ ပျက်စီးသွားတဲ့ စာရင်းတွေနဲ့ ပုံစံ ၇ တောင်းခံတင်ပြလာတဲ့ အခါ ဒီစာရင်းတွေပေါ်မှာအခြေခံပြီး အသစ်ပြန်လည်ထုတ်ပေးသွားပါ့မယ်။ ရေလွှမ်းခံရတဲ့အတွက် မြေမျက်နှာပြင် ပြောင်းလဲသွားတာမျိုးရှိနိုင်ပါတယ်။ ဒီလိုပြောင်းလဲသွားရင်လည်းမြေမျက်နှာပြင်ကို ပြန်လည်တိုင်းတာပြီး ဆောင်ရွက်ပေးသွားပါမယ်။ မြေမျက်နှာပြင် ပြောင်းလဲမှုမရှိဘူးဆိုရင်တော့ မူလစာရင်းတွေအခြေခံပြီး ထုတ်ပေးသွားပါမယ်။

တောင်သူတွေအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ ၇ အတွက် ပြန်လည်ဆောင်ရွက်တဲ့အခါ ကြန့်ကြာမှုမရှိစေဖို့ သက်ဆိုင်ရာမြို့နယ်အလိုက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ရေကြီးရေလျှံဖြစ်ပေါ်ခဲ့တဲ့ ဒေသတွေက ကျွန်တော်တို့ရုံးတွေမှာ တောင်သူလယ်သမားတွေရဲ့ စာရင်းဇယားအားလုံး ပျက်စီးမှုမရှိအောင် ထိန်းသိမ်းထားနိုင်ပါတယ်။ တတ်နိုင်သမျှလည်း ပြည့်ပြည့်စုံစုံဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ထားပါတယ်။ ဒါ့အတွက်ကြောင့် စိတ်ပူပန်မှု မဖြစ်စေချင်ပါဘူး။ နောက်တစ်ခုကလယ်ယာမြေဥပဒေအရ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေလည်း အဆင့်ဆင့်ဖွဲ့စည်းထားပါတယ်။

တောင်သူတွေအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်က တန်ဖိုးထားတဲ့အရာပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်း သေသေချာချာဆောင်ရွက်ပေးသွားပါမယ်။ အခုလို ရေကြီးရေလျှံမှုကြောင့်ပဲဖြစ်ဖြစ်၊ တခြားနည်းလမ်းတစ်ခုခုကြောင့်ပဲဖြစ်ဖြစ် ပျက်စီးသွားတယ်၊ ပျောက်ပျက်သွားတယ်ဆိုရင် ကျွန်တော်တို့ဆီမှာ မှတ်တမ်းပုံစံ ၅ ထဲမှာပါဝင်တဲ့ စာရင်းတွေနဲ့ စာရင်းထဲမှာ ပါဝင်တဲ့အတိုင်း ပြန်လည်ဆောင်ရွက်ပေးသွားပါ့မယ်။

**ဦးနိုင်ကြည်ဝင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**စိုက်ပျိုးရေးဦးစီးဌာန**

ပြီးခဲ့တဲ့ ဇူလိုင်လဆန်းမှ စတင်ပြီး မိုးရေချိန် ထူးကဲစွာရွာသွန်းခဲ့တဲ့အတွက် ရခိုင်ပြည်နယ်မှာစတင်ပြီး ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

မုတ်သုံမိုးနဲ့အတူ ဆိုင်ကလုန်းမုန်တိုင်းကိုမန် ထပ်ဆင့်ဝင်ရောက်ခဲ့တဲ့အတွက် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တွေမှာ ရေကြီးရေလျှံဖြစ်ခဲ့ပြီး စပါးပျိုးခင်းတွေ၊ စိုက်ခင်းတွေ ရေနစ်မြုပ်ခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးနဲ့ ကယားပြည်နယ်ကလွဲပြီး ကျန်တဲ့တိုင်းဒေသကြီး/ပြည်နယ် (၁၃)ခုမှာ ရေကြီးနစ်မြုပ်ခဲ့တဲ့အတွက် စပါးအပါအဝင် မိုးကြိုသီးနှံတွေ ထိခိုက်ပျက်စီးခဲ့ပါတယ်။ စာမျက်နှာ ၃ သို့ »»

# ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီဖြစ်မြောက်ရေး သက်ဆိုင်ရာက ဆက်လက်ဆောင်ရွက်လျက်ရှိ

သတင်း - ဝင်းဝင်းမော်
ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်မြို့နေ အများပြည်သူသွားလာမှုအဆင်ပြေချောမွေ့စေရေး၊ အများပြည်သူယုံကြည်အားထားနိုင်သည့် ဘတ်စ်ကားစနစ်ပေါ်ထွန်းလာစေရေးနှင့် နိုင်ငံတကာအဆင့်မီ ဘတ်စ်ကားပို့ဆောင်ရေးစနစ်စတင်နိုင်ရေးအတွက် ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီဖြစ်မြောက်ရေးကော်မတီက ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အများပြည်သူပါဝင်သည့် နိုင်ငံတကာအဆင့်မီ သယ်ယူပို့ဆောင်ရေးစနစ်ပေါ်ပေါက်လာစေရေးအတွက် လုပ်ငန်းရှင်ကြီး ငါးဦးက ရင်းနှီးငွေ အဓိကထည့်ဝင်ပြီး ပြည်သူများကလည်း အစုရှယ်ယာဝယ်ယူနိုင်ကာ အများပိုင်ကုမ္ပဏီ တည်ထောင်ဆောင်ရွက်သွားမည်ဟု အဆိုပါကုမ္ပဏီဖြစ်မြောက်ရေးအတွက် ဩဂုတ် ၃ ရက်က ကျင်းပသည့် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီဖြစ်မြောက်ရေးကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစိုးရမှ တာဝန်ပေးအပ်သည့် (က)အစုရှယ်ယာ ဒါရိုက်တာ လေးဦး၊ လုပ်ငန်းရှင်ကြီးများဘက်မှ (ခ)အစုအရှယ်ယာ ဒါရိုက်တာ ငါးဦး စုစုပေါင်း ကိုးဦးဖြင့် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းမည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရရှိပြီးဖြစ်၍ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းနှင့် ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းပါလုပ်ငန်း ရည်ရွယ်ချက်များနှင့်အညီ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်သူများထံသို့ ရှယ်ယာများခွဲဝေရောင်းသွားမည်ဖြစ်ကာ အများပိုင်ငွေများကိုလည်း ဘဏ်တွင် စနစ်တကျအပ်နှံထားမည်ဖြစ်ပြီး စာရင်းကိုင်များကိုလည်းစနစ်တကျ ခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်က ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီအဖြစ် တရားဝင်မှတ်ပုံတင် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ အများပိုင်ကုမ္ပဏီရုံးခန်းနေရာအား မထသ(မြို့တွင်း) ကျိုက္ကဆံ၌ သတ်မှတ်ထားရှိပြီးကြောင်းပြောသည်။

အဆိုပြုလမ်းကြောင်း၊ ယာဉ်ရပ်နားရန်နေရာများ သတ်မှတ်ထားရှိမှု၊ ဝန်ထမ်းများရွေးချယ်ခန့်ထားရေး၊ လစာများသတ်မှတ်နိုင်ရေးနှင့် ယာဉ်မောင်းများအား လေ့ကျင့်ပညာပေးရေးဆိုင်ရာစံပြုရမည့် အချက်များကို ဆက်လက်ဆွေးနွေးလျက်ရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်မြို့တွင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီအောက်ရှိ ယာဉ်လိုင်းများ နေ့စဉ်ဤသို့ပြေးဆွဲလျက်ရှိသည်။

## မဟာလုမ္ဗိနီ သက်န်းတိုက်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအမြန်အလိုရှိသည်

၁။ သက်န်းမော်တာစက်ချုပ်ကျွမ်းကျင် **ကျား/မ(၂၀)ဦး**
၂။သက်န်းအရည်အသွေးစစ်(QC) **ကျား/မ(၅)ဦး**

ဆက်သွယ်ရန်လိပ်စာ-အမှတ်(၅၀၇)E၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်ဖုန်း-၀၁-၅၁၄၁၃၇၊ ၀၁-၅၂၅၂၆၉၊ ၀၉-၃၀၂၄၂၄၅၈၊ ၀၉-၅၀၈၆၂၂၂။

## Seoul Motors

(1) Engineer
(2) Office Staff
(3) Marketing

အမှတ်စဉ် (1) အတွက် ထိုင်းစကား(သို့) အင်္ဂလိပ်စကားပြောတတ်သူ ဦးစားပေးမည်။ Korea Car လုပ်သက်ရှိရမည်။
(2) အတွက်English စကားပြောတတ်ရမည်။ လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။မင်္ဂလာဒုံနှင့်နီးသူ ဦးစားပေးမည်
ဆက်သွယ်ရန် No,10/4လမ်း၊ မင်္ဂလာဒုံ Ph: 09-263113172, 09-256433300

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

၈-၈-၂၀၁၅မှာ သမီးကြီး မဝတ်မှုံမင်းဦး(ခ)နိုနိုဆင့် မိသားစုနဲ့ ခွဲခွာသွားတာ(၁)လပြည့်ပြီဖြစ်ပေမယ့် တစ်ရက်မှမမေ့မရပါ။ သမီးရဲ့(၁၇)နှစ်ပြည့်မွေးနေ့နဲ့ တိုက်ဆိုင်လေတော့ ဝယ်ပေးနေကျ မွေးနေ့လက်ဆောင်အစား ဘဝသံသရာတစ်လျှောက်လုံး အထောက်အပံ့ရစေဖို့ သုံးထပ်ဆောင်သိမ်ကျောင်းတိုက် အလှူရှင်အဖြစ် ကမ္ပည်းထိုးပြီး ရေစက်ချအမျှပေးဝေလိုက်ပါတယ် ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေ-ဦးမင်းဦး(ဒုမြို့နယ်ပညာရေးမှူး)၊ မေမေ-ဒေါ်သန်းသန်းဆင့်(အလယ်ပြ)၊ မောင်လေးများ-မောင်တိုးနန္ဒ၊ မောင်ဖြိုးသုတ

**အမည်ပြောင်း**

အဖဦးညီညီ၏သား၊ ရွှေပေါက်ကံမြို့၊ အထက(၆)၊ ပဥ္စမတန်း(S)မှ မောင်ဘုန်းမြတ်ခန့်အား မောင်မင်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

တာမွေ၊ သီတာလမ်းရှိ လုပ်ငန်းလိုင်စင်ပါသော အဆင့်မြင့် Beauty Spa ရောင်းရန်ရှိသည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၉၇၃၆၂၁၈၀၈**

## Total Skin Repair ဆိုင်ခွဲ(5)

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်၊ အရေးအကြောင်းများ ပြုပြင်ရာဌာနမှ ရင်သားကြီးစေရန် ဖြည့်ပေးခြင်း၊ ရင်သားတွဲကျခြင်းကို တင်းပေးခြင်း၊ တင်ပါးချိုင့်ခြင်းကို ဖြည့်ပေးခြင်း၊ တင်ပါးလျှောကျခြင်းကို ပြုပြင်ပေးခြင်း၊ မျက်ရစ်ဖော်ပေးခြင်း(မခွဲစိတ်)၊ မျက်နှာတင်းရင်းစေရန် ကြိုးထိုးပေးခြင်း၊ အဆီချထိုးဆေးဖြင့် အဆီချပေးခြင်း၊ အသားဖြူဆေးသွင်းပေးခြင်းများကို ဝန်ဆောင်မှုပေးနေပါပြီ။

**အမှတ်(11-C) မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊**
**ရန်ကင်း အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-798734478, 09-258304048**

## ဂုဏ်ထူးပဒေသာ

စတုတ္ထတန်း: GRADE 5

အဋ္ဌမတန်း: GRADE 9

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၈)လမ်း၊တိုက်အမှတ်(၃/က)၊(ဒါဘာခန်း) အကျယ်အဝန်း(၂၂×၅၀)ပေ တိုက်ခန်းကို ကန်ထရိုက်တိုက်ဆောင်လုပ်ခွင့်ရသူ ဦးညီညီ[၁၂/မရက(နိုင်)၀၀၄၀၇၀]ထံမှ ကျွန်ုပ်မိတ်ဆွေက ၉-၆-၂၀၁၅ရက်တွင် တိုက်ခန်းတန်ဖိုးငွေကို အပြီးအပြတ်ပေးချေပြီးဖြစ်၍ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်နှစ်ဖက်သဘောတူကတိစာချုပ်ကို ချုပ်ဆိုပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်နန့်ရှုဂေးခလိန်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**တိုက် ၁၂၉၊ ၃လွှာ၊ အနော်ရထာလမ်းမကြီး၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၁၃၅၄**

SWANYEE GROUP

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် -၃၃၈ ၁/၂ မြေကွက်တည်နေရာအမှတ် (၃၃၈ ၁/၂)၊ နီလာ(၃)လမ်း၊ (ဦးကျော်ဒင်)[၁၂/ ဥကမ(နိုင်)၀၁၃၁၈၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဖခင်ဦးကျော်ဒင်၊ မိခင် ဒေါ်နှင်းလှိုင် ကွယ်လွန်သဖြင့် ဦးမင်းသူ[၁၂/ဥကမ(နိုင်)၁၅၂၄၀၄]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်